# ရှမွေလ ဓမ္မရာဇဝင်

သင်ခန်းစာ နှစ်

ရှမွေလ နှင့် ရှောလု

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗာစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွှယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇) ........ 3**

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ ........ 3**

ရှမွေလ၏အစောပိုင်းနှစ်များ (၁ ဓမ္မ ၁း၁-၂း၁၁) ........ 4

ခေါင်းဆောင်မှု အကူးအပြောင်း (၁ ဓမ္မ ၂း၁၂-၇း၁၇) ........ 9

**ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ........ 16**

ဘုရားသခင့် ပဋိညာဉ်များ ........ 17

ဘုရားသခင့် နိုင်ငံတော် ........ 19

**ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု ........ 22**

**ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ ........ 22**

ရှောလု၏ အစောပိုင်း နှစ်ကာလများ (၁ဓမ္မ ၈-၁၅) ........ 23

ခေါင်းဆောင်မှု ကူးပြောင်းခြင်း ( ၁ဓမ္မ ၁၆- ၂ဓမ္မ ၁) ........ 31

**ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ........ 45**

ဘုရားသခင့် ပဋိညာဉ်များ ........ 45

ဘုရားသခင့် နိုင်ငံတော် ........ 49

**နိဂုံး ........ 51**




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

လူတစ်စုကို ခရီးရှည် ဦးဆောင်ခဲ့ရသည့် လမ်းပြတစ်ယောက်၏ ဇာတ်လမ်းက သည်လို ဖြစ်သည်။ ပထမနေ့ ကုန်ဆုံးချိန်တွင် လူငယ်ထဲက တယောက် စောဒကတက်သည်။ "ခရီးက သိပ်ရှည်လွန်းတယ်၊ ကျွန်တော်တို့ လမ်းမှား လိုက်ခဲ့မိတာ ဖြစ်နိုင်တယ်" ဟု သူကပြောသည်။ သို့သော် လမ်းပြကတော့ စိတ်ချလက်ချ ရှိနေခဲ့သည်။ သူ့မြေပုံကို သူ ဆွဲထုတ်ပြီး ထိုနေ့၌ သူတို့ ဘယ်မှာ ရောက်နေခဲ့ပြီ ဆိုသည်ကို အုပ်စုတစ်စုလုံးအား ပြသည်။ "ကျွန်တော်တို့ လမ်းမှန်အတိုင်း အတိအကျ လိုက်ခဲ့ကြတာပါ" ဟု သူ အခိုင်အမာပြောသည်။

ရှမွေလ ဓမ္မရာဇဝင်ဆရာသည်လည်း သူ့စာစောင်ကို သူ ရေးစဉ်အခါ ပုံစံ အမျိုးမျိုးဖြင့် များစွာအလားတူ လုပ်ဆောင်ခဲ့သည်။ သူ့ကာလက ဣသရေလလူ များစွာတို့သည် သူတို့အပေါ်၌ ဒါဝိဒ် ဘုရင်ဖြစ်လာသည့်အခါ သူတို့၏ ဘိုးဘေးတို့ လမ်းမှား လိုက်ခဲ့ကြပြီလား ဆိုသည်ကို သိလိုစိတ် တဖွားဖွား ဖြစ်ခဲ့ကြသည်။ နှစ်ပေါင်းများစွာအတွင်း ဒါဝိဒ်မင်းမျိုးသည် ဣသရေလအပေါ် ကြီးကျယ်သည့် ဒုက္ခဆင်းရဲများစွာ ရောက်စေခဲ့သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင် ဆရာကတော့ စိတ်ချမြဲ စိတ်ချနေခဲ့သည်။ လမ်းမှန်ကို သူတို့ အတိအကျ လိုက်ခဲ့ကြကြောင်း သူ့စာစောင်ကို မူလ လက်ခံရရှိသူများအား သူသတိပေးခဲ့သည်။ ဒါဝိဒ် ရှင်ဘုရင် အုပ်စိုးမှုသို့ ပို့ဆောင်သောလမ်းသည် သူတို့အား ဘုရားသခင်ကိုယ်တိုင် ဦးဆောင်ခေါ်ဆောင်းခဲ့သည့်လမ်း ဖြစ်ကြောင်း သူတို့ စိတ်ချစေရန် သူရေးခဲ့ခြင်း ဖြစ်သည်။

ဤအရာသည် ရှမွေလ ဓမ္မရာဇဝင်အကြောင်း ကျွန်ုပ်တို့၏ စာစဉ်များထဲက ဒုတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "ရှမွေလ နှင့် ရှောလု" ဟူ၍ ကျွန်ုပ်တို့ ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာ ထဲတွင် ရှမွေလနှင့် ရှောလု နှစ်ဦးလုံး၏ အသက်တာများအတွင်း ဘုရားသခင်သည် ဣသရေလတို့အား လမ်းမှန်အတိုင်း ဦးဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့ စာစောင်၏ အဓိကကျသည့် အပိုင်းနှစ်ပိုင်းက မည်သို့ သွန်သင်ထားသည် ဆိုသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ထိုအခန်းကြီးများနှင့် ကျွန်ုပ်တို့ ခရစ်တော် နောက်လိုက်များ၏ အသက်တာ မည်သို့ ပတ်သက် အကျုံးဝင်သည် ဆိုသည်ကိုလည်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

ရှမွေလ၊ ရှောလုနှင့် ဒါဝိဒ် တို့သည် ကျွန်ုပ်တို့ စာစောင်၏ အဓိကကျသော အပိုင်း သုံးပိုင်းရှိ အချက်အချာနေရာများကို အသီးသီး ယူထားကြကြောင်း ပြီးခဲ့သည့် သင်ခန်းစာထဲ သင် ပြန်အမှတ်ရပါလိမ့်မည်။ ပထမအားဖြင့် ရှင်ဘုရင် အုပ်စိုးခြင်း မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို ၁ဓမ္မ ၁-၇ တွင် ကျွန်ုပ်တို့ ဖတ်ရသည်။ ထို့နောက် ၁ဓမ္မ ၈-၂ ဓမ္မ ၁ တွင် ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုအကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ နောက်ဆုံးအားဖြင့် ၂ ဓမ္မ ၂- ၂၄ တွင် ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင် အုပ်စိုးမှုအကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။



*ဗီဒီယိုများ၊ လေ့လာမှု လမ်းညွှန်များနှင့် အခြားသော အရင်းအမြစ်များစွာတို့အတွက် http://thirdmill.org/scribd သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*

နိုင်ငံတော် နှစ်ခြမ်းကွဲနေစဉ်အတွင်း သို့မဟုတ် ဘာဗုလုန် ကျွန်ခံကာလအတွင်း ဆိုးရွားပြင်းထန်လှသော စုံစမ်းနှောင့်ယှက်ခြင်းများအား ဣသရေလတို့ ကြုံနေရချိန်တွင် ရှမွေလ ဓမ္မရာဇဝင်ဆရာက သူ့စာစောင်ကို ရေးခဲ့သည်။ ထို့ပြင် အဆိုပါ ဒုက္ခကာလများအတွင်း သူ့စာစောင်ကို မူလ လက်ခံရရှိသူတို့အား သူပြောလိုသည့်အရာ များစွာ ရှိခဲ့သည်။ ပြီးခဲ့သည့် ကျွန်ုပ်တို့၏ သင်ခန်းစာတွင် သူ၏ လွှမ်းမိုးခြုံငုံသော ရည်ရွယ်ချက်အား ယခုလို ကျွန်ုပ်တို့ အကျဉ်းချုပ်ဖော်ပြခဲ့ကြသည်။

> ရှင်ဘုရင်စနစ်သို့ ဣသရေလ ကူးပြောင်းမှုသည် ဒါဝိဒ်နှင့် ဘုရားသခင်ဖွဲ့သော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ် ရောက်ခဲ့ကြောင်းနှင့် ထိုသို့သောအားဖြင့် ဣသရေလသည် ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှု၌ ဘုရားသခင့်နိုင်ငံတော်အတွက် သူတို့၏ မျှော်လင့်ချက်များကို ထားရှိနိုင်ကြကြောင်း ရှင်းပြခဲ့သည်။

တဖက်တွင်လည်း ရှမွေလ ဓမ္မရာဇဝင် ဆရာသည် သူ၏ မူလပရိသတ်အား အတိတ်ကို ဘုရားသခင့် ပဋိညာဉ်တို့၏ လှုပ်ရှားမောင်းနှင်အားများအဖြစ် ရှုမြင်စေချင်ခဲ့သည်။ ပိုတိကျအောင် ဆိုရလျှင် ရှင်ဘုရင်အုပ်စိုးမှုဆီ ဣသရေလ၏ အကူးအပြောင်းသည် ဒါဝိဒ်နှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်၌ မည်သို့ အထွတ်အထိပ်ရောက်ခဲ့ကြောင်း သူတို့ကို သူ မြင်စေချင်ခဲ့သည်။ ထို့ပြင် အခြားတဖက်တွင်လည်း ဘုရားသခင့် နိုင်ငံတော်၏ ရှေ့အနာဂတ်အတွက် သူတို့၏ မျှော်လင့်ချက်များကို ဒါဝိဒ်၏ ဖြောင့်မတ်သော မင်းမျိုး၌ ထားရှိရန် သူ့ပရိသတ်ကို တိုက်တွန်းအားပေးခြင်းဖြင့် ဘုရားသခင့် နိုင်ငံတော်အပေါ်တွင် သူစူးစိုက်ခဲ့သည်။ ဤ နှစ်ထပ်ကွမ်း ရည်ရွယ်ချက်သည် ရှမွေလနှင့် ရှောလု အကြောင်း ကျွန်ုပ်တို့ စာစောင်၏ မှတ်တမ်းထဲတွင် မည်သို့ ရှေ့တန်းရောက်လာကြောင်းကို ဤသင်ခန်းစာထဲတွင် ကျွန်ုပ်တို့ ကြည့်ကြပါမည်။

ရှမွေလ နှင့် ရှောလုတို့၏ အသက်တာများအကြောင်း ကျွန်ုပ်တို့၏ လေ့လာဖော်ထုတ်ချက်ကို အဓိကအားဖြင့် ၂ ပိုင်း ခွဲခြားကြပါမည်။ ပထမဦးစွာ ၁ ဓမ္မ ၁-၇ တွင် ပါသည့် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ထို့နောက် ၁ ဓမ္မ ၈-၂ ဓမ္မ ၁ တွင်ပါသည့် ရှောလု၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှု ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။ အဆိုပါ အပိုင်း နှစ်ပိုင်းလုံးသည် ကျွန်ုပ်တို့ စာရေးသူ၏ လွှမ်းမိုးခြုံငုံသော ရည်ရွယ်ချက်ကို ရှေ့တန်းတင်ရာတွင် အခရာကျသော အပိုင်းများ ဖြစ်ခဲ့သည်။ ၁ ဓမ္မ ၁-၇ တွင်ပါသော ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ဖြင့် အစပြုကြပါစို့။

# ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ( ၁ဓမ္မ ၁-၇)

ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ရာ၌ မြောက်ပိုင်း ဣသရေလပိုင်နက်ထဲမှ သစ္စာမဲ့သော လေဝိသားများက ဣသရေလအား ဦးဆောင်ခဲ့ကြကြောင်း တရားသူကြီး မှတ်စာ နောက်ဆုံး အခန်းကြီးများက အစီရင်ခံထားသည်။ တရားသူကြီး မှတ်စာရေးသူက ဤသို့ ဖြစ်ရခြင်းအတွက် အဓိက အကြောင်းရင်း တစ်ခု ရှိခဲ့ကြောင်း ရှင်းပြခဲ့သည်။ စာစောင် ဆုံးသည်အထိ လေးကြိမ်တိုင် သူဖော်ပြခဲ့သည့် အချက်မှာ "ထိုကာလ၌ ဣသရေရှင်ဘုရင် မရှိ၊ လူတိုင်း မိမိစိတ်အလိုရှိသည့်အတိုင်း ပြုသတည်း" ဟူ၍ ဖြစ်သည်။ ဤနောက်ခံအရ ရှမွေလ မွေးဖွားခြင်းနှင့် ကျွန်ုပ်တို့ စာစောင် အစပြုထားသည်မှာ အံ့ဩဖွယ် မရှိပါ။ ရှမွေလသည် ဣသရေလကို ရှင်ဘုရင်အုပ်စိုးမှုထဲ ဆောင်သွင်းမည့် ဣသရေလ မြောက်ပိုင်း ဒေသ လေဝိသားတစ်ဦး ဖြစ်ခဲ့သည်။

ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း ကို အဓိကနည်းလမ်း နှစ်ခုဖြင့် ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် ၎င်း၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာကို လေ့လာဖော်ထုတ်ခြင်းဖြင့် ဤစာစောင် အပိုင်း၏ မူလ အဓိပ္ပာယ်အပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ ထို့နောက် အဆိုပါ အခန်းကြီးများအား ခရစ်ယာန်ရှုထောင့်အရ လက်တွေ့ အသုံးပြုမှုများအပေါ် ဆင်ခြင်သုံးသပ်ချက်အချို့ကို ကျွန်ုပ်တို့ပေးကြပါမည်။ ရှမွေလ အကြောင်း ပထမပိုင်း၏ ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့ဖြင့် အစပြုကြပါစို့။

## ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

ရှေ့ဆက်မသွားမီ အဆိုပါ အခန်းကြီးများအတွင်း ကျွန်ုပ်တို့ တွေ့ကြရတော့မည့် အဓိက အာဘော်များကို မိတ်ဆက်ပေးခြင်းသည် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ဦးစွာ ကျွန်ုပ်တို့၏ စာရေးသူသည် ဘုရားသခင့် နိုင်ငံတော်အပေါ် စူးစိုက်ခဲ့သည်။ ရှမွေလသည် ဒါဝိဒ်ကို ရှင်ဘုရင်အဖြစ် ဘိသိတ်ပေးခဲ့ကြောင်းနှင့် ဣသရေလနယ်မြေအတွင်း ဘုရားသခင့် နိုင်ငံတော်ကို ဒါဝိဒ်မင်းမျိုးက ဦးဆောင်နိုင်ရေး ပြင်ဆင်ပေးခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် ဆရာနှင့် သူ့မူလပရိသတ်များပါ သိခဲ့ကြသည်။ သို့ရာတွင် စောစောပိုင်း ကျွန်ုပ်တို့ ဖော်ပြခဲ့သလို ကျွန်ုပ်တို့စာစောင်ကို ရေးသည့် အချိန်လောက်က ဣသရေလလူ များစွာသည် ၎င်းတို့ လမ်းမှန်လိုက်နေခဲ့ခြင်း ရှိမရှိ မေးခွန်းထုတ်ခဲ့ကြသည်။ နှစ်များစွာ အတွင်း ဒါဝိဒ် မင်းမျိုးသည် ဘုရားလူတို့အပေါ် ဆင်းရဲဒုက္ခများစွာ ရောက်စေခဲ့သည်။ ထို့ကြောင့် လမ်းမှန်ပေါ် သူတို့ ရှိနေခဲ့ကြောင်း သူ့မူလ ပရိသတ်ကို စိတ်ချမှုပေးရန်အလို့ငှာ ဒါဝိဒ်ကို ဘိသိတ်ပေးရေး ဟူသော တကယ့် ရည်ရွယ်ချက်ကြီးအတွက် ဘုရားသခင်က ရှမွေလအား မည်သို့ ပေါ်ထွန်းစေခဲ့သည်ကို ကျွန်ုပ်တို့ စာရေးသူက ပြခဲ့သည်။

ဤမှန်ကန်မှုကို တိုး၍ ခိုင်မာစေရန်အတွက် မောရှေနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်၏ လုပ်ရှားမောင်းနှင်အားများ ဟူသော ဒုတိယမြောက် ပဓာနအာဘော်ဆီသို့ သူက အာရုံစိုက်စေခဲ့သည်။ ရှမွေလကာလ ဣသရေလသည် သိနာတောင်၌ ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်၏ လှုပ်ရှားမောင်းနှင်အားများအရ ဘုရားသခင်နှင့် နှောင်ဖွဲ့ထားသည်။ ရှမွေလ အသက်ရှင်စဉ် ကာလအတွင်း ကြီးကျယ်သော ကောင်းကျိုးစေတနာများအား ဣသရေလသို့ ဘုရားသခင် မည်သို့ ပြခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ညွှန်ပြခဲ့သည်။ အထူးသဖြင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ မောရှေ ပညတ်များနှင့် စပ်လျဉ်း၍ လူသားများဖက်မှ ကျေးဇူးတင်စွာ သစ္စာစောင့်သိရန် ဘုရားသခင်၏ တောင်းဆိုချက် အပေါ်တွင်လည်း သူ အလေးပေးခဲ့သည်။ ဝတ်ပြုကိုးကွယ်ခြင်း အလေ့အထက သူတို့၏ အနာဂတ်အား သမိုင်းကြောင်းအတွင်း ဤ အခြေထိ ဆိုက်ရောက်လာအောင် မည်သို့ ပုံသွင်းလာခဲ့သည်ကို သူ ပုံဖော်ပြသခဲ့သည်။ ထို့ထက်မက ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ မောရှေ၏ ပညတ်များနှင့် စပ်လျဉ်း၍ မနာခံခြင်းအတွက် ကျိန်ခြင်းအမင်္ဂလာများ၊ နာခံခြင်းအတွက် ကောင်းချီးမင်္ဂလာများကို ဘုရားသခင် မည်သို့ သွန်းလောင်းချပေးခဲ့ကြောင်း သူ မီးမောင်းထိုးပြခဲ့သည်။ အဆိုပါ နည်းလမ်းများအရ မောရှေနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်အပေါ် စူးစိုက်ခြင်းအားဖြင့် ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်း၏ အကျိုးဆက်များကို လက်ခံရန် သူ၏ မူလ ပရိသတ်အား ကျွန်ုပ်တို့၏ စာရေးသူက တိုက်တွန်းခဲ့သည်။ ရှမွေလ အစပြုခဲ့သော လမ်းအတိုင်း ဣသရေလလူတို့ လိုက်ခဲ့ကြသည်မှာ မှန်ကန်ခဲ့ပါပေသည်။ အကြောင်းမှာ ဘုရားသခင် ကိုယ်တော်တိုင် ၎င်းကို ထူထောင်ပေးခဲ့ပြီးသောကြောင့် ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့သည် ပဓာနကျသော အဆင့်နှစ်ဆင့်နှင့် တူကြသည်။ ၎င်းသည် ၁ ဓမ္မ ၁း၁-၂း၁၁ အတွင်း ရှမွေလ၏ အစောပိုင်းနှစ်များနှင့် အစပြုသည်။ ထို့နောက် ၎င်းသည် ၂း၁၂-၇း၁၇ အတွင်း ဧလိနှင့် သူ့သားတို့ထံမှ ရှမွေလထံသို့ လေဝိခေါင်းဆောင်မှု ကူးပြောင်းသွားခြင်းဆီ ဆက်သွားသည်။ ရှမွေလ၏ အစောပိုင်းနှစ်များအတွင်း ရှမွေလ ပေါ်ထွန်းလာခြင်းနှင့်အတူ ဘုရားသခင်သည် ဣသရေလတို့အတွက် နေ့သစ်ကို အစပြုပေးခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ဖွင့်ပြခဲ့သည်။

## ရှမွေလ၏အစောပိုင်းနှစ်များ (၁ ဓမ္မ ၁း၁-၂း၁၁)

ရှမွေလ၏ အစောပိုင်းနှစ်များအကြောင်းသည် ရှမွေလ မွေးဖွားခြင်းနှင့် ရှိလောမြို့တဲတော်၌ ဘုရားသခင်ကို ဝတ်ပြုခြင်းအတွက် ရည်စူး အနုမောဒနာပြုခြင်းတို့အပေါ် စူးစိုက်ထားသည်။ ဤတစ်ခုတည်းသော ဇာတ်ကြောင်းကို ၁ ဓမ္မ ၁း၁-၂၈ အတွင်း တွေ့ရပြီး ၂း၁၁ သည် နိဂုံးချုပ် ဖော်ပြချက် ဖြစ်သည်။ ဤဇာတ်လမ်းထဲ စွဲခိုင်နေသည်မှာ ၂း၁-၁၀ တွင်ပါသော ဟန္န၏ ချီးမွမ်းသီချင်း အကြောင်း အကျယ်တဝင့် ဖော်ပြထားချက်ပင် ဖြစ်သည်။

**မွေးဖွားခြင်းနှင့် ရည်စူး အနုမောဒနာပြုခြင်း (၁ ဓမ္မ ၁း၁-၂၈၊ ၂း၁၁)** ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့်အတိုင်း ရှမွေလ မွေးဖွားခြင်းနှင့် ရည်စူး အနုမောဒနာပြုခြင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဇာတ်ကြောင်းသည် ဟန္နဟု အမည်ရသည့် မိန်းမတစ်ဦးဖြင့် အစပြုသည် ဟန္န၏ ခင်ပွန်းဖြစ်သူ ဧလကာနတွင် ဇနီး နှစ်ဦးရှိကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည် ပေနိန္နတွင် သားသမီးများစွာ ရှိသော်လည်း ဟန္နသည် အမြုံဖြစ်ခဲ့သည် သူတို့မိသားစုသည် ရှိလောမြို့ရှိ တဲတော်တွင် နှစ်စဉ် ဓမ္မစည်းဝေးပွဲများကို ပုံမှန် တက်ခဲ့ကြသည်။ အဆိုပါ ဓမ္မစည်းဝေးပွဲများတွင် ပေနိန္နသည် သားသမီး မရှိသော ဟန္နအပေါ် ရက်စက်စွာ လှောင်ပြောင်ကဲ့ရဲ့မြဲဖြစ်သည်။ ထိုထက်မက ဟန္န၏ သောကကို နားမလည်နိုင်သော ဧလကာန ကိုယ်တိုင်ကလည်း သူမအတွက် သူသည် မည်မျှပင် ပြည့်စုံအောင် ထားပေးပြီးဖြစ်ကြောင်း ဆင်ခြေပေးမြဲ ဖြစ်သည်။

အဆိုပါ ဓမ္မစည်းဝေးပွဲ တစ်ခုတွင် ဟန္နသည် သောကပရိဒေဝမီး အလွန်ပင် လောင်မြိုက်နေခဲ့ရကား မိသားစုမှ ဖယ်ခွာပြီး ဘုရားသခင်ထံ ဆုတောင်းပဌာန ပြုခဲ့သည်။ သူမအား ဘုရားသခင်က သားကို သနားမည်ဆိုပါလျှင် ဘုရားသခင် အမှုတော်အတွက် သားကို ပေး၍ တသက်လုံး အစေခံစေမည်ဟု ကတိပြုခဲ့သည်။ ၁ ဓမ္မ ၁း၁၁ တွင် "သူ၏ ဆံပင် ရိတ်ခြင်းကို အလျှင်းမပြု" ဟု သူမ ဆိုခဲ့ပြီး အဓိပ္ပာယ်မှာ တောလည်ရာ ၆း၁-၂၁ ပါ ဘုရားအမှုတော်အတွက် သီးသန့် အနုမောဒနာ ပြုခြင်းနှင့် စပ်လျဉ်းသည့် နာဇရိ သစ္စာကို သူမ လိုက်နာမည်ဟု ဆိုလိုသည်။ ဟန္န၏ ဝမ်းနည်းမှုကြီးကို ယဇ်ပုရောဟိတ် ဧလိက သတိပြုမိပြီး သူမ ဆုတောင်းနေသည်ကို စပျစ်ရည် ယစ်မူးနေသည်ဟု ယူဆခဲ့သည်။ သို့သော် ဟန္နက သူမ အပြစ်ကင်းကြောင်း ကန့်ကွက်ပြောဆိုခဲ့သည်။ သူမ၏ အဖြစ်ကို ကြားနာရပြီးနောက် ဘုရားသခင်သည် သူမအား သားသမီး ချီးမြှင့်ပေးလိမ့်မည့်အကြောင်း ဧလိက သူမအား စိတ်ချမှုပေးခဲ့သည်။

ဤ ဇာတ်ကွက် ပြီးသည့်နောက် များမကြာမီပင် ဟန္နသည် ပဋိသန္ဓေ စွဲယူပြီး သားယောကျ်ားကို ဖွားမြင်ခဲ့တော့သည်။ သူမသည် သူ့အား ရှမွေလ၊ ဟေဗြဲလို (ရှမူအဲလ်) ဟု ကင်ပွန်းတပ်သည်။ ဤအမည်သည် "အဲလ်ဟု ခေါ်သည်" ဟု ဆိုလိုဖွယ်ရှိပြီး သူ့ကို ရရန် ဘုရားသခင်ထံ သူမ အော်ဟစ်ခဲ့ကြောင်း ညွှန်ပြသည်။ ရှမွေလ နို့ကွာသောအခါ တဲတော်တွင် ယဇ်ပုရောဟိတ် ဧလိ ၏ ပုဂ္ဂိုလ်ရေး လက်ထောက်အဖြစ် ဘုရားသခင့် အမှုတော်ဆောင်ရန် သူမ၏ ကတိအတိုင်း သူ့အား ပေးအပ်ခဲ့သည်။

အရှိအတိုင်း ယူရလျှင် ရှမွေလ၏ အစောပိုင်းနှစ်များသည် ဆုတောင်းချက်အတွက် အံ့သြဖွယ် အဖြေရသဖြင့် ဘုရားသခင်ထံ ကြည်ညိုသမှုနှင့် တုန့်ပြန်သော နှိမ့်ချကျိုးနွံသည့် လေဝိ အမျိုး မိန်းမတစ်ဦး၏ ဖြစ်စဉ် အကြောင်းအရာ တစ်ခုမျှသာ ဖြစ်သည်။ သို့ရာတွင် ဟန္န၏ အတွေ့အကြုံ၌ သူမ၏ တစ်ကိုယ်ရည် အသက်တာထက် များစွာကျော်လွန်သည့် ထူးခြား အရေးပါမှုမျိုး ရှိခဲ့သည်။ ရှမွေလ မွေးဖွားခြင်းနှင့် ရည်စူး အနုမောဒနာပြုခြင်း ဇာတ်လမ်းတို့အကြား ဘုရားသခင့်အပေါ် ဟန္န ချီးမွမ်းခြင်းသီချင်း မှတ်တမ်းအား နေရာချထားခြင်းဖြင့် အဆိုပါ ပိုကြီးသည့် ထူးခြားအရေးပါမှုကို ဖော်ပြခဲ့သည်။

**ဟန္န၏ ချီးမွမ်းခြင်း (၁ ဓမ္မ ၂း၁-၁၀)** ဟန္န၏ ချီးမွမ်းခြင်းသည် မတရားသောသူတို့နှင့် နှိမ့်ချသူတို့၏ အခြေအနေများကို ဘုရားသခင့် ပဋိညာဉ်ဆိုင်ရာ ကျိန်ခြင်းအမင်္ဂလာများနှင့် ကောင်းချီးများက မည်သို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ပြန်လှည့်သွားစေသည် ဆိုသည့်အပေါ် အထူးအာရုံစိုက်ထားသည်။ တသီးတသန့်အားဖြင့် ဟန္နသည် သူမ သား မွေးခြင်းနှင့် ရည်စူး အနုမောဒနာ ပြုခြင်းများအားဖြင့် ဘုရားသခင် ပြုပေးခဲ့သမျှတို့အတွက် ချီးမွမ်းခဲ့ခြင်း ဖြစ်သည်။ နောက်ပြန်လှည့်စေသည့် ဘုရား တန်ခိုးတော်သည် ကျွန်ုပ်တို့၏ စာစောင်တလျှောက် ဤမျှလောက်ကြီးမားသော ကဏ္ဍမှ ပါဝင်နေခဲ့ရကား ဟန္န၏ ချီးမွမ်းသီချင်းသည်လည်း ရှမွေလ ဓမ္မရာဇဝင်တစ်အုပ်လုံးအတွက် ပါဝင်အကြောင်းအရာ၏ ခြုံငုံ မာတိကာကို ဧကန်အမှန်ပေးနေပေသည်။

> ၁ ဓမ္မ ရာဇဝင် အခန်းကြီး ၂ ထဲ ကျွန်ုပ်တို့ တွေ့ရသည့် ဟန္န၏ သီချင်းသည် စာစောင်၏ ကျန်အပိုင်းထဲ ပါရှိသမျှတို့ကို လမ်းခင်းပေးရာ ရောက်သောကြောင့် အမှန်ပင် လေးနက်ထူးခြားအရေးပါသည်။ ဤအထဲတွင် ရှမွေလ ဓမ္မရာဇဝင်၏ အဓိက အာဘော်များစွာကို တွေ့ရှိရသည်။ သူမ၏ သီချင်းအား ဓမ္မသစ်မှ မာရိ၏ သီချင်းနှင့် နှိုင်းယှဉ်၍ ရခြင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ဘုရားသခင်သည် တစ်ဆူတည်း ဖြစ်ကြောင်း၊ ရာဝေးသည် တစ်ပါးတည်းသာ ဖြစ်ကြောင်း မှန်ကန်ချက်ကို သီချင်းနှစ်ပုဒ်လုံးတွင် ဖော်ပြထားသည်။ သူသည် ကယ်တင်နိုင်သော တစ်ပါးတည်းသောသူ ဖြစ်သည်။ ဟန္န၏ သီချင်းထဲ တွေ့ရသည့် အခြားသော အာဘော်တစ်ခုမှာ ဖြစ်နိုင်ခြေမရှိသူများ၊ ဆင်းရဲသားများ၊ ကျိုးပဲ့ကြေမွနေသူများ၊ အပစ်ပယ်ခံများကို ဘုရားသခင် အသုံးပြုကြောင်း အယူအဆပင် ဖြစ်သည်။ ဟုတ်ပါသည်။ အဆိုပါ အာဘော်သည် သမ္မာကျမ်းတလျှောက် တွေ့ရသည့် အာဘော်လည်း ဖြစ်ပါသည်။ ဘုရားသခင့် အစွမ်းတန်ခိုးသည် ကျွန်ုပ်တို့၏ အားနည်းခြင်း၌ ပေါ်လွင်ထင်ရှားသည်။ သို့ဖြစ်၍ နိုင်ငံတော် လွတ်ခြင်းအခွင့်ရရေးအတွက် ဘုရားသခင်သည် သူမအား အသုံးပြုခဲ့ပြီးဖြစ်သည့်အပေါ် ကိုယ်တော်အား သူမ ချီးမွမ်းသည်နှင့်အမျှ ထိုအာဘော်သည် ယေဘူယျအားဖြင့် စာစောင်တလျှောက် စီးဆင်းနေကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။
>
> **ဒေါက်တာ John Oswalt**

၁ ဓမ္မ ၂း၁-၁၀ ပါ ဟန္န၏ ချီးမွမ်းခြင်း မှတ်တမ်းကို ကျွန်ုပ်တို့ သုံးပိုင်းခွဲနိုင်သည်။ ရှမွေလ စာစောင် အစောပိုင်း အခန်းကြီးများထဲ ကျွန်ုပ်တို့ တွေ့ရသည်နှင့် များစွာအလားတူ ဟန္န၏ သီချင်းသည် သူမ၏ တစ်ကိုယ်ရည် အတွေ့အကြုံအတွင်း ဘုရားသခင်ပြုခဲ့သမျှနှင့် အစပြုသည်။ အခန်းငယ် ၁ တွင် "ငါ့စိတ်နှလုံးသည် ထာဝရ ဘုရားကို အမှီပြု၍ ရွှင်လန်းလျက် .... ငါ့ရန်သူတို့အား ဝါကြွားသော စကားကို ပြောရ၏"။ သူမ၏ အခြေအနေများအား ဘုရားသခင်က မည်သို့ ပြောင်းပြန်ဖြစ်သွားစေခဲ့သည်ကို ဟန္နကိုယ်တိုင် မျက်စိဖြင့် တတ်အပ်မြင်ခဲ့ရပြီး ဖြစ်သည်။ ရှိလော၌ ပေနိန္န၏ သဘောထားမမှန်သော ဝတ်ပြုကိုးကွယ်ခြင်းကြောင့် ကိုယ်တော်သည် သူမ၌ အရှက်တကွဲ အမင်္ဂလာဖြစ်စေခဲ့သည်။ ဟန္န



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုမူကား သူမ၏ သစ္စာရှိသော ဝတ်ပြုကိုးကွယ်ခြင်းကြောင့် သားဖွားရခြင်း ကောင်းချီးမင်္ဂလာဖြင့် သူမအား ပျော်ရွှင်စေခဲ့သည်။

ဤအရာနှင့်တကွ အလားတူ ကျွန်ုပ်တို့ စာစောင်၏ ရှေ့လာမည့် အခန်းကြီး အတော်များများ ပြီးသည့်နောက် ဟန္န၏ သီချင်းသည် သူမ၏ တစ်ကိုယ်ရည် အတွေ့အကြုံမှသည် ယေဘူယျအားဖြင့် ဣသရေလ နိုင်ငံတစ်ခုလုံးဆီသို့ ကျယ်ပြန့်သွားသည်။ အခန်းငယ် ၂-၈ အတွင်းတွင် ဟန္နက ဘုရားသခင်သည် ကျိန်ခြင်းနှင့် ကောင်းချီးတို့ကို ကျယ်ကျယ်ပြန့်ပြန့် သွန်းလောင်းခဲ့သည်နှင့်အမျှ လူများစွာ၏ အခြေအနေများကို ပြောင်းပြန်ဖြစ်စေမည့် အကြောင်း သူမ၏ စိတ်ချမှုကို ဖော်ပြခဲ့သည်။ ၁ ဓမ္မ ၂း၇-၈ ပါ ဟန္န၏ စကားများကို နားထောင်ကြည့်ပါ။

> ဆင်းရဲစေခြင်းငှာ၎င်း၊ ရတတ်စေခြင်းငှာ၎င်း၊ ထာဝရဘုရား ပြု၍ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သောအခွင့် ရှိတော်မူ၏။ ဆင်းရဲသောသူကို မြေမှုန့်ထဲကၢ၎င်း၊ ငတ်မွတ်သောသူကို နောက်ချေးပုံထဲက၎င်း ချီးမြှောက်၍ မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊ ဘုန်းကြီးသော ပလ္လင်ကို အမွေခံရသော အခွင့်ကို ပေးတော်မူ၏ (၁ ဓမ္မ ၂း၇-၈)။

ပြောင်းပြန်ဖြစ်စေသော ဘုရားသခင့် ပေးကမ်းထောက်ပံ့မှု၏ ပိုမို ကျယ်ပြန့်သောဤပုံစံသည် လာမည့် ဣသရေလ ခေါင်းဆောင်မှု အကူးအပြောင်းများကို ကြိုတင်မျှော်တွေးထားခဲ့သည်။ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ရမှာဖြစ်သလို ဘုရားသခင်သည် ဧလိ၏ မိသားစုကို ကျိန်ခဲ့ပြီး ရှမွေလကို ကောင်းချီးပေးခဲ့သည်။ ထို့ပြင် နောက်ပိုင်း၌ ဘုရားသခင်သည် ရှောလုနှင့် သူ့သားမြေးတို့အား ကျိန်ခဲ့ပြီး ဒါဝိဒ်နှင့် သူ့နန်းဆက်ကို ကောင်းချီးပေးခဲ့သည်။

အဆုံးသတ်အားဖြင့် ကျွန်ုပ်တို့ စာစောင်၏ နောက်ဆုံး အဓိကအပိုင်းက ဒါဝိဒ်၏ မြဲမြံသော ရှင်ဘုရင်အုပ်စိုးမှုအပေါ် စူးစိုက်ထားသည်နှင့် များစွာအလားတူ ဟန္န၏ အဆုံးသတ်ချီးမွမ်းသီချင်းကလည်း ဘုရားသခင့်ဘုန်းတော်နှင့် ပြည့်သည့် နိုင်ငံတော်နှင့် ရှင်ဘုရင်ပေါ်ထွန်းလာချိန်ကို မျှော်လင့်စောင့်စားနေသည်။ ကျိန်ခြင်းနှင့် ကောင်းချီးတို့ကို ဘုရားသခင် ပြောင်းပြန်ဖြစ်စေခြင်းသည် တနေ့သောအခါ၌ ဘုရားသခင့် ရန်မာန်ရှိသမျှကို အောင်မြင်မည့် ဣသရေလ ရှင်ဘုရင်တပါးကို ပေါ်ထွန်းစေမည့်အကြောင်း သူမ၏ စိတ်ချသေချာမှုအား အခန်းငယ် ၉-၁၀ တွင် ဟန္န ဖော်ပြခဲ့သည်။ မဿဲ ၅း၂၀ တွင် သူ မည်သို့ ဆိုထားသည်ကို နားထောင်ကြည့်ပါ။

> ထာဝရ ဘုရားသည် ရန်သူတို့ကို ချိုးဖဲ့တော်မူမည်။ သူတို့ အပေါ်၌ မိုးကောင်းကင်မှ မိုးချုန်းစေတော်မူမည်။ ထာဝရ ဘုရားသည် မြေကြီးစွန်းတိုင်အောင် တရားစီရင်သဖြင့် ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိတ်ခံသောသူကို ချီးမြှောက်တော်မူမည်ဟု မြွက်ဆို၏ (၁ ဓမ္မ ၂း၁၀)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟန္နတို့ အချိန်ကာလ ဣသရေလတို့သည် ရန်သူတို့လက်၌ ဆယ်စုနှစ်များစွာ ဒုက္ခခံခဲ့ကြရပြီး ဖြစ်၏။ သို့သော် ဤနေရာတွင်မူ ဟန္နက ဘုရားသခင့် အကျိန်တော်များသည် "ထာဝရဘုရား၏ ရန်သူတို့အပေါ်သို့" ကျရောက်လာမည့်အကြောင်း ရဲရင့်စွာ ကြေညာခဲ့သည်။ သူတို့သည် "ချိုးဖဲ့ခြင်းကို ခံကြရမည်" ဖြစ်ပြီး "ထာဝရ ဘုရားသခင်သည် မြေကြီးစွန်းတိုင်အောင် တရားစီရင်တော်မူမည်" ဖြစ်သည်။ ကမ္ဘာတလွှားရှိ သူ၏ ရန်မာန်ရှိသမျှအပေါ်သို့ ထာဝရ ကျိန်ခြင်း အမင်္ဂလာတို့ကို ထိခိုက်ကျရောက်စေမည့် အချိန်ဆီသို့ ဦးတည်၍ ဘုရားသခင်သည် သမိုင်းကို ရွေ့လျားနေစေခဲ့ကြောင်း ဟန္န အခိုင်အမာယုံကြည်ထားခဲ့သည်။

သို့သော် ဘုရားသခင့် တရားစီရင်ချက်သည် ဣသရေလ ရှင်ဘုရင် အပေါ် ချပေးမည့် ကိုယ်တော်၏ ကောင်းချီးများအားဖြင့် ရောက်ရှိလာမည့်အကြောင်း ဟန္န၏ နောက်ဆုံးစကားလုံးများက ဖော်ပြနေသည်ကို မှတ်သားကြရပါမည်။ အခန်းငယ် ၁၀ အဆုံးတွင် သူမ ဖော်ပြထားခဲ့သည့်အတိုင်း "ထာဝရ ဘုရားသည် ....... ခန့်ထားတော်မူသော ရှင်ဘုရင်ကို ခွန်အားနှင့် ပြည့်စုံစေ၍ အထံတော်၌ ဘိသိတ်ခံသောသူကို ချီးမြှောက်တော်မူမည်" ဖြစ်သည်။ ဣသရေလ၏ အနာဂတ် ရှင်ဘုရင်တပါးကို ခွန်အား၊ အောင်ပွဲတို့နှင့် ကောင်းချီးပေးခြင်းအားဖြင့် ဘုရားသခင်သည် မြေကြီးစွန်းတိုင်အောင် တရားစီရင်တော်မူမည့်အကြောင်း ဟန္န အတည်ပြုခဲ့သည်။

အကြောင်းမလှစွာပင် အနက်ဖွင့်သူ အများက ဟန္န၏ အဆုံးသတ် စကားလုံးများ၏ အရေးပါပုံကို လျှော့တွက်မိတတ်ကြသည်။ နောက်ပိုင်း ၁ ဓမ္မ ၈ သို့ ရောက်လာချိန်တွင် သူတို့အပေါ်အုပ်စိုးမည့် ရှင်ဘုရင်တပါးကို ဣသရေလတို့ ဘုရားသခင်ထံ တောင်းဆိုခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်နှင့် ရင်းနှီးသူတိုင်း သိကြသည်။ ထို့ပြင် အခန်းငယ် ၇ တွင် "သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှာ ငါ့ကိုလည်း ပယ်ကြပြီ" ဟု ရှမွေလကို ပြောခြင်းဖြင့် ဘုရားသခင် တုန့်ပြန်ခဲ့သည်။ မည်သည့်အခြေအနေမျိုး ကျရောက်သည် ဖြစ်စေ ဣသရေလ၌ လူသားရှင်ဘုရင် မည်သူကိုမဆို ထားရှိရန် ဘုရားသခင် မည်သည့်အခါကမျှ အလိုမရှိခဲ့ဟု အဆိုပါ စကားလုံးများက ပြောခြင်း ဖြစ်ကြောင်း ယူဆတတ်ကြသည်။ သို့သော် ဤသို့ ဆိုလိုခြင်း လုံးဝ မဟုတ်ပါ။ ဣသရေလတို့ လူသား ရှင်ဘုရင် အလိုရှိခြင်းသည် ပြဿနာတစ်ရပ် မဟုတ်ခဲ့ပါ။ ထိုအစား ဤအချိန်အခါ၌ သူတို့ဝန်းကျင်ရှိ "အခြားသော (သာသနာပ) တိုင်းနိုင်ငံအားလုံးကဲ့သို့ သူတို့ဖြစ်လို၍သာ" ဣသရေလတို့ ရှင်ဘုရင် အလိုရှိခဲ့ခြင်း ဖြစ်ကြောင်း အခန်းငယ် ၂၀ က ကျွန်ုပ်တို့ကို ပြောပြသည်။ သူတို့ ရှင်ဘုရင် တောင်းဆိုသည့်အတွက်ကြောင့် မဟုတ်ဘဲ သူတို့၏ သစ္စာမဲ့မှုနှင့် ဘုရားသခင့် အချိန်ကို စောင့်ဆိုင်းရန် ငြင်းပယ်မှုတို့ကြောင့် ဘုရားသခင် တုန့်ပြန်ခဲ့ရသည်။ စင်စစ် ဣသရေလ နိုင်ငံတော်အတွက် ဘုရားသခင် ထားရှိသည့် ရည်ရွယ်ချက်များကို ပြည့်စုံစေမည့် အနာဂတ် ရှင်ဘုရင်တစ်ပါး ပေါ်ထွန်းလာရန် ဟန္န၏ စိတ်ထက်သန်မှုသည် မိမိလူများသို့ အစောပိုင်းကာလ ဘုရားသခင့် ဗျာဒိတ် ဖွင့်ပြချက်များ၏ တစိုက်မတ်မတ် သွန်သင်ခဲ့မှုများအား ထင်ဟပ်နေခဲ့သည်။

သာဓက အနည်းငယ်ဆောင်ရမည်ဆိုပါက ကမ္ဘာ ၁၇း၆ တွင် ဘုရားသခင်သည် အာဗြဟံအား "သင်၏ အမျိုးအနွယ်၌လည်း ရှင်ဘုရင် ဖြစ်ကြရလိမ့်မည်" ဟူသော ကတိတော်ဖြင့် ကောင်းချီးပေးခဲ့သည်။ ကမ္ဘာ ၃၅း၁၁ တွင်လည်း ဘုရားသခင်သည် ယာကုပ်အား "ရှင်ဘုရင်တို့သည်

သင်၏ အမျိုးအနွယ်၌ ဖြစ်ကြလိမ့်မည်" ဟု ကတိထားတော်မူခဲ့သည်။ ထို့ထက်မက ကမ္ဘာ ၄၉း၁၀ တွင် ယာကုပ်က "ရာဇလှံတံသည် ယုဒထံမှ မရွေ့ရ" ဟု ကြိုတင် ဟောပြောထားခဲ့သည်။ တရား ၁၇း၁၄-၂၀ တွင် ရှင်ဘုရင် အုပ်စိုးမှုဆိုင်ရာ မင်းကျင့် တရားများကို ပေးခြင်းဖြင့် ဣသရေလအတွက် ရှင်ဘုရင်စနစ် ထူထောင်မည်ကို ဘုရားသခင် ကြိုတင် မျှော်လင့်ထားခဲ့ကြောင်း ကျွန်ုပ်တို့ ထပ်ဖြည့်စွက်နိုင်ပါသေးသည်။ ထပ်ပြောရလျှင် သူကြီး ၂၁း၂၅ နှင့် အခြားသော ကျမ်းပိုဒ် အတော်များများတို့က တရားသူကြီး ခေတ်ကာလ ဒုက္ခဆင်းရဲခြင်းတို့သည် "ဣသရေလ၌ ရှင်ဘုရင် မရှိ" ခြင်း၏ အကျိုးရလာဒ် ဖြစ်ကြောင်း သတိပြုမိနေကြသည်။ ဣသရေလ ရှင်ဘုရင်၌ ထားရှိသော သူမ၏ မျှော်လင့်ချက်ကို အတည်ပြုသူသည် ရှမွေလ ဓမ္မရာဇဝင်ထဲ၌ ဟန္န တစ်ဦးတည်းသာ ရှိခဲ့သည် မဟုတ်ပါ။ ၁ ဓမ္မ ၂း၃၅ တွင် ဘုရားသခင့် ပရောဖက်တစ်ပါးက ဧလိအား "ငါ့ထံ၌ ဘိသိတ်ခံသောသူရှေ့မှာ အစဉ်သွားလာမည့်" ယဇ်ပရောဟိတ် တစ်ပါးကို ဘုရားသခင် ပေါ်ထွန်းစေလိမ့်မည့် အကြောင်း ကြေညာခဲ့သည်။

အဆိုပါ ကျမ်းချက်များအရ ဣသရေလ ယုံကြည်ခြင်း၏ ရှေး အခြေခံအုတ်မြစ်၌ ဟန္န၏ စိတ်ချမှုကို ရှမွေလ၏ အံ့ဖွယ်မွေးဖွားခြင်းက အသစ်ပြုပြင်ပေးခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ တနေ့သောအခါ ကြီးမြတ်သော ဣသရေလ ရှင်ဘုရင်တစ်ပါးအားဖြင့် ဘုရားသခင်သည် သူ့နိုင်ငံတော်ကို မြေကြီးစွန်းတိုင်အောင် ဖြန့်ကျက်လိမ့်မည်ကို သူမ သိခဲ့သည်။ အဆိုပါနေ့ရက်နှင့် ပိုနီးလာအောင် ဘုရားသခင်သည် ဣသရေလ၏ နေရာကို တွန်းပို့ပေးနေခဲ့ကြောင်း ရှမွေလ ဖွားမြင်လာမှုနှင့်အတူ ဟန္န အခိုင်အမာ ယုံကြည်လာခဲ့သည်။

ရှမွေလ၏ အစောပိုင်း နှစ်ကာလများအကြောင်း ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့ကို လေ့လာပြီးသည့်နောက် ၂း၁၂-၇း၁၇ ပါ ဣသရေလ၏ လေဝိဆိုင်ရာ ခေါင်းဆောင်မှု အကူးအပြောင်း ဟူသော ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်း၏ ဒုတိယ ကဏ္ဍဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## ခေါင်းဆောင်မှု အကူးအပြောင်း (၁ ဓမ္မ ၂း၁၂-၇း၁၇)

ရှိလောတွင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် ရှမွေလအား အနုမောဒနာ ပြုခဲ့ချိန်၌ ဧလိနှင့် သူ့သားများသည် ဣသရေလ၏ တန်ခိုးအထွားဆုံး လေဝိအာဏာပိုင်များ ဖြစ်ခဲ့ကြသည်။ သို့သော် နှစ်များစွာအတွင်း အတော်ပင် မျှော်လင့်မထားခဲ့သည့် အရာတစ်ခု ဖြစ်ပျက်ခဲ့သည်။ ကျိုးနွံ နှိမ့်ချသော ရှမွေလ က ဧလိနှင့်သူ့သားများ၏ နေရာတွင် အစားထိုး နေရာယူခဲ့သည်။ ဤအကူးအပြောင်းသည် ဣသရေလ ရှင်ဘုရင်စနစ် ထူထောင်ရေးအတွက် အရေးပါခဲ့သည်။ ၎င်းသည် ဧကန်အမှန် အရေးပါခဲ့ရကား မောရှေနှင့် ဖွဲ့တော်မူသော သူ၏ ပဋိညာဉ် ဆိုင်ရာ ကျိန်ခြင်းအမင်္ဂလာများနှင့် ကောင်းချီးမင်္ဂလာများကို အကောင်အထည်ဖော်ခြင်းဖြင့် ဘုရားသခင်ကိုယ်တော်တိုင် အဆိုပါ အဖြစ်အပျက်တို့ကို ဖြစ်ပေါ်စေခဲ့ကြောင်း ကျွန်ုပ်တို့ စာရေးသူ ရှင်းပြရန် လိုအပ်ခဲ့သည်။ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ မောရှေပညတ်တို့ကို ဧလိနှင့် သူ့သားများက ပြောင်ကျကျ ချိုးဖောက်ခဲ့သဖြင့် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာအောက် သူတို့ကျရောက်ခဲ့သည်။ ထို့ပြင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မောရှေတရားပါ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ စီရင် ထုံးဖွဲ့ချက်တို့ကို သစ္စာရှိစွာ စောင့်ထိန်းခဲ့သဖြင့် ဘုရားသခင့် ကောင်းချီးများကို ရှမွေလ ခံယူရရှိခဲ့သည်။

ယင်း ခေါင်းဆောင်မှုဆိုင်ရာ အကူးအပြောင်းအား ဧလိမိသားစုနှင့် ရှမွေလတို့အကြား ဆန့်ကျင်ခြားနားမှု လေးရပ်ပါ ဖြစ်စဉ်တစ်ခုနှင့်အတူ ရှမွေလ ဓမ္မရာဇဝင် ဆရာက ရှင်းပြထားခဲ့သည်။ ပထမအားဖြင့် ၁ ဓမ္မ ၂း၁၂-၂၁ အတွင်း ဧလိသားတို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ရှမွေလ၏ ဝတ်ပြုကိုးကွယ်ခြင်းတို့အပေါ် ဘုရားသခင့် အကဲဖြတ်ချက်များကို ဆန့်ကျင်ခြားနားပြခဲ့သည်။ ဒုတိယအားဖြင့် ၁ ဓမ္မ ၂း၂၂-၂၆ အတွင်း ဧလိ မိသားစုနှင့် ရှမွေလတို့အပေါ် ဘုရားသခင်နှင့် လူထု၏ အကဲဖြတ်မှု နှစ်ခုလုံးကို ဆန့်ကျင်ခြားနားပြခဲ့သည်။ တတိယအားဖြင့် ၁ ဓမ္မ ၂း၂၇-၄း၁က အတွင်း ဧလိသို့ ဘုရားသခင့် တုန့်ပြန်ချက်များနှင့် ရှမွေလသို့ ဘုရားသခင့် တုန့်ပြန်ချက်များကို ဆန့်ကျင်ခြားနားပြခဲ့သည်။ စတုတ္ထအားဖြင့် ၁ ဓမ္မ ၄း၁ခ မှ စ၍ ၇း၁၇ အတွင်း ဖိလိတ္တိလူတို့နှင့် ဣသရေလတို့အကြား ပဋိပက္ခများနှင့် စပ်လျဉ်း၍ ဧလိ မိသားစုနှင့် ရှမွေလတို့အကြား ဆန့်ကျင်ခြားနားမှုကို ကျွန်ုပ်တို့ တွေ့ရသည်။

**ဘုရားသခင့် အကဲဖြတ်မှုများ (၁ ဓမ္မ ၂း၁၂-၂၁)** ဘုရားသခင့် အကဲဖြတ်မှုများကို နှိုင်းယှဉ်ခြင်းသည် အခန်းငယ် ၁၂-၁၇ အတွင်း ဧလိသားများဆီ ဦးစွာ လှည့်သွားသည်။ ထို့နောက် ရုတ်တရက် တိကျပြတ်သားသော အပြစ်စီရင်ချက်ဖြင့် အစပြုသည်။ "ဧလိသားတို့သည် အဓမ္မလူဖြစ်ကြကြောင်း၊ ထာဝရ ဘုရားကို မသိကြကြောင်း" အခန်းငယ် ၁၂ တွင် ကျွန်ုပ်တို့ ဖတ်ရသည်။ ထို့နောက် ဤရှုမြင်ချက်ဆီ အဘယ်ကြောင့် သူ ဆိုက်ခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ပုံဥပမာပေး ဖော်ပြခဲ့သည်။ မောရှေပညတ် ပြဋ္ဌာန်းချက်အတိုင်း သူတို့အတွက် သတ်မှတ်ထားပေးသည့် ယဇ်သား အစိတ်အပိုင်းကို ယူရမည့်အစား ဧလိသားတို့သည် အချိန်မတိုင်မီ သူတို့အတွက် အကောင်းဆုံး ယဇ်သားကို ရွေးချယ်ယူခဲ့ကြသည်။ ကန့်ကွက်သူရှိပါကလည်း အကောင်းဆုံးအပိုင်းကို မရ အရ ယူမည့်အကြောင်း သူတို့ ခြိမ်းခြောက်ခဲ့ကြသည်။ ရှမွေလ ဓမ္မရာဇဝင် ဆရာသည်လည်း အဆိုပါ ဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းမှု ဖောက်ဖျက်ချက်တို့အပေါ် ဘုရားသခင် မည်သို့ အကဲဖြတ်ကြောင်း ဖော်ပြခဲ့သည်။ အခန်းငယ် ၁၇ တွင် "ထိုယဇ်ပရောဟိတ်ပျိုတို့သည် ထာဝရဘုရားဝတ်ကို လူများ ရွံစရာပြုသောကြောင့် ရှေ့တော်၌ အလွန်အပြစ်ကြီးသောသူ ဖြစ်ကြ၏" ဟု သူရေးခဲ့သည်။

သို့သော် ဤအဖြစ်အပျက်ပြီးလျှင်ပြီးချင်း ကျွန်ုပ်တို့၏ စာရေးသူသည် ၂း၁၈-၂၁ အတွင်း အပြတ်အသတ် ကွဲပြားခြားနားသည့် ရှမွေလအပေါ် အကဲဖြတ်မှုဆီ လှည့်သွားခဲ့သည်။ သူငယ် ရှမွေလအတွက် ရိုးကုပ် နှိမ့်ချသည့် အဝတ်တန်ဆာ ဖြစ်သည့် ပိတ်သင်တိုင်းသစ်ကို ယူဆောင်လာပေးရန် နှစ်စဉ် နှစ်တိုင်း သူမ ပြန်လာခြင်းဖြင့် ဘုရားသခင့်အပေါ် ဟန္န ပြသသည့် ကြည်ညိုကိုင်းရှိုင်းမှု အကြောင်းကို ပထမဆုံး သူ အစီရင်ခံခဲ့သည်။ ဘုရားသခင်ကလည်း ဟန္နအား

နောက်ထပ် သား သုံးဦးနှင့် သမီး နှစ်ဦး ရရှိစေခြင်းဖြင့် ဆက်လက် ကောင်းချီးပေးခဲ့သည်။ ထို့နောက် ၂း၂၁ သည် ဤစကားလုံးများနှင့် အဆုံးသတ်သွားသည်။

> သူငယ် ရှမွေလသည် ထာဝရ ဘုရားရှေ့တော်၌ ကြီးပွားသတည်း (၁ ဓမ္မ ၂း၂၁)။

ရှမွေလကို ဘုရားသခင် ဆက်လက် အတည်ပြုနေခြင်းသည် ဧလိသားများအား ဆိုးရွားစွာ စီရင်ခြင်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေခဲ့သည်။

**ဘုရားသခင်နှင့် လူထု တို့၏ အကဲဖြတ်ချက်များ (၁ ဓမ္မ ၂း၂၂-၂၆)** ထို့နောက် ၁ ဓမ္မ ၂း၂၂-၂၆ အတွင်း ဧလိ မိသားစုနှင့် ရှမွေလတို့ အပေါ် ဘုရားသခင်နှင့် လူထု နှစ်ဖက်လုံးမှ အကဲဖြတ်ချက်များကို ကျွန်ုပ်တို့၏ စာရေးသူက ဆန့်ကျင်ခြားနားပြခဲ့သည်။ တဖက်တွင် အခန်းငယ် ၂၂-၂၅ အတွင်း ခါနန် သားဖွားနတ် ကိုးကွယ်ဓလေ့များ၏ ဩဇာအောက်၌ ဧလိသားတို့သည် တဲတော်တံခါးဝ အနားတွင် အစေခံသည့် မိန်းမများနှင့် မတရားသော မေထုန်ကျူးလွန်နေခဲ့ကြကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။ ထို့ပြင် ဧလိက "ထာဝရ ဘုရား၏ လူတို့" ဟုခေါ်ဆိုခဲ့သည့် သစ္စာရှိသော ဣသရေလတို့သည် သူ့သားများအပေါ် စောဒကတက်ခဲ့ကြကြောင်း အခန်းငယ် ၂၄ ကလည်း မှတ်သားထားသည် သူတို့ ဆက်လုပ်နေခဲ့လျှင် သူတို့ ကူရာမဲ့ ဖြစ်ကြလိမ့်မည့်အကြောင်း ဧလိက သူ့သားတို့အား မာမာထန်ထန် သတိပေးခဲ့သည်။ သို့သော် ဖခင်၏ ဆိုဆုံးမမှုကို သူတို့ ဥပေက္ခာပြုခဲ့ကြသည်။ ထို့ပြင် အခန်းငယ် ၂၅ ကလည်း "သူတို့သည် အဘ၏ စကားကို နားမထောင်ကြ။ အကြောင်းမူကား ထာဝရ ဘုရားသည် သူတို့ကို ကွပ်မျက်ခြင်းငှာ အလိုရှိတော်မူ၏" ဟူ၍ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်းကို ကျွန်ုပ်တို့အား ပြောပြသည်။

ဧလိသားများအပေါ် ဘုရားသခင်နှင့် လူထုတို့၏ အနှုတ်သဘောဆောင်သည့် ဆန်းစစ်ချက်များကို အစီရင်ခံပြီးသည့်နောက် ၎င်းနှင့် ဆန့်ကျင်ကွဲလွဲသော ရှမွေလ၏ အလုပ်အကြွေးပြုမှုအကြောင်း မှတ်ချက်အကျဉ်းကို ကျွန်ုပ်တို့ တွေ့ရသည်။ အခန်းငယ် ၂၁ မှစ၍ ဘုရားသခင်နှင့် လူထုက ရှမွေလကို မည်သို့ တုန့်ပြန်ပြုမူသည် ဆိုသည်ကို မှတ်သားခြင်းဖြင့် ကျွန်ုပ်တို့၏ စာရေးသူသည် ရှမွေလအပေါ် အပြုသဘောဆောင်သည့် စောစောပိုင်း သုံးသပ်ချက်ကို အကျယ်တင်ပြခဲ့သည်။ ၁ ဓမ္မ ၂း၂၆ တွင် ဤအရာကို ကျွန်ုပ်တို့ ဖတ်ရသည်။

> သူငယ် ရှမွေလသည် ကြီးပွား၍ ထာဝရ ဘုရားရှေ့၊ လူတို့ရှေ့၌ မျက်နှာရလေ၏ (၁ ဓမ္မ ၂း၂၆)။

ဤကျမ်းချက်က ပြောနေသည့်အတိုင်း ဘုရားသခင်ကရော သစ္စာရှိ ဣသရေလလူတို့ကပါ ရှမွေလ၏ လေဝိဆိုင်ရာ အမှုဆောင်ခြင်းကို အတည်ပြုခဲ့ကြသည်။

**ဘုရားသခင်၏ တုန့်ပြန်ချက်များ (၁ ဓမ္မ ၂း၂၇-၄း၁က)** အဆိုပါ ကွဲပြားသော အကဲဖြတ်ချက်များ ပြီးသည့်နောက် ၂း၂၇-၄း၁က အတွင်း ဧလိနှင့် သူ့မိသားစု၏ သစ္စာမဲ့သော အစေခံမှုအတွက် ဘုရားသခင့်

တုန့်ပြန်မှုများနှင့် ရှမွေလ၏ သစ္စာရှိစွာ အစေခံမှုအတွက် ဘုရားသခင့် တုန့်ပြန်မှုတို့ကို ကျွန်ုပ်တို့၏ စာရေးသူက ဆန့်ကျင်ခွဲခြားပြခဲ့သည်။

တဖက်တွင် ကျွန်ုပ်တို့၏ စာရေးသူသည် ၂း၂၇-၃၆ အတွင်း ဧလိကို ကိုင်တွယ်ခဲ့သည်။ ဧလိနှင့် သူ့သားတို့က ဣသရေလ၏ ဘုရားဝတ်ကို ခြစားစေခဲ့ကြောင်း ညွှန်ပြခဲ့သည့် "ဘုရားသခင်၏ လူ" ဆိုသည့် အမည်မသိ ပရောဖက်တစ်ဦးအား ဘုရားသခင် စေလွှတ်ခဲ့ပုံကို သူရှင်းပြခဲ့သည်။ ဤပရောဖက်အားဖြင့် အခန်းငယ် ၃၁ ၌ "သင်၏ အမျိုးတွင် အိုသောသူ တစ်ယောက်မျှ မရှိစေခြင်းငှာ သင်၏ လက်ရုံးနှင့် သင့်အဆွေအမျိုး၏ လက်ရုံးကို ငါဖြတ်သော အချိန်ကာလ ရောက်လိမ့်မည်"ဟု မိန့်ဆိုရင်း ဘုရားသခင်သည် ဧလိ မိသားစုအား ကျိန်ခြင်းများဖြင့် ခြိမ်းခြောက်ခဲ့သည်။ ဧလိ မိသားစုကို ဘုရားသခင် ငြင်းပယ်ခဲ့ပြီး ဖြစ်၍ သူတို့အား ကိုယ်တော်ကို အလုပ်အကျွေးပြုခြင်းမှ ဖယ်ရှားတော့မည် ဖြစ်သည်။

အခြားတဖက်တွင်လည်း ကျွန်ုပ်တို့၏ စာရေးသူသည် ရှမွေလ အပေါ် ဘုရားသခင်က ဆန့်ကျင်ကွဲလွဲစွာ တုန့်ပြန်ခဲ့သည့် အကြောင်းကို အစီရင်ခံထားခဲ့သည်။ ရှမွေလကို ဘုရားသခင် တိုက်ရိုက် စကားပြောတော့မည် ဆိုသည့် အချက်သည် မည်မျှ ထူးခြားအရေးပါလှကြောင်း ညွှန်ပြရန် ဘုရားသခင်သည် ဤကာလမျိုး၌ သူ၏ ပရောဖက်များအားဖြင့် မိန့်ဆိုခဲလှသည် ဆိုသည့်အချက်ကို ပထမဦးစွာ သူဂရုပြုခဲ့သည်။ ထို့နောက် ညအချိန် အိပ်ပျော်ရာမှ ရှမွေလအား အကြိမ်ကြိမ် နှိုးပြီးနောက် အခန်းငယ် ၁၁ တွင် "သတင်းကြားသောသူတိုင်း နားနှစ်ဖက် ခါးစေ" သည့်တိုင်အောင် အလွန် တုန်လှုပ်ဖွယ်ကောင်းသည့် အရာ တစ်ခုကို ကိုယ်တော် ပြုတော်မူတော့မည့်အကြောင်းအား ဘုရားသခင် ဖော်ပြခဲ့သည်။ ဧလိ မိသားစု၏ အပြစ်ကို ထပ်သည်းမခံတော့ဘဲ သူတို့၏ ဆိုးညစ်မှုအတွက် ထာဝရ အပြစ်ဒဏ်ပေးမည့် အကြောင်း ရှမွေလကို ကိုယ်တော် မိန့်ခဲ့သည်။ နံနက်ရောက်သည့်အခါ ရှမွေလက ဧလိအား သူ့မိသားစုအပေါ် ဘုရားသခင် ခြိမ်းတော်မူသည့် ကျိန်ခြင်း အမင်္ဂလာများအကြောင်း ပြောပြခဲ့သည်။ ဘုရားသခင် ကိုယ်တော်တိုင်သည် တရားရှင်ဖြစ်၍ မှန်သောအရာကို ပြုတော်မူမည့် အကြောင်း ဧလိကိုယ်တိုင်သည်လည်း မထင်ရလောက်ဖွယ် ဝန်ခံခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့၏ စာရေးသူသည်လည်း ၁ ဓမ္မ ၃း၁၉-၂၀ အတွင်း ဤစကားများဖြင့် အဆိုပါ ဆန့်ကျင်ခြားနားမှုကို အဆုံးသတ်ခဲ့သည်။

> ရှမွေလသည် အစဉ်အတိုင်းကြီး၍ ထာဝရ ဘုရားသည် သူနှင့်အတူ ရှိတော်မူသဖြင့် သူ၏ စကားတခွန်းမျှ ပျက်စေခြင်းငှာ အခွင့်ပေးတော်မမူ။ သူသည် ထာဝရ ဘုရား၏ ပရောဖက်စစ် ဖြစ်ကြောင်းကို ဣသရေလ အမျိုးသားအပေါင်းတို့သည် ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် သိကြ၏ (၁ ဓမ္မ ၃း၁၉-၂၀)။

ဤနေရာတွင် ၁ ဓမ္မ ၂း၂၁ နှင့် ၂း၂၆ ပါ ရှမွေလအပေါ် သူ၏ အတည်ပြုမှုကို ကျွန်ုပ်တို့၏ စာရေးသူက အကျယ်ထပ်ချဲ့ခဲ့ကြောင်း သတိပြုသင့်ပါသည်။ ရှမွေလ သာ၍ ကြီးပွားလာခဲ့သည့်တိုင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထာဝရ ဘုရားသည် "သူနှင့်အတူ ရှိတော်မူခဲ့သည်"။ ထို့အပြင် ရှမွေလသည် ဘုရားသခင်အား တဲတော်၌ သစ္စာရှိစွာ အလုပ်အကျွေးပြုခဲ့သဖြင့် ဘုရားသခင်သည် သူ့အား ကောင်းချီးပေးခဲ့ပြီး ဣသရေလအမျိုးသား ရှိသမျှတို့ ရှေ့တွင် ကိုယ်တော်၏ ပရောဖက်အဖြစ် ပေါ်ထွန်းစေခဲ့သည်။

**ဖိလိတ္တိလူတို့နှင့် ပဋိပက္ခများ (၁ ဓမ္မ ၄း၁-၇း၁၇)** ဧလိ မိသားစုနှင့် ရှမွေလတို့အကြား ဆန့်ကျင်ခြားနားမှုများသည် ၄း၁ခ-၇း၁၇ အတွင်း ဖိလိတ္တိလူတို့နှင့် ဣသရေလတို့ ဖြစ်ပွားသည့် ပဋိပက္ခနှင့် စပ်လျဉ်းသော ဇာတ်ကြောင်းရှည်၌ အဆုံးသတ်သည် ဤနောက်ဆုံး ကဏ္ဍအား ဇာတ်ကွက် သုံးကွက် ခွဲနိုင်ပြီး ၎င်းတို့သည် ဧလိမိသားစုအပေါ် ကျရောက်သည့် ဘုရားသခင့် ကျိန်ခြင်းတို့ကြောင့် ဖိလိတ္တိလူတို့ရှေ့၌ ဣသရေလတို့ မည်သို့ ရှုံးနိမ့်သွားသည် ဆိုသည့်အပေါ် အာရုံရောက်စေသည် ထို့ပြင် ၎င်းနှင့် ဆန့်ကျင်ခြားနားစွာပင် ရှမွေလအပေါ် ချပေးသည့် ဘုရားသခင့်ကောင်းချီးတို့ကြောင့် ဖိလိတ္တိလူတို့အပေါ် ဣသရေလတို့ အောင်ပွဲရရှိခဲ့ကြသည်

ဤဇာတ်ကြောင်း၏ ပထမဆုံး ဇာတ်ကွက်သည် ၄း၁ခ-၂၂ တွင် အစပြုသည်။ ဤနေရာတွင် ဧလိ မိသားစု၏ အပြစ်သည် ဖိလိတ္တိလူတို့နှင့် တိုက်ခိုက်သည့် စစ်ပွဲ၌ ဣသရေလတို့ကို ရှုံးနိမ့်စေခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဧလိ၏ သားများသည် ပဋိညာဉ်သေတ္တာကို စစ်ပွဲအတွင်းသို့ ယူဆောင်သွားခြင်းဖြင့် ဘာသာတရား ကြည်ညိုကိုင်းရှိုင်းဟန် ပြုခဲ့ကြသော်လည်း သူတို့သည် ပဋိညာဉ်သေတ္တာအား တိုက်ပွဲအောင်မြင်ရေး အဆောင် လက်ဖွဲ့ အဖြစ်သာ မှတ်ယူခဲ့ကြသည်။ ထပ်ပြီး ဆိုရလျှင် နှစ်များစွာအတွင်း သူတို့၏ ဒုစရိုက်တို့သည် လွန်စွာပင် ထူပြောလာရကား ဖိလိတ္တိလူတို့သည် ဣသရေလတို့အား ဖရိုဖရဲဖြစ်စေခဲ့ရုံမက ပဋိညာဉ်သေတ္တာကိုပါ သိမ်းယူသွားခဲ့သည်။ ဧလိ၏ သားနှစ်ဦးလုံး စစ်ပွဲတွင် သေဆုံးခဲ့ရပြီး ဧလိကိုယ်တိုင်သည်လည်း သူ့သားများ သေကြောင်းနှင့် ပဋိညာဉ်သေတ္တာ ရန်သူ့လက်ကျရောက်ကြောင်း သတင်းများ ရရှိသည့်နောက် သေဆုံးခဲ့သည်။ ထို့ထက်မက ဧလိမိသားစု၏ ဒုစရိုက်တို့သည် ဣသရေလတစ်နိုင်ငံလုံး အပေါ် ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများ ကျရောက်စေခဲ့သည်။ ၁ ဓမ္မ ၄း၂၁ တွင် မုဆိုးမဘဝ ရောက်ခဲ့ပြီဖြစ်သော ဧလိ၏ ချွေးမသည် သူမ အသစ်မွေးဖွားသည့် သားအား ဟေဗြဲလို (ဣခဗုဒ် ) ဟု အမည်ပေးခဲ့သည်။ အဓိပ္ပာယ်မှာ "ဘုန်းတော် မရှိတော့ပါ" သို့မဟုတ် "ဘုန်းတော်သည် အဘယ်မှာနည်း" ဟု အဓိပ္ပာယ်ရသည်။ အခန်းငယ် ၂၂ တွင် သူမ ဆက်၍ ရှင်းပြခဲ့သည့်အတိုင်း "ဣသရေလ အမျိုး၏ ဘုရားသခင့် သေတ္တာတော်သည် ရန်သူ့လက်သို့ ရောက်သောကြောင့် ဣသရေလ ဘုန်းပျောက်ခဲ့ပြီ" ဖြစ်သည်။ ဧလိနှင့် သူ့သားတို့၏ ဒုစရိုက်များသည် ဤကြောက်မက်ဖွယ် ကျိန်ခြင်းကို တိုင်းပြည်အပေါ် ကျရောက်စေခဲ့သည်။

ဤအခန်းဆက် ပြီးသည့်နောက် ၅း၁-၇း၂ တွင် ဘုရားသခင်၏ ကြားဝင်လုပ်ဆောင်မှုအကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ ဖိလိတ္တိလူတို့သည် အာဇုတ်မြို့ရှိ သူတို့၏ နတ်ဘုရား ဒါဂုန်၏ ဗိမ္မာန်တော်အတွင်း ရုပ်တု၏ရှေ့၌ ဘုရားသခင့် သေတ္တာတော်ကို ထားခြင်းဖြင့် ဣသရေလတို့အပေါ် သူတို့၏ အောင်မြင်မှုအတွက် ပွဲခံခဲ့ကြသည်။ သို့သော် ထာဝရ ဘုရားက အံ့သြဖွယ်တန်ခိုးတော်ဖြင့် ကြားဝင်လုပ်ဆောင်ခဲ့သည်။ ပထမဆုံးည လွန်သည့်နောက် ဒါဂုန်၏ ရုပ်တုသည် ထာဝရ ဘုရား၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သေတ္တာတော်ရှေ့တွင် မြေပေါ် မျက်နှာအပ်၍ နေကြောင်း ဖိလိတ္တိလူတို့ တွေ့ခဲ့ကြရသည်။ ဒုတိယည လွန်သည့်နောက် ဒါဂုန်သည် ဒုတိယအကြိမ် မြေပေါ် မျက်နှာအပ်၍ နေကြောင်း တွေ့ခဲ့ကြရပြန်သည်။ ဤတစ်ကြိမ်တွင်မူ ရှေးက လူသားစစ်သည်တို့သည် မိမိတို့ အနိုင်ရသော ရန်သူတို့၏ ခေါင်းနှင့် လက်တို့ကို အမြဲလို ဖြတ်ပစ်လေ့ရှိသည်နှင့် များးစွာ အလားတူ ဒါဂုန်၏ ခေါင်းနှင့် လက်တို့သည်လည်း ဖြတ်တောက်ခံရပြီး ဖြစ်နေခဲ့သည်။ ထာဝရ ဘုရားသခင်သည် ကြွက်များ၊ လင်းနို့များအားဖြင့် ပြန့်ပွားတတ်သည့် ပလိပ်ရောဂါတစ်မျိုးဟု ယူဆရသည့် မြင်းသရိုက်အနာဖြင့် အာဇုတ်မြို့သားတို့အားလည်း ဒဏ်ခတ်ခဲ့သည်။ ဘုရားသခင့် သေတ္တာတော်ကို ဖိလိတ္တိလူများက ဂါသမြို့မှ ဧကြုန်မြို့သို့ ရွှေ့သွားစဉ်တွင်လည်း အလားတူ ကိုယ်တော် လုပ်ဆောင်ခဲ့သည်။ ခုနစ်လ ကြာပြီးသည့်နောက် ဖိလိတ္တိလူတို့သည် သူတို့၏ ယဇ်ပုရောဟိတ်များ၊ ဗေဒင် ဆရာများနှင့် တိုင်ပင်ခဲ့သည်။ ထိုသူတို့ကလည်း သူတို့၏ သားဖွားနတ်ဘုရား ယုံကြည်ကိုးကွယ်မှု၏ သင်္ကေတ ဖြစ်သည့် နွားမများ ကသည့် လှည်းပေါ် သေတ္တာတင်၍ မူရင်းနေရာ ပြန်ပို့ရန် ဖိလိတ္တိလူတို့အား အကြံပေးခဲ့သည်။ ထို့ပြင် ထာဝရ ဘုရားထံ ဒုစရိုက်အပြစ်ဖြေရာယဇ် ပူဇော်ရန်အတွက် ရွှေမြင်းသရိုက်ပုံ ၅ ခု၊ ရွှေကြွက်ပုံ ၅ ကောင်တို့အား ဖိလိတ္တိ မြို့ငါးမြို့ ကိုယ်စား စေလွှတ်ပေးလိုက်ရန် သူတို့အဖွဲ့များက ထောက်ခံခဲ့ကြသည်။

> သေတ္တာတော် ထွက်လာကြောင်း တွေ့သည့်အခါ ဖိလိတ္တိလူတို့ အမှန်ပင် မှင်တက်မိသွားခဲ့ကြသည်။ "ဤအရာသည် တော၌ အဲဂုတ္တုလူတို့ကို ဘေးအပေါင်းနှင့် ဒဏ်ခတ်ပြီး မိမိလူတို့ကို အဲဂုတ္တုမှ ကယ်နှုတ်သော ဘုရား၏ သေတ္တာတော်ပါတကား" ဟု သူတို့ ဆိုကြသည်။ စင်စစ် ဖိလိတ္တိလူတို့ ပြောသည့်အတိုင်းလည်း အတိအကျ မှန်ကန်သည်။ သို့သော် "ကောင်းပြီ၊ မည်သို့ဆိုစေ သူတို့ထံ တက်သွား၍ ကြိုးစား တိုက်ခိုက်ကြစို့"ဟု သူတို့ ပြောကြသည်။ ကြီးကျယ်လှသည့် ထွက်မြောက်မှုကို ဆောင်ကြဉ်းပေးခဲ့သော ထာဝရဘုရား၏ သေတ္တာတော် ဖြစ်သောကြောင့် ဖိလိတ္တိလူတို့ ကြောက်ရွံ့ခဲ့သည်မှာ မမှားပါ။ သို့သော် ကျွန်ုပ်တို့ စာဖတ်သူများ သိရသည်မှာ ထွက်မြောက်မှုကို ဖြစ်စေခဲ့သည့် ဘုရားသခင်သည် သူ့ကိုယ်ပိုင် လူမျိုးတော်အပေါ် အားရနှစ်သက်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဖိလိတ္တိလူတို့သည် ဣသရေလတို့အား အနိုင်ယူကာ သေတ္တာတော်ကိုပါ သိမ်းဆည်းသွားနိုင်ကြသည်။ ထွက်မြောက်ခြင်းကို ဖြစ်စေနိုင်သည့် ကြီးမြတ်သော ဘုရားသခင်နှင့် ပဋိညာဉ် သေတ္တာတော်တို့ အမှန်တကယ် ဆက်စပ်ပတ်သက်မှု မရှိနေခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော် အမှန်တကယ် ကျွန်ုပ်တို့တွေ့ရသည်မှာ ပြောင်းပြန် ဖြစ်နေသည်။ ဟုတ်ပါသည်။ ဘုရားသခင် ကိုယ်တော်တိုင်က သေတ္တာကို အပ်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။ သို့သော် ဤ သေတ္တာတော် ဖိလိတ္တိနယ်ထဲ ဝင်သည်နှင့် တပြိုင်နက် ဘာတွေ ဖြစ်သည်ဟု ထင်ပါသနည်း။ အဲဂုတ္တုတို့ တွေ့ကြုံခဲ့သည့် ကပ်ရောဂါဘေးအမျိုးမျိုးကို

> ဖိလိတ္တိတို့ စကြဲလာတော့သည်။ ထို့ကြောင့် နောက်ပိုင်း ကျွန်ုပ်တို့ တွေ့ရသည့်အချက်မှာ ဖိလိတ္တိလူတို့ လက်ထဲ သေတ္တာတော် ရောက်သွားသည့် အရာသည် ထွက်မြောက်ရာကျမ်းထဲ ဘုရားသခင် ပြုမူခဲ့သည့်ပုံစံကို ပြန်ပြောင်းဖော်ပြချက်ဖြစ်ကြောင်းပင် ဖြစ်သည်။

**Andrew Abernethy, Ph.D.**

န္တားမတို့သည် သေတ္တာတော်အား လေဝိသားတို့၏ မြို့ဖြစ်သော ဘက်ရှေမက်မြို့ရှိ ဣသရေလတို့ထံ ဆောင်ယူလာခဲ့သည်။ သို့သော် ဝမ်းနည်းဖွယ်ရာပင် ဗက်ရှေမက်မြို့ရှိ လေဝိသားတို့သည်လည်း ထာဝရ ဘုရား၏ ဝတ်နှင့်ဆိုင်သည့် ပညတ်များကို ချိုးဖောက်ခဲ့ကြသည်။ မောရှေတရားနှင့် ကွဲလွဲဆန့်ကျင်စွာပင် ဖိလိတ္တိလူတို့၏ ရွှေမြင်းသရိုက်ပုံများနှင့် ရွှေကြွက်များကို သေတ္တာတော်ရှေ့၌ သူတို့ ချထားခဲ့ကြသည်။ သေတ္တာတော်အား အလေးအမြတ်ပြုသည့်အနေဖြင့် ဖုံးကွယ်ထားခဲ့သင့်သော်လည်း ထိုအထဲသို့ ကြည့်ရှုခဲ့ကြသည်။ ရလာဒ်အားဖြင့် ဗက်ရှေမက်မြို့သား ၇၀ ကို ဘုရားသခင် ဒဏ်ခတ်သဖြင့် လူတို့သည်လည်း ငိုကြွေးခဲ့ကြရသည်။ ထို့နောက် ဣသရေလလူတို့သည် သေတ္တာတော်အား လုံခြုံစွာ ထားနိုင်မည့်နေရာ ကိရယတ် ယာရိမ်မြို့သို့ ယူဆောင်သွားခဲ့ကြသည်။ သေတ္တာတော် ပြန်ရောက်လာခဲ့ပြီး ဖြစ်သော်လည်း ဣသရေလ တစ်နိုင်ငံလုံးသည် ထိုအချိန်၌ ဘုရားသခင့် ကျိန်ခြင်းအမင်္ဂလာများအောက်တွင် ဆက်ရှိနေခဲ့ကြောင်း ၁ဓမ္မ ၇း၂ က အလေးပေးထားသည်။ ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သေတ္တာတော်သည် အနှစ် နှစ်ဆယ် ပတ်လုံး ကိရယတ်ယာရိမ်မြို့တွင် ရှိနေစဉ်အခါ ဣသရေလ အမျိုးသား အပေါင်းတို့သည် ထာဝရ ဘုရားကို အောက်မေ့၍ မြည်တမ်းကြ၏ (၁ ဓမ္မ ၇း၂)။

နောက်အခန်းဆက် ၇း၃-၁၇ ထဲတွင် ဖိလိတ္တိလူတို့အပေါ် ဣသရေလတို့ အောင်မြင်မှုများ ရခဲ့ကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။ ကျွန်ုပ်တို့ မျှော်လင့်ထားသင့်သည့် အတိုင်း အဆိုပါ အောင်မြင်မှု၏ အရင်းခံ အကြောင်းတရားသည် ရှမွေလ၏ သစ္စာရှိစွာ အလုပ်အကြွေးပြုမှုပင် ဖြစ်ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက မီးမောင်းထိုးပြခဲ့သည်။ သူတို့၏ တိုင်းခြား ဘုရားတို့ကို စွန့်ပစ်ခြင်းဖြင့် ထာဝရ ဘုရားထံ ပြန်လာရန် ဣသရေလ အမျိုးသားတို့အား ရှမွေလက ပထမဆုံး အနူးအညွတ် ပန်ကြားခဲ့သည်။ ထာဝရ ဘုရားထံ သူတို့ စိတ်နှလုံးအကြွင်းမဲ့ ပြန်လာပြီး ကိုယ်တော် တစ်ပါးတည်းကိုသာ ဝတ်ပြုမည်ဆိုပါက ဘုရားသခင်သည် သူတို့အား ဖိလိတ္တိလူတို့လက်မှ ကယ်တင်တော်မူလိမ့်မည် ဟု ကြေညာခဲ့သည်။ ဘုရားသခင့် ရှေ့တော်တွင် ဣသရေလ အမျိုးသားတို့သည် မိမိတို့ကိုယ်ကို နှိမ့်ချပြီး ဘုရားဝတ်နှင့် ဆိုင်သော မောရှေပညတ်တို့ကို ချိုးဖောက်သည့် သူတို့၏ ဒုစရိုက်များအပေါ် နောင်တရခဲ့ကြသည်။ သို့ဖြစ်၍ သူတို့ကိုယ်စား ရှမွေလက ထာဝရ ဘုရားထံ တောင်းပန် ကြားလျှောက်ပေးခဲ့သည်။ စစ်တိုက်ရန် ဖိလိတ္တိလူတို့ စုဝေးကြသည့်အခါ ရှမွေလထံ လူတို့ အော်ဟစ်ခဲ့ကြသည်။ မောရှေ တရားနှင့် အညီ ရှမွေလက ယဇ်များ ပူဇော်ခဲ့ပြီး



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည်လည်း ဣသရေလအမျိုးသားတို့အား ဖိလိတ္တိလူတို့အပေါ် အောင်မြင်ရခြင်း အခွင့် ပေးတော်မူခဲ့သည်။ ၇း၁၃ တွင် "ရှမွေလ လက်ထက်ကာလပတ်လုံး ထာဝရ ဘုရား၏ လက်တော်သည် ဖိလိတ္တိလူတို့ကို ဆီးတားတော်မူ၏" ဟူသော စကားများကို ကျွန်ုပ်တို့ ဖတ်ရသည်။ ရှမွေလသည်လည်း ထာဝရ ဘုရား အတွက် ယဇ်ပလ္လင်ကို သူတည်ဆောက်ခဲ့ရာ ရာမမြို့သို့ ပြန်ရောက်လာချန်တွင် သူ၏ သစ္စာရှိစွာ ဝတ်ပြုခြင်းက ဣသရေလတို့အပေါ် ကောင်းချီးများ ဆက် ယူဆောင်လာပေးခဲ့သည်။

ဣသရေလ၏ လေဝိ ဆိုင်ရာ ခေါင်းဆောင်မှု အကူးအပြောင်းအကြောင်း ဤနောက်ဆုံး အပိုင်းက ဧလိမိသားစုထံမှ ရှမွေလသို့ လေဝိခေါင်းဆောင်မှု အကူးအပြောင်းအကြောင်း မေးခွန်းရှိသမျှကို ဖြေရှင်းပေးခဲ့သည်။ ထာဝရ ဘုရားဝတ်ကို ရွံရှာဖွယ် ဖြစ်စေသောကြောင့် ဧလိ မိသားစုအပေါ် ဘုရားသခင့် ကျိန်ခြင်း အမင်္ဂလာများ ကျရောက်လာမှုသည် ဣသရေလ တစ်နိုင်ငံလုံးအား ရှုံးနိမ့်ခြင်းထဲ ကျရောက်စေခဲ့သည်။ သို့သော် ထာဝရဘုရားရှေ့မှောက် ဘုရားဝတ်၌ သူ၏ သစ္စာရှိစွာ အလုပ်အကြွေး ပြုမှုကြောင့် ရှမွေလကို ဘုရားသခင် ကောင်းချီးပေးခြင်းသည် ဣသရေလကို အောင်မြင်ခြင်းသို့ ပို့ဆောင်ခဲ့သည်။ ဣသရေလကို ရှင်ဘုရင်အုပ်စိုးမှု ကာလထဲ ခေါ်သွင်းသော၊ အတိအကျ ဆိုရလျှင် ဒါဝိဒ်ကို ရှင်ဘုရင် အဖြစ် ဘိသိတ်ပေးခဲ့သော ရှမွေလအား ဘုရားသခင် ကိုယ်တော်တိုင် ပေါ်ထွန်းစေခဲ့သည်။

ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်း၏ ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာကို လေ့လာပြီးသည့်နောက် ကျွန်ုပ်တို့ စာစောင် ဤအပိုင်း၏ ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုချက်ဆီ ခေတ္တ လှည့်ကြပါမည်။ အဆိုပါ အခန်းကြီးများသည် ခရစ်တော်၏ နောက်လိုက်များ အသက်တာ အပေါ် မည်သည့် သက်ရောက်မှု ရှိစေသင့်ပါသနည်း။

## ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း

မကြာခဏပင် ရိုးသားသော ခရစ်ယာန်တို့သည် သူတို့၏ တစ်ကိုယ်ရည် ခရစ်ယာန် အတွေ့အကြုံများနှင့် အလွယ်တကူ တိုက်ဆိုင်ကိုက်ညီသည့် ဓမ္မပညာ သို့မဟုတ် ကျင့်ဝတ် စည်းမျဉ်းတစ်ခုခုကို အမှတ်တမဲ့ မတွေ့မိသေးခင်အထိ ရှမွေလ ဓမ္မရာဇဝင်၏ ဤအပိုင်းကို ကြုံရာကျပန်း အလွယ် ဖတ်တတ်ကြသည်။ ယခုတွင် ကျွန်ုပ်တို့ စာစောင်၏ ပထမဆုံး အပိုင်းသည် ခေါင်းစဉ်များစွာကို ဆွေးနွေးထားသည်။ ထို့ကြောင့် အဆိုပါ အခန်းကြီးများအား ဤပုံစံအတိုင်း ချဉ်းကပ်လေ့လာခြင်းသည် ပင်ကိုယ်အားဖြင့် မမှားယွင်းပါ။ သို့သော် အဆိုပါ အခန်းကြီးများအား တလွဲ မကိုင်တွယ်မိစေရေး သေချာစေရန်အတွက် တချိန်ချိန်တွင် ရှမွေလ ဓမ္မရာဇဝင် စာရေးသူက အလေးထားခဲ့သည့် အာဘော်များနှင့် ကျွန်ုပ်တို့၏ ခရစ်ယာန် လက်တွေ့ အသုံးပြုချက်များကို ညှိယူရန် လိုပါသည်။

အလွယ်ဆိုရလျှင် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုချက်များသည် ဘုရားသခင့် ပဋိညာဉ်များနှင့် ဘုရားသခင့် နိုင်ငံတော်အပေါ် ကျွန်ုပ်တို့ စာရေးသူ၏ အလေးပေးထားချက်များနှင့် ညီသင့်ပါသည်။ အဆိုပါ အာဘော်

နှစ်ခုလုံးသည်ကျွန်ုပ်တို့ အသက်တာများအဖို့ အဆိုပါ အခန်းကြီးများက ပေးသော အကျိုးဝင် စပ်လျဉ်းမှုဆီ အရေးပါစွာ ဖောင်းပေးနေသည်။ ဘုရားသခင့် ပဋိညာဉ်များအပေါ် ကျွန်ုပ်တို့ စာရေးသူ၏ အလေးပေးချက်နှင့်ပတ်သက်၍ ဤအချက် မှန်ကြောင်း ဦးစွာ ကြည့်ကြပါစို့။

## ဘုရားသခင့် ပဋိညာဉ်များ

ကျွန်ုပ်တို့ပြီးခဲ့သည့် သင်ခန်းစာထဲ ဖော်ပြခဲ့သလိုပင် ရှမွေလ ဓမ္မရာဇဝင် ဆရာသည် ပဓာနကျသော ဘုရားသခင့် ပဋိညာဉ် ခြောက်ခုကို သတိပြုမိခဲ့သည်။ အာဒံနှင့် နောဧတို့၌ လူအပေါင်းနှင့် ဖွဲ့သော ဘုရားသခင့် ပဋိညာဉ်များ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့၌ ဣသရေလနှင့် ဖွဲ့သော ပဋိညာဉ်များ၊ ကျွန်ခံရာမှ ပြန်ရောက်လာသည့် ကာလ ဣသရေလနှင့်သာမက ယုဒနှင့်ပါ ဘုရားသခင် ဖွဲ့တော်မူမည့် အကြောင်း ယေရမိမှ စ၍ အခြားသော ပရောဖက်များ ကြိုတင် ဟောပြောခဲ့ကြသည့် ပဋိညာဉ်သစ်တို့ ဖြစ်ကြသည်။

ယခုတွင် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းထဲက အဖြစ်အပျက်များသည် မောရှေ၌ ဖွဲ့တော်မူသော ပဋိညာဉ် အပြည့်အဝ သက်ရောက်မှု ရှိနေစဉ်ကာလအတွင်း ဖြစ်ပျက်ခဲ့ကြောင်း ဤသင်ခန်းစာထဲ၌ ကျွန်ုပ်တို့ တွေ့ခဲ့ရပြီး ဖြစ်သည်။ သို့သော် ရှမွေလ ဓမ္မရာဇဝင်ကို ရေးချိန်တွင် ဒါဝိဒ်နှင့်လည်း ဘုရားသခင် ပဋိညာဉ်ဖွဲ့ပြီး ဖြစ်ကြောင်း ကျွန်ုပ်တို့ ထည့်စဉ်းစားထားကြရပါမည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့၏ စာရေးသူသည် ဒါဝိဒ်နှင့် သူ၏ မင်းမျိုးကို ရည်မျှော်၍ အဆိုပါ အခန်းကြီးများထဲ သူရေးသားခဲ့သည်တို့ကို သူ့မူလ ပရိသတ်တို့ အသက်တာ၌ လက်တွေ့အသုံးချရန် မျှော်လင့်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ခရစ်တော်၏ နောက်လိုက်တို့ဘဝ၌ လက်တွေ့အသုံးပြုမည်ဆိုပါက ကျွန်ုပ်တို့ တဆင့်ထပ်တက်ကြရပါမည်။ ခရစ်တော်၌ ပဋိညာဉ်သစ်ကို ထူထောင်ပြီးသည့်နောက်တွင် ကျွန်ုပ်တို့ ရှင်သန်နေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤ ပဋိညာဉ်သစ်သည် မောရှေနှင့် ဒါဝိဒ်တို့၌ ဖွဲ့ခဲ့သော စောစောပိုင်း ဘုရားသခင့် ပဋိညာဉ်များ၏ လှုပ်ရှားမောင်းနှင်အားတို့ကို ဦးတည်ရာ ပြောင်းထားပေးသည်။ ဤ ဦးတည်ရာပြောင်းချက်သည် အလွန်ပင် အရေးပါရကား စိတ်ချအားကိုးလောက်သည့် လမ်းပြမျိုး ကျွန်ုပ်တို့ လိုအပ်သည်။ ဘုရားသခင် ပြုတော်မူသော ကောင်းကျိုးစေတနာ မှန်သမျှကိုငင်း၊ လူသားများဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက်မှန်သမျှတို့နှင့် ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းထဲ မှတ်တမ်းတင်ထားသည့် ကျိန်ခြင်းနှင့် ကောင်းချီးမှန်သမျှတို့ကိုငင်း လက်တွေ့အသုံးပြုရန်အတွက် ဓမ္မသစ်ထဲက သန့်ရှင်းသော ဝိညာဉ်တော်၏ မဖောက်ပြန် မကျရှုံးနိုင်သည့် ဗျာဒိတ်ဖွင့်ပြချက်ကို ကျွန်ုပ်တို့ လိုအပ်ပါသည်။

ပထမအားဖြင့် ရှမွေလ ဓမ္မရာဇဝင်၏ ပထမအပိုင်းထဲက ဘုရားသခင့် ကောင်းကျိုးစေတနာ မှန်သမျှ၏ နေရာတွင် ခရစ်တော်၌ ဘုရားသခင်ပြုတော်မူသော ကောင်းကျိုးစေတနာတို့က အစားထိုးကြောင်း ကျွန်ုပ်တို့အား ဓမ္မသစ်က သွန်သင်ထားသည်။ တရားသူကြီး ကာလအတွင်း ဣသရေလအား ၎င်းတို့၏ ဆင်းရဲဒုက္ခအတွင်းမှ ကယ်နှုတ်ရန် ဘုရားသခင်သည် ရှမွေလကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကရုဏာသက်သက်ဖြင့် ပေါ်ထွန်းစေခဲ့သည်။ သို့သော် ခရစ်တော်ကို စေလွှတ်ခြင်းဖြင့် ဘုရားသခင်သည် သာ၍ ကြီးမားသော ကောင်းကျိုးစေတနာကို ဘုရားသခင် ဖော်ပြခဲ့သည်။ သူ၏ အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းများအားဖြင့် ခရစ်တော်သည် ဘုရားသခင့်လူများအား ရာစုနှစ်များစွာကြာ ခံစားနေခဲ့ရသည့် ဒုက္ခထဲမှ ကယ်နှုတ်ခဲ့သည်။ ကပ်ကာလ ကုန်ဆုံးသည့်တိုင်အောင်ပင် ခရစ်တော်သည် သူ့လူတို့အား ဆက်လက် ကယ်နှုတ်တော်မူပါလိမ့်မည်။ ထပ်၍ ဆိုရလျှင် ရှမွေလ၏ အချိန်ကာလက ဘုရားသခင်၏ ကရုဏာနှင့် ယှဉ်သည့် ကြားဝင်ဆောင်ရွက်ခြင်းသည် ဣသရေလ အမျိုးသား ရှိသမျှ၏ ဘဝများထဲသို့ မတူခြားနားသော သီးသန့် ကရုဏာပြချက်များအဖြစ် စီးဆင်းဝင်ရောက်သွားခဲ့သည်။ ထိုနည်းတူ ခရစ်တော်၏ နောက်လိုက်များဖြစ်သော ကျွန်ုပ်တို့သည်လည်း ရှမွေလ ခေတ်ကာလ ဘုရားသခင် ပြတော်မူသော ကောင်းကျိုး စေတနာတို့ကို လေ့လာဖော်ထုတ်ရင်း ကျွန်ုပ်တို့အပေါ် ဘုရားသခင် ပြသတော်မူသည့် ကြင်နာသနားမှုပုံစံ အမျိုးမျိုးကိုလည်း ကျွန်ုပ်တို့ တွေ့နိုင်ကြပါသည်။

ဒုတိယအားဖြင့် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းအတွင်း လူသားများဖက်မှ သစ္စာစောင့်ရန် ဘုရားသခင့် တောင်းဆိုမှုသည် ဓမ္မသစ်ကာလအတွက်လည်း အကျုံးဝင် ပတ်သက်မှု ရှိသည်။ ဦးစွာ ခရစ်တော် ကိုယ်တိုင်၏ စုံလင်ပြည့်ဝသည့် နာခံမှုဆီသို့ ကျွန်ုပ်တို့ကို လမ်းညွှန်သည်။ ပေနိန္န၊ ဧလိ၏ သားများနှင့်တကွ ဧလိသားတို့ ဩဇာအောက်ရှိ ဣသရေလ အမျိုးသားများ၏ ကျရှုံးခြင်းများသည် ခရစ်တော်၏ စစ်မှန်သော သစ္စာစောင့်သိမှုနှင့် ယှဉ်သည့် ဝတ်ပြုခြင်းနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ခြားနားလျက်ရှိသည်။ ဟန္န၊ ရှမွေလ နှင့် ရှမွေလ ဩဇာအောက်ရှိ ဣသရေလ အမျိုးသားတို့ ပူဇော်သော သစ္စာစောင့်သည့် ဝတ်ပြုခြင်းသည် ခရစ်တော်၏ ပိုမို၍ပင် ကြီးမားပြီး စုံလင်ပြည့်ဝသော ဝတ်ပြုခြင်းကို ဖော်ပြနေသည်။ သို့တိုင်အောင် သစ္စာစောင့်သော ဝတ်ပြုမှု ဆိုင်ရာ မောရှေ၏ စံနှုန်းများကို သူတို့၏ ဘဝ၌ လက်တွေ့ အသုံးပြုရန် ရှမွေလ လက်ထက် မူလ ပရိသတ်တို့ တောင်းဆိုခံခဲ့ရပုံနှင့် များစွာ အလားတူ ဓမ္မသစ်ကာလ ဝတ်ပြုကိုးကွယ်မှု စံနှုန်းတို့ကို ကျွန်ုပ်တို့ အသက်တာ၌ လက်တွေ့ အသုံးချရန် ကျွန်ုပ်တို့လည်း တောင်းဆိုခံထားရသည်။ စစ်မှန်ပြီး သစ္စာစောင့်သိသော ဝတ်ပြုမှုဖြင့် လူသားများဖက်မှ သစ္စာရှိမှုကို ကျေးဇူးတင်စွာ ဖော်ပြရန် ခရစ်တော်၏ အသင်းတော်အပေါ် ဘုရားသခင် မျှော်လင့်ထားသည်။ ယော ၄း၂၃ တွင် ယေရှုက "ကိုးကွယ်သောသူ မှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ရမည့် အချိန်ကာလသည် ယခုပင် ရောက်လျက်ရှိ၏။ အကြောင်းမူကား ထိုသို့ ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏" ဟု မိန့်ဆိုထားခဲ့သည်။

တတိယအားဖြင့် အဆိုပါ အခန်းကြီးများအတွင်း မနာခံမှုအတွက် ဘုရားသခင့် ကျိန်ခြင်းများနှင့် နာခံခြင်းအတွက် ကောင်းချီးများအားလည်း ဓမ္မသစ် အမြင်နှင့် ရှုမြင်ရမည် ဖြစ်သည်။ ဤကဏ္ဍအတွင်း ဘုရားသခင့် ကျိန်ခြင်းတို့သည် မူလ ပရိသတ်အား ဘုရားဝတ်ကို ချိုးဖောက်ခြင်းမပြုရန် သတိပေးခဲ့သည်။ ထို့ပြင် ၎င်းတို့သည် မိမိကိုယ်တိုင် အပြစ်ကင်းသော်လည်း မိမိထံ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း၌ လာရောက်သူတိုင်း၏ ကိုယ်စား ဘုရားသခင့် ထာဝရ ကျိန်ခြင်း အမင်္ဂလာတို့ကို ခံယူပေးခဲ့သော ခရစ်တော်အား ပြညွှန်နေကြသည်။ ဆုံးမပဲ့ပြင်ရန်နှင့် ကိုယ်တော်နှင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝေးမသွားစေရန်အတွက် ကိုယ်တော်၏ အသင်းတော်အပေါ် ယာယီဒုက္ခဆင်းရဲတို့ကို ဘုရားသခင် သွန်းလောင်းနေဆဲ ဖြစ်သည်။ အလားတူပင် ရှမွေလ ဓမ္မရာဇဝင်၏ ဤကဏ္ဍအတွင်း တွေ့ရသော ယာယီကောင်းချီးတို့သည်လည်း ဣသရေလ အမျိုးသားတိုင်းအား ဘုရားဝတ်၌ သစ္စာရှိစေရန် အားပေးခဲ့သည်။ အဆိုပါ ကောင်းချီးများသည်လည်း ဘုရားသခင့်အထံတော်မှ ခရစ်တော်ကိုယ်တိုင် ခံယူရရှိသည့် ပိုကြီးမြတ်သော ထာဝရ ကောင်းချီးများဆီသို့ ကျွန်ုပ်တို့အား လမ်းညွှန်နေသည်။ သို့သော် တစ်ချိန်တည်းမှာပင် နေ့စဉ် ကျွန်ုပ်တို့အသက်တာ အတွက် ရှမွေလ ရာဇဝင် ဤကဏ္ဍထဲက ဘုရားသခင့်ကောင်းချီးများ၏ သက်ရောက်မှုကို ကျွန်ုပ်တို့ ဥပေက္ခာ မပြုသင့်ပါ။ ဟန္န၊ ရှမွေလနှင့် ဣသရေလ ရှိသမျှအား သူတို့၏ နာခံမှုအတွက် ဘုရားသခင် ကောင်းချီးပေးခဲ့သည်နှင့်အညီ ခရစ်တော်သည်လည်း သူ၏ အသင်းတော်ကို ချီးမြှင့်ရန် ယာယီကောင်းချီးတို့ကို ပေးနေကြောင်း ဓမ္မသစ်က သွန်သင်လျက် ရှိသည်။ ထို့ပြင် အဆိုပါ ယာယီကောင်းချီးများကလည်း နောင်ကမ္ဘာသစ်၌ ကျွန်ုပ်တို့ ခံယူရရှိမည့် ထာဝရ ကောင်းချီးများ၏ အမြည်းအစမ်းကို ခရစ်တော်၏ နောက်လိုက်များအား ပေးနေသည်။

ကျွန်ုပ်တို့ ယခုပင်တွေ့ခဲ့ပြီးဖြစ်သလို ရှင်ဘုရင် အုပ်စိုးမှုမတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုသည့်အခါ ဘုရားသခင့် ပဋိညာဉ်များအပေါ် ဇောင်းပေး လုပ်ဆောင်ရန် အရေးကြီးသည်။ သို့သော် ဘုရားသခင့် နိုင်ငံတော်ကို ဆက်လက်ထောက်ကူရေး ကျွန်ုပ်တို့ စာရေးသူ၏ ပန်းတိုင်ကိုလည်း ကျွန်ုပ်တို့ မျက်ခြေမပြတ် ကြည့်နေရပါမည်။

## ဘုရားသခင့် နိုင်ငံတော်

ရှမွေလပေါ်ထွန်းလာဖို့နှင့် ဘုရားသခင့် နိုင်ငံတော်ကို ဆက်လက် ထောက်ကူရန်အတွက် ရှမွေလကို ခေါင်းဆောင်အဖြစ် ချီးမြှောက်ဖို့ ဘုရားသခင်ကိုယ်တိုင် လမ်းညွှန်ခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင်၏ ဤပထမအပိုင်းက ထင်ရှားဖော်ပြသည်။ ကျွန်ုပ်တို့ သိကြသည့်အတိုင်း နောက်ပိုင်းတွင် ဒါဝိဒ်အား ရှမွေလက ရှင်ဘုရင်အဖြစ် ဘိသိတ်ပေးခဲ့သည်။ ၎င်းသည် တနေ့သောအခါ ကမ္ဘာတခွင်လုံးအပေါ် ဘုန်းတော်နှင့် ပြည့်ဝသော ဘုရားသခင့် အုပ်စိုးမှု အောင်ပွဲဆီ ပို့ဆောင်မည့် ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှုပင် ဖြစ်ခဲ့သည်။

ဒါဝိဒ်၏ စုံလင်ဖြောင့်မတ်သော သားတော် ယေရှုသည် အဆိုပါ ဘုန်းနှင့် ပြည့်ဝသော ဘုရားသခင့် အုပ်စိုးမှုအောင်ပွဲကို ပြီးပြည့်စုံစေသူ ဖြစ်ကြောင်း ဓမ္မသစ်က သွန်သင်ထားသည်။ သို့တစေ ဤမျှော်လင့်ချက်ကို မထင်မှတ်ထားသော နည်းများဖြင့် သူ ဖြည့်ဆည်းသည်။ ပြီးခဲ့သည့် သင်ခန်းစာအတွင်း ကျွန်ုပ်တို့ သင်ယူခဲ့သလို ယေရှုသည် ဘုရားသခင့် နိုင်ငံတော်ကို မြေကြီးပေါ်သို့ အဆင့်သုံးဆင့်ခွဲပြီး ဆောင်ကြဉ်းလာသည်။ ၎င်းတို့မှာ သူ၏ ပထမ ကြွလာခြင်းအားဖြင့် နိုင်ငံတော်ကို အစပြုခြင်း၊ သမိုင်းထဲက အသင်းတော်အားဖြင့် နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်စေခြင်း နှင့် ဘုန်းတော်၌ ကိုယ်တော်ပြန်ကြွလာချိန် နိုင်ငံတော်ကို အဆုံးသတ် ပြီးပြည့်စုံစေခြင်းတို့ ဖြစ်ကြသည်။ ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော်ကို ဤကဲ့သို့ သုံးဆင့် ရှုမြင်ချက်သည် ဓမ္မသစ် ယုံကြည်ခြင်းအတွက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အရေးပါသည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့ စာစောင် ပထမ ကဏ္ဍ၏ ခရစ်ယာန် လက်တွေ့ အသုံးပြုချက်တိုင်းသည် အဆိုပါ ဘုရားသခင့် နိုင်ငံတော် အဆင့် သုံးဆင့်လုံးကို ထည့်စဉ်းစားရမည် ဖြစ်သည်။

အစပြုရမည် ဆိုပါက ခရစ်တော်၏ နိုင်ငံတော်အစပြုခြင်း၌ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ၏ ရှေ့ပြေးနိဒါန်းကို ယေရှုက မည်သို့ ပြည့်စုံစပြုစေခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ရှမွေလ ခေတ်ကာလ၌ ရှမွေလ၏ ဦးဆောင်မှုအားဖြင့် သူ၏ နိုင်ငံတော်ကို ဘုရားသခင် ရှေ့သို့ ရွှေ့လျားစေခဲ့သည်။ ထို့ပြင် ယေရှု ပထမကြွလာခြင်း၌ ကိုယ်တော်၏ သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် ယေရှုသည် ဘုရားသခင့် နိုင်ငံတော်ကို အံ့သြဖွယ်ရာ ရှေ့ဆက် တိုးတက် ရောက်ရှိစေခဲ့သည်။ ကားတိုင်ထက် အသေခံခြင်းဖြင့် ဣသရေလနှင့် အခြားသော နိုင်ငံများအပေါ် ဆိုးညစ်မှု၏ အချုပ်အနှောင်ကို ယေရှုက ပြတ်ပြတ်သားသား ချိုးဖျက်ခဲ့သည်။ ထို့ပြင် သေသောသူတို့အထဲမှ သူပြန်ရှင်ထမြောက်သည့်အခါ ဖန်ဆင်းခြင်း အလုံးစုံအပေါ် အုပ်စိုးခြင်း အခွင့်အာဏာကို သူ့အား အပ်နှင်းခဲ့သည်။ မဿဲ ၂၈း၁၈ တွင် ကောင်းကင်သို့ တက်ကြွကာနီးဆဲဆဲ အချိန်ကလေး၌ "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ" ဟု သူ၏ တပည့်တော်များကို ယေရှုက စိတ်ချမှုပေးခဲ့သည်။ ဤသဘောအရ ရှမွေလ ဓမ္မရာဇဝင် ပထမကဏ္ဍအတွင်း သူ၏ နိုင်ငံတော်အတွက် ဘုရားသခင် လုပ်ဆောင်ပြီးစီးသမျှသည် ဒါဝိဒ်၏ ပလ္လင်၌ ခရစ်တော် ပထမဆုံး ထိုင်စဉ် အချိန်အခါ ကိုယ်တော် လုပ်ဆောင်ပြီးစီးခဲ့သည့် သာ၍ ကြီးမြတ်သော အရာတို့ဆီ ကျွန်ုပ်တို့ကို လှည့်စေသင့်ပါသည်။

ထို့ထက်မက အသင်းတော် သမိုင်းတလျှောက် သူ၏ နိုင်ငံတော်ကို ဆက်လက် ဖြစ်ပေါ်စေရာ၌ ခရစ်တော်သည် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ပိုမို၍ ပြည့်စုံစေလျက် ရှိသည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သလို ဘုရားသခင့် နိုင်ငံတော်သည် မြေကြီးစွန်းတိုင်အောင် စတင် ဖြန့်ကျက်တော့မည် ဆိုသည့် ဟန္န၏ မျှော်လင့်ချက်ကို ရှမွေလ ဖွားမြင်လာခြင်းက အသစ်ဖြစ်စေခဲ့သည်။ ထောင်စုနှစ် ကြာသည်အထိ ကမ္ဘာအနှံ့အပြား ဘုရားသခင့် နိုင်ငံတော် ကျယ်ပြန့်စေရန် ခရစ်တော်သည် သူ့အသင်းတော်ကို ဦးဆောင်ရင်း ခွန်အားပေးခဲ့ပြီး ဖြစ်သည်။ {i>သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ <သန့်ရှင်းသော ဝိဉာဉ်တော်>၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒ ပေးကြလော့။<i} ဟူ၍ မဿဲ ၂၈း၁၉နှင့် ၂၀ တို့တွင် ယေရှုက သူ၏ တပည့်တော်များကို မိန့်မှာခဲ့သည်။ သို့ဖြစ်၍ ရှင်ဘုရင် အုပ်စိုးခြင်း မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုသည့်အခါ သန့်ရှင်းသော ဝိဉာဉ်တော် တန်ခိုးအားဖြင့် ခရစ်တော်သည် နေ့စဉ်နှင့်အမျှ သူ၏ အသင်းတော်အားဖြင့် ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့နေသည် ဆိုသည့်အပေါ် ကျွန်ုပ်တို့ မျက်ခြေမပြတ်ဖို့ လိုပါသည်။

ရှင်မဿဲ ခရစ်ဝင်ကျမ်း တလျှောက် ဘုရားသခင့် အုပ်စိုးမှု တည်းဟူသော ကောင်းကင်နိုင်ငံတော်အကြောင်း ယေရှု ဟောပြောသည်ကို ကျွန်ုပ်တို့

တွေ့ကြရသည်။ ၎င်းသည် ဘုရားသခင့် အုပ်စိုးမှုအကြောင်း ယုဒအမြင်ဖြင့် နောက်ထပ် ပြောဆိုနည်း တစ်ခု ဖြစ်ခဲ့သည်။ သို့သော်လည်း အထူးထူးသော ပုံစံများဖြင့် မြေကြီးပေါ်က သူ့အုပ်စိုးမှု သို့မဟုတ် အခွင့်အာဏာကို ယေရှုက ထင်ရှားပြသလျက် ရှိနေသည်။ အနာရောဂါများကို ငြိမ်းစေခြင်း၊ နတ်ဆိုးများကို မောင်းထုတ်ခြင်း၊ မုန်တိုင်းများကို ငြိမ်းစေခြင်း စသည်တို့ ဖြစ်ကြသည်။ သို့သော် အဆုံးသတ်၌ ရှင်မဿဲခရစ်ဝင်ကျမ်း၏ အထွတ်အထိပ်သို့ သင် ရောက်လာချိန်၊ သေခြင်းမှ ပြန်ရှင်ပြီးနောက် ကောင်းကင်သို့ တက်ကြွကာနီးဆဲဆဲတွင် "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ" ဟူ၍ ယေရှု မိန့်ဆိုသည်။ သို့ဖြစ်၍ ခြားနားမှုမှာ ယခုတွင် ယေရှုသည် ပြန်ရှင်ပြီးရုံမျှမက စကြဝဠာကိုပါ အုပ်စိုးလျက် ရှိနေခြင်း ဖြစ်သည်။ သူ ကိုးကားသော “ထာဝရ ဘုရားက ‘သင်၏ ရန်သူတို့ကို သင်၏ ခြေတင်ရာ၊ ငါ မချမထားမီတိုင်အောင် ငါ့လက်ျာဘက်တွင် ထိုင်နေလော့ဟု ငါ၏ သခင်အား မိန့်တော်မူ၏။’” ဆိုသော ကျမ်းချက်သည် ဆာလံ ၁၁၀း၁ ဖြစ်သည်။ ယေရှုသည် ယခု ခမည်းတော်၏ လက်ျာဘက်တွင် ထိုင်နေတော်မူလျက် ရှိပြီး အုပ်စိုးတော်မူနေသည်။ ထို့ပြင် သူ့ရန်မာန်ရှိသမျှကို သူ့ခြေအောက်သို့ မရောက်မီအထိ ဆက်အုပ်စိုးနေမည့်အကြောင်း သူ မိန့်ဆိုထားသည်။

**ဒေါက်တာ Craig S. Keener**

ဟုတ်ပါပြီ။ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်း သည် ခရစ်တော်၏ နိုင်ငံတော် အဆုံးသတ်ပြည့်စုံမှုသို့ ရောက်ချိန် ကိုယ်တော်ပြုမည့် အရာကို ကြိုတင်မျှော်လင့်ထားဖို့ ကျွန်ုပ်တို့ကို တိုက်တွန်းထားသည်။ ဒါဝိဒ် မင်းမျိုးက ဘုရားသခင့် ရန်မာန်ရှိသမျှကို ဖျက်ဆီးပြီး ကမ္ဘာတစ်လွှား ဘုရားသခင့်လူတို့ထံ ဆုံးစမဲ့ ကောင်းချီးများ ယူဆောင်လာမည့် နေ့ရက်ကို မျှော်ကြည့်ကြရန် မူလ ပရိသတ်တို့အား အဆိုပါ ရှမွေလ ဓမ္မရာဇဝင် အခန်းကြီးများက တိုက်တွန်းခဲ့သည်။ ခရစ်တော် ပြန်ကြွလာချိန်တွင် စာတန်မာရ်နတ်၊ သူ့ဩဇာခံ နတ်ဆိုးများ အပါအဝင် ဘုရားသခင်ကို ဆန့်ကျင်ရာတွင် ၎င်းတို့နှင့် အလိုတူအလိုပါဖြစ်ခဲ့သည့် လူသားရှိသမျှအပေါ် ကိုယ်တော်သည် အဆုံးသတ် အောင်ပွဲခံပါလိမ့်မည်။ ဤထက်မက ကောင်းကင်သစ်၊ မြေကြီးသစ်တွင် ကိုယ်တော်၏ လူတို့က မိမိတို့အမွေကို လက်ခံရယူကြသည့်အခါ ခရစ်တော်သည် သူတို့အပေါ်သို့ ကိုယ်တော်၏ ထာဝရ အောင်မြင်ခြင်း ကောင်းချီးမင်္ဂလာတို့ကို သွန်းလောင်းချပေးပါလိမ့်မည်။ မဿဲ ၂၈း၂၀ခ တွင် "ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" ဟု မိမိတပည့်တော်များအား ယေရှုက အားပေးစကား မိန့်ဆိုထားခဲ့သည်။ သို့ဖြစ်၍ ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို ကျွန်ုပ်တို့ လက်တွေ့အသုံးပြုရာ၌ ခရစ်တော်၏ ဘုန်းတော်၌ ပြန်ကြွလာခြင်းကို ကျွန်ုပ်တို့ မျှော်လင့်စောင့်စားနေသည်နှင့်အမျှ ဘုရားသခင့် နိုင်ငံတော်၏ အနာဂတ်ပြည့်စုံမှု အပေါ်တွင်လည်း ကျွန်ုပ်တို့ မျက်ခြေမပြတ် ရှိနေကြဖို့ လိုအပ်ပါသည်။

ယခုတွင် ရှင်ဘုရင်အုပ်စိုးမှု မတိုင်မီ ရှမွေလ အကြောင်း ရှေ့ပြေးနိဒါန်းကို ကျွန်ုပ်တို့ လေ့လာကြပြီး ဖြစ်၍ ၁ ဓမ္မ ၈-၂ ဓမ္မ ၁ အတွင်း ရှမွေလ၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှု ဆိုသည့် ရှမွေလ ဓမ္မရာဇဝင် ဒုတိယပိုင်းဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု

ဒါဝိဒ် ရှင်ဘုရင် မဖြစ်လာမီ အဖြစ်အပျက်များကို ဘုရားသခင် မည်သို့ စီစဉ် လမ်းညွှန်ခဲ့ကြောင်း ပြန်ဆက်ပြောပြရင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူအတွက် ခက်ခဲသည့် စိမ်ခေါ်မှု တစ်ခု ကြုံခဲ့ရသည်။ ရှောလုနှင့် သူ မည်သို့ သက်ဆိုင်ပါသနည်း။ ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှုသည်သာ ဘုရားသခင့် နိုင်ငံတော်အတွက် မျှော်လင့်ရာ ဖြစ်ခဲ့ပါလျှင် ရှမွေလသည် အဘယ်ကြောင့် ရှောလုကို ဣသရေလ ရှင်ဘုရင်အဖြစ် ပထမဆုံး ဘိသိတ်ပေးခဲ့ရပါသနည်း။ အဆိုပါ ကိစ္စရပ်များကို ယခု ကျွန်ုပ်တို့ စာရေးသူက သတိကြီးကြီးထား၍ ကိုင်တွယ်ခဲ့သည်။ ရှောလုကို ဣသရေလ ရှင်ဘုရင်အဖြစ် ဘုရားသခင်က ကနဦး အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း သူဝန်ခံခဲ့သည်။ သို့သော် အဘယ်ကြောင့် ဘုရားသခင်က ရှောလုနှင့် သူ့အမျိုးအား ရှင်ဘုရင်အရာမှ အစဉ်အမြဲ ငြင်းပယ်ခဲ့ပြီး ဒါဝိဒ်နှင့် အစားထိုးခဲ့သည်ကိုလည်း သူ အကျယ်တဝင့် ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့ စာစောင် ပထမအပိုင်းကို ကျွန်ုပ်တို့ သုံးသပ်ခဲ့သည့်နည်းတူ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုကိုလည်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဤအပိုင်း၏ ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာဖြင့် ကျွန်ုပ်တို့ အစပြုကြပါမည်။ ထို့နောက် ၎င်း၏ ခရစ်ယာန် လက်တွေ့အသုံးပြုချက်များအပေါ် ဝေဖန်သုံးသပ်ကြပါမည်။ ရှေးဦးစွာ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု အကြောင်း ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့ဆီ လှည့်ကြပါစို့။

## ဖွဲ့စည်းမှု နှင့် ပါဝင် အကြောင်းအရာ

ရှောလုအုပ်စိုးမှု အကြောင်းသည် အလွန်ပင် နက်နဲရှုပ်ထွေးရကား အားလုံးကို အတူတကွ ချိတ်ဆက်ထားသည့် ဘုရားသခင့် နိုင်ငံတော်နှင့် ဘုရားသခင့် ပဋိညာဉ်များ ဆိုသည့် ပဓာန အာဘော်များကို အလွယ်တကူ မျက်ခြေပြတ်သွားနိုင်ပါသည်။ ပထမအားဖြင့် ဣသရေလတိုင်းပြည်အတွင်း ဘုရားသခင့်နိုင်ငံတော်ကို ဒါဝိဒ်မင်းမျိုးက အဘယ်ကြောင့် ဦးဆောင်သင့်ကြောင်း ရှုထောင့်အမျိုးမျိုးမှ ရှင်းပြဖို့ အဆိုပါ အခန်းကြီးများအား ရည်စူးသတ်မှတ်ထားခဲ့သည်။ ယခုတွင် ဣသရေလ တိုင်းပြည်အတွင်း ရှောလုသည် နည်းလမ်းမျိုးစုံဖြင့် ဘုရားသခင့် နိုင်ငံတော်ကို ရှေ့သို့ရောက်စေခဲ့ကြောင်း ကျွန်ုပ်တို့ စာရေးသူက ရှင်းရှင်းပြဆိုထားခဲ့သည်။ သူ့ အခွင့်အာဏာအောက်တွင် လူမျိုးနွယ်တို့ကို ပေါင်းစည်း ညီညွတ်စေခဲ့ပြီး ဘုရားသခင့်

ရန်သူတို့အပေါ် အောက်မြင်မှုများစွာကို ဣသရေလအတွက် ဆောင်ကြဉ်းပေးခဲ့သည်။ သို့သော် တချိန်တည်းမှာပင် ရှောလုကို ဘုရားသခင် သည်းခံတော်မူနေစဉ်တွင် ဘုရားသခင့်အပေါ် ရှောလု၏ ပုန်ကန်မှုသည် ကြီးမားလှရကား ရှောလုနှင့် သူ့သားမြေးတို့အား ရှင်ဘုရင်အရိုက်အရာမှ ဘုရားသခင် ပယ်ခဲ့ရတော့သည်။ ဘုရားသခင့်ကိုယ်တော်တိုင်၏ စီရင်တော်မူချက်အရ ရှောလု အစား ဒါဝိဒ်ကသာလျှင် ဘုန်းတော်နှင့် ပြည့်ဝသော အနာဂတ် ဘုရားသခင့် နိုင်ငံတော်ဆီသို့ ဣသရေလကို ဦးဆောင်ခေါ်သွင်းလိမ့်မည် ဖြစ်သည်။

ဒုတိယအားဖြင့် မောရှေနှင့် ဘုရားသခင်ဖွဲ့တော်မူခဲ့သည့် ပဋိညာဉ်၏ လူပ်ရှားမောင်းနှင်အားများအဖြစ်ဖြင့် ဤအရာ ရှိသမျှ ဖြစ်ပေါ် ခဲ့ကြောင်း ကျွန်ုပ်တို့ စာရေးသူက ရှင်းပြထားသည်။ ဘုရားသခင်သည် ရှောလု အုပ်စိုးသည့် ကာလအတွင်းတွင် သူ၏ ကောင်းကျိုးစေတနာတို့ကို ဣသရေလအား မည်သို့ ဆက်လက်ပြသခဲ့ကြောင်း အဖန်ဖန် သူ ညွှန်ပြခဲ့သည်။ သို့သော် လူသားများဖက်မှ ကျေးဇူးတင်စွာ သစ္စာစောင့်သိရန် ဘုရားသခင့်တောင်းဆိုမှု အပေါ်မှာလည်း သူ စူးစိုက်ခဲ့သည်။ သီးသန့်အားဖြင့် ပဓာနကျသော တောင်းဆိုချက် နှစ်ခု အပေါ် သူစူးစိုက်ခဲ့သည်။ ၎င်းတို့မှာ ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ မောရှေ ပညတ်များနှင့် ရှင်ဘုရင်အုပ်စိုးမှု ဆိုင်ရာ မောရှေ ပညတ်များ ဖြစ်ကြသည်။ ထို့ပြင် မောရှေ ပညတ်တို့ကို ရှမွေလ ဖောက်ဖျက်မှုတို့က ဘုရားသခင်ထံမှ ဆိုးရွားပြင်းထန်သည့် ကျိန်ခြင်းများကို မည်သို့ ရောက်လာစေခဲ့ကြောင်း မကြာခဏ သူ ထင်ရှားပြသခဲ့သည်။ အဆိုပါ ပညတ်များကို ဒါဝိဒ် နာခံမှုကြောင့် ဘုရားသခင့် အထံတော်မှ ကောင်းချီးများ မည်သို့ ရောက်ရှိလာခဲ့သည်ကိုလည်း သူဖွင့်ပြခဲ့သည်။ ဤ အပိုင်း ပြီးဆုံးချိန်တွင် ဘုရားသခင် ကိုယ်တော်တိုင် ဒါဝိဒ်နှင့် သူ၏ မင်းမျိုးဖြင့် အစားထိုးရန် ရှောလုနှင့် သူ့မိသားစုကို ငြင်းပယ်ခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက သံသယကင်းစေခဲ့သည်။

ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု အကြောင်း ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့သည် ကျွန်ုပ်တို့ စာစောင် ပထမပိုင်းနှင့် အကြမ်းဖျင်း တူညီသည်။ ကျွန်ုပ်တို့၏ စာရေးသူသည် ၁ ဓမ္မ ၈း၁-၁၅း၃၅ အတွင်း ရှောလု၏ အစောပိုင်း နှစ်များဆီ ပထမဦးဆုံး လှည့်ခဲ့သည်။ ထို့နောက် ၁ ဓမ္မ ၁၆း၁-၂ ဓမ္မ ၁း၂၇ အတွင်း ရှောလုထံမှ ဒါဝိဒ်ထံသို့ ဣသရေလ ခေါင်းဆောင်မှု အကူးအပြောင်း အပေါ် သူ စူးစိုက်ခဲ့သည်။ အဆိုပါ ပဓာနကျသော အပိုင်း နှစ်ခုလုံးအား ရှောလု၏ အစောပိုင်းနှစ်ကာလများ မှ စပြီး ကျွန်ုပ်တို့ လေ့လာကြပါမည်။

## ရှောလု၏ အစောပိုင်း နှစ်ကာလများ (၁ဓမ္မ ၈-၁၅)

ကြည့်ရသည်မှာ ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ရှောလု မွေးလာခြင်းနှင့် သူငယ်ဘဝတို့အတွင်း ထူးခြားလေးနက်သည့် အကြောင်းအရာ ရှာမတွေ့ခဲ့ပုံ ရသည်။ ရှောလု၏ အစောပိုင်း နှစ်ကာလများအကြောင်း သူ့မှတ်တမ်းသည် ရှောလု၏ လူရွယ်လူလတ်ပိုင်း နှင့် အစပြုပြီး ၁ ဓမ္မ ၈း၁-၁၂း၂၅ အတွင်း ရှင်ဘုရင်အဖြစ် ဘုရားသခင် ခန့်အပ်ခြင်းကို ကိုင်တွယ်ထားသည်။ ထို့နောက် သူ့ဇာတ်ကြောင်းသည် ၁ ဓမ္မ ၁၃း၁-၁၅း၃၅ အတွင်း ရှင်ဘုရင်အဖြစ်မှ ဘုရားသခင်၏ ငြင်းပယ်ခံရမှုဆီ တိုက်ရိုက် ရွေ့သွားသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ရှောလု၏ ထူထောင်မှု (၁ ဓမ္မ ၈း၁-၁၂း၂၅)** Tရှောလုကို ရှင်ဘုရင်အဖြစ် ထူထောင်မှု၌ အချိုးညီသော အဆင့် လေးဆင့်အဖြစ် ကျရောက်သွားသည့် ဇာတ်ကွက် အများအပြား ပါဝင်သည် ပထမ အဆင့်သည် ၈း၁-၂၂ အတွင်း ပေါ်ပေါက်ပြီး ရှင်ဘုရင်အုပ်စိုးမှုနှင့် စပ်လျဉ်းသည့် ရှမွေလ၏ ကနဦး သတိပေးချက်များနှင့် ဣသရေလအတွက် ရှင်ဘုရင်ရှာဖွေရန် ရှမွေလအား ဘုရားသခင် တာဝန်ပေးမှုတို့ ပါဝင်သည်

ဤအဖွင့် ဇာတ်ကွက်သည် ဣသရေလတို့ ကြုံနေရသော အရေးကြီးသည့် ပြဿနာနှင့် အစပြုသည်။ ရှမွေလ အိုမင်း၍ သူ့သားတို့သည် လောဘကြီးသူ၊ မရိုးသားသူ၊ မဖြောင့်မတ်သူများ ဖြစ်ခဲ့ကြသည်။ ရှမွေလနှင့် ကွာခြားသည်မှာ သူ့သားတို့သည် ဘုရားသခင့်လူတို့အား ရန်သူတို့အပေါ် အောင်မြင်အောင် မစွမ်းဆောင်ပေးနိုင်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ဣသရေလ သက်ကြီးဝါကြီးတို့သည် ရာမမြို့ရှိ ရှမွေလထံသို့ လာ၍ သူတို့အပေါ် အုပ်စိုးမည့် ရှင်ဘုရင် တစ်ပါး အား တောင်းခံခဲ့သည်။ ဤတောင်းခံမှုကို တုန့်ပြန်သည့်အနေနှင့် ၁ ဓမ္မ ၈း၉ ၌ ရှမွေလကို ဘုရားသခင်က

> ယခုမှာ သူတို့စကားကို နားထောင်လော့။ သို့ရာတွင် သတိပေး၍ သူတို့ကို အုပ်စိုးသော ရှင်ဘုရင်၏ ထုံးစံကို ပြလော့ ဟု မိန့်တော်မူခဲ့သည် (၁ ဓမ္မ ၈း၉)။

သို့ဖြစ်၍ ၁ ဓမ္မ ၈း၁၁-၁၇ တွင် ရှင်ဘုရင်အုပ်စိုးမှု အကြောင်း ရှမွေလက အကျယ်တဝင့် သတိပေးချက် ထုတ်ပြန်ခဲ့ရသည်။ ဤကျမ်းချက်၌ အနာဂတ် ဣသရေလ ရှင်ဘုရင်တို့၏ အခွင့်အာဏာကို မောရှေက အကြီးအကျယ် ကန့်သတ်ထားရာ တရား ၁၇း၁၄-၂၀ ကို ရှမွေလ အခြေခံခဲ့သည်။ အဆိုပါ ပြဋ္ဌာန်းချက်များကို ရှင်ဘုရင်တို့ ချိုးဖောက်တတ်ကြကြောင်း ရှမွေလ သတိပေးခဲ့သည်။ ဣသရေလ လူတို့၏ သားများအား စစ်တိုက်ခိုင်းခြင်း၊ ရှင်ဘုရင်ပိုင်လယ်တို့ကို ဣသရေလလူတို့အား ထွန်ယက်ရိတ်သိမ်းစေခြင်း၊ စစ်တိုက်လက်နက်များကို ပြုလုပ်ရန် လူအများအား အဓမ္မစေခိုင်းခြင်း၊ သူတို့၏ သမီးပျိုများအား စားတော်ကဲ၊ အမွှေးနံ့သာ ဖော်သူများ အဖြစ် ဆင့်ခေါ် ခြင်း၊ သူတို့၏ လယ်ယာများကို ခိုးယူခြင်း၊ သူတို့ ရှာဖွေရသမျှထဲက ဆယ်ဖို့တွင် တစ်ဖို့ကို တောင်းဆိုခြင်းနှင့် သူတို့၏ ကျွန်များ၊ လုလင်ပျိုများ၊ မြည်းများ၊ သိုးများကို သူတို့အတွက် သိမ်းယူခြင်းတို့ဖြင့် သူတို့အပေါ် ရှင်ဘုရင်တို့ ဖိနှိပ်ချုပ်ချယ်ကြလိမ့်မည် ဖြစ်သည်။ အဆုံးတွင် လူသား ဘုရင်သည် ဘုရားသခင့်လူရှိသမျှတို့ကို သူ့ကျွန်ဖြစ်စေလိမ့်မည် ဖြစ်ကြောင်း ရှမွေလက သတိပေးခဲ့သည်။ ထို့နောက် ရှမွေလသည် ၁ ဓမ္မ ၈း၁၈ ပါ ဤနောက်ဆုံး သတိပေးချက်ဖြင့် အဆုံးသတ်ခဲ့သည်။

> သင်တို့ ရွေးယူသော ရှင်ဘုရင်ကြောင့် ထိုနေ့၌ သင်တို့ အော်ဟစ်သော်လည်း ထာဝရ ဘုရားသည် နားထောင်တော်မမူ ဟု သတိပေးလေ၏ (၁ ဓမ္မ ၈း၁၈)။

> သမ္မာကျမ်းစာထဲတွင် ဘုရားသခင် လူကို ဖန်ဆင်းခဲ့ချိန်က လူသည် ရှင်ဘုရင်အဖြစ် ဘုရားသခင့် အုပ်စိုးမှု အခွင့်အာဏာကို ဝန်ခံပြီး ဘုရားသခင်၏

> အုပ်စိုးမှုအောက်၌ အသက်ရှင်ရန် ရှိခဲ့သည်။ သို့သော် ရှမွေလ ကာလအတွင်း ဣသရေလ လူမျိုးတို့၏ ပတ်ပတ်လည်ရှိ အခြားသော တိုင်းနိုင်ငံ ရှိသမျှ၌ ရှင်ဘုရင် ရှိခဲ့ကြောင်း ဣသရေလတို့ တွေ့မြင်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည်လည်း သူတို့အတွက် ရှင်ဘုရင် တစ်ပါးလိုချင်ခဲ့ကြသည်။ သို့သော် ထိုသူတို့၏ တောင်းဆိုမှုကြောင့် ရှမွေလ စိတ်ဓာတ်ကျနေသည်ကို ဘုရားရှင် တွေ့သည့်အခါ စိတ်မသာ မဖြစ်ရန် သူ့အား မိန့်ခဲ့သည်။ ဘုရားရှင်က ရှမွေလအား သူတို့စကားကို နားထောင်ရန်၊ သူတို့အသံကို လေးစားနားထောင်ပြီးနောက် သူတို့အားပြောရန်မှာ ရှင်ဘုရင်တစ်ပါးကိုရွေးချယ်ခြင်းသည် အခွန်ထမ်းရခြင်း၊ သူ့အတွက် အခြားတိုင်းနိုင်ငံတို့ကို စစ်တိုက်ရခြင်းကို ဆိုလိုကြောင်း၊ လူတို့ရွေးချယ်သော ရှင်ဘုရင်တို့သည် ဝန်ထုပ်အမျိုးမျိုးကို ပေးကြလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့သည် ဤအချက်ကို သဘောပေါက်ကြလိုကြောင်း၊ ရှင်ဘုရင်သည် ဘုရားသခင့် ပညတ်တော်ကို မြဲမြဲစွဲကိုင်ရန်၊ ဆိုလိုသည်မှာ ရှင်ဘုရင်၌ သူ့ကိုယ်သူ ကန့်သတ်ထိန်းချုပ်ရမည့် စည်းများရှိလိမ့်မည် ဖြစ်ကြောင်း သူတို့အား ပြောရန် မိန့်မှာခဲ့သည်။ ထိုသို့အားဖြင့် လူသား အာဏာပိုင်တို့သည် ဘုရားသခင်ထံမှ ထိန်းချုပ်မှု၊ ဘုရားသခင်ကို ကြည်ညိုလေးစားမှု၊ ဘုရားသခင့်လူတို့အပေါ် ချစ်မြတ်နိုးမှုတို့ ရှိရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ကို ဘုရားသခင် ပြသသည်။ ရှင်ဘုရင်အဖြစ် ရှောလု ရွေးချယ်ခံခဲ့ရပြီးသည့်နောက် ဘုရားသခင်ကို သူအလေးအမြတ် မထားခဲ့တော့ပေ။ ထို့ကြောင့်ပင် သူ့ကို ဘုရားသခင် ပယ်ခဲ့ရခြင်း ဖြစ်သည်။
>
> **— Rev. Dr. Stephen Tong, translation**

ယခုတွင် ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်း၏ မှတ်တမ်းထဲ၌ ဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာ မောရှေ ပညတ်တို့အပေါ် ရှမွေလ ရာဇဝင် စာရေးသူက အလေးပေးခဲ့ကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ သူ့စာစောင် ဒုတိယအပိုင်းတွင်လည်း ဝတ်ပြုကိုးကွယ်ခြင်းအပေါ် ထပ်မံ အလေးပေးခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ကြပါဦးမည်။ သို့သော် ရှောလု အုပ်စိုးမှု အကြောင်း မှတ်တမ်းအစ၌ ဣသရေလအပေါ် ရှမွေလ၏ သတိပေးချက်များ အပေါ် အလေးပေးခြင်းဖြင့် ကျွန်ုပ်တို့စာရေးသူသည် ဣသရေလ ရှင်ဘုရင်များအတွက် ဘုရားသခင့် ပညတ်ချက်များတည်းဟူသော မောရှေပညတ်တရား၏ ဒုတိယ မျက်နှာစာ တစ်ခုကို ရှေ့တန်းတင်လာခဲ့သည်။ မောရှေ တရား၏ ဤမျက်နှာစာသည် ရှောလု၏ ကျရှုံးသော အုပ်စိုးမှု အကြောင်း မှတ်တမ်း၌ အရေးကြီးသော ကဏ္ဍမှ ပါဝင်ခဲ့သည်။

သူတို့၏ ရှင်ဘုရင်သည် သူတို့ကို မမှန်မကန် ဆက်ဆံမည့်အကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ဣသရေလအား သတိပေးခဲ့လင့်ကစား ဤကဏ္ဍ၏ ဒုတိယ အဆင့်သည် ဘုရားသခင့် ကောင်းကျိုး

စေတနာကို ဖော်ပြနေသည်။ ၉း၁-၁၀း၁၆ တွင် ကျွန်ုပ်တို့၏ စာရေးသူသည် ရှောလုအား ရှင်ဘုရင်အဖြစ် ဘုရားသခင့် အတည်ပြုမှုနှင့် ရှမွေလ၏ အသိအမှတ်ပြုမှုတို့အကြောင်း အစီရင်ခံခဲ့သည်။ ဘုရားရှင်သည် ရှမွေလအား ရှောလုထံ လမ်းညွှန်ခဲ့ပြီး သီးသန့် အခမ်းအနားတစ်ခုတွင် သူ့ကို ဘိသိတ်ပေးရန် မိန့်မှာခဲ့သည်။ ၁၀း၁ တွင် ကျွန်ုပ်တို့ ဖတ်ရသလိုပင် ရှောလုအား ရှမွေလက "ထာဝရ ဘုရားသည် သင့်ကို အမွေတော်လူမျိုး၏ မင်းအရာ၌ ခန့်ထား၍ ဆီလောင်းခြင်း ဘိသတိကို ပေးတော်မူ၏" ဟု ဆိုခဲ့သည်။ ထို့ထက်မက ဘုရားသခင်သည် ရှောလုအပေါ် ဘိသိတ်ပေးမှုကို အံ့ဖွယ် နိမိတ်များစွာဖြင့်လည်း အတည်ပြုပေးခဲ့သည်။

ရှောလုကို ထူထောင်ခြင်း တတိယ အဆင့်သည် ဘုရားသခင့် ကောင်းကျိုးစေတနာကို သာ၍ပင် ထင်ရှားပြသသည်။ အခန်းကြီး ၁၀း၁၇-၁၁း၁၃ သည် ရှောလုအား ရှင်ဘုရင်ဖြစ်ကြောင်း၊ ဘုရားသခင် အတည်ပြုကြောင်း လူထု၏ အသိအမှတ်ပြုမှုကို အစီရင်ခံထားသည်။ ဣသရေလ လူမျိုးနွယ် အချို့ကမူ ရှောလုရှင်ဘုရင် ဖြစ်သည့်အပေါ် သံသယ ရှိခဲ့ကြသည်။ သို့သော် ဣသရေလ လူမျိုးနွယ်ရှိသမျှကို စည်းလုံးညီညွတ်စေရန် ရှောလုကို ဘုရားရှင် ခွန်အားပေးခဲ့ပြီး အမ္မုန် လူတို့အပေါ် သူတို့ကို အောင်ပွဲရစေခဲ့သည်။ သို့နှင့် ဣသရေလ အမျိုးသားရှိသမျှတို့သည်လည်း ရှောလုကို အပြည့်အဝ ထောက်ခံအားပေးခဲ့ကြသည်။

သို့တစေ ဘုရားသခင်သည် ရှောလုနှင့် ဣသရေလသို့ သနားကြင်နာမှု အကြီးအကျယ် ပြခဲ့သော်ငြား ဤကဏ္ဍ၏ စတုတ္ထ အဆင့်သည် ရှမွေလ၏ ကနဦး သတိပေးချက်များကို ပဲ့တင်ရိုက်နေသည်။ ၁၁း၁၄-၁၂း၂၅ အတွင်း ကျွန်ုပ်တို့ စာရေးသူသည် ရှင်ဘုရင် အုပ်စိုးမှုအတွက် ရှမွေလ၏ အဆုံးသတ် သတိပေးချက်များနှင့် ဘုရားသခင်အပ်နှင်းသော တာဝန်ကို သူကျေပွန်ခဲ့မှုတို့ဖြင့် ဤကဏ္ဍကို အဆုံးသတ်ထားခဲ့သည်။ သူတို့ထံ ဘုရားသခင် ပြသသည့် ကောင်းကျိုးစေတနာ များကို အသိအမှတ်ပြုရန် ဣသရေလကို ရှမွေလက တောင်းဆိုခဲ့သည်။ သို့သော် ဘုရားသခင့်ထံ ကျေးဇူးသိစွာ သစ္စာစောင့်ခြင်းဖြင့် ဘုရားသခင့် ကြင်နာသနားမှုကို တုန့်ပြန်ရန်ကိုလည်း သူသတိပေးခဲ့သည်။ ၁၂း၂၄ နှင့် ၂၅ တို့တွင် သူဖော်ပြထားခဲ့သည့်အတိုင်း "သင်တို့အတွက် (ဘုရားသခင်သည်) အဘယ်မျှလောက် ပြုတော်မူခဲ့ပြီးသည်ကို အောက်မေ့ကြလော့။ သို့မဟုတ် သင်တို့သည် ဒုစရိုက်ပြုမြဲပြုလျှင် ရှင်ဘုရင်နှင့် တကွ ပျက်ဆီးခြင်းသို့ ရောက်ရကြလိမ့်မည်"

**ရှောလုကို ငြင်းပယ်ခြင်း (၁ ဓမ္မ ၁၃း၁-၁၅း၃၅)** ရှောလုကို ထူထောင်ခြင်း၏ အဆုံး၌ ရှမွေလ၏ နိမိတ် မကောင်းသော သတိပေးချက်များသည် နောက်ဆက်တွဲ အခြေအနေတို့အတွက် လမ်းခင်းလျက်ရှိသည်။ ၁၃း၁-၁၅း၃၅ အတွင်း ဘုရားသခင်သည် ရှောလုအား ရှင်ဘုရင်အရာမှ ငြင်းပယ်သည့်အကြောင်းကို ကျွန်ုပ်တို့ ဖတ်ရသည်။ အဆိုပါ အခန်းကြီးများ တလျှောက် ဝတ်ပြုကိုးကွယ်ခြင်း ဆိုင်ရာ ဘုရားသခင့် ပညတ်များနှင့် ရှင်ဘုရင် အုပ်စိုးမှုဆိုင်ရာ မိန့်မှာချက်များကို ရှောလု မည်သို့ ချိုးဖောက်ခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူက အကြိမ်ကြိမ် သတိပြု မှတ်သားခဲ့သည်။ ထို့ကြောင့် ရလာဒ်အားဖြင့် ဘုရားသခင်သည် သူ၏ ပဋိညာဉ်ဆိုင်ရာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျိန်ခြင်းအမင်္ဂလာများကို သွန်းလောင်းပြီး ရှောလုနှင့် သူ့သားမြေးတို့အား ဣသရေလထီးနန်းဆက်ခံခွင့်ကို ငြင်းပယ်ခဲ့သည်။

ရှောလုကို ငြင်းပယ်ကြောင်း ကျွန်ုပ်တို့စာရေးသူ၏ မှတ်တမ်းသည် ပဓာန အုပ်စု နှစ်ခုအတွင်း ရောက်ရှိသည့် ဇာတ်ကွက် အများအပြား ပါဝင်နေသည်။ ၁ ဓမ္မ ၁၃း၁-၁၄း၅၂ အတွင်း ရှောလုကို အစောပိုင်း ငြင်းပယ်ခဲ့မှုနှင့် ၁၅း၁-၃၅ အတွင်း ရှောလုကို အဆုံးသတ် ငြင်းပယ်ခဲ့မှုတို့ ဖြစ်ကြသည်။ ရှောလုကို အစောပိုင်း ငြင်းပယ်ခဲ့မှု၌ ရှောလုနှင့် ဖိလိတ္တိလူတို့အကြား တိုက်ပွဲစဉ်များကို ကျွန်ုပ်တို့ တွေ့ရသည်။ အဆိုပါ တိုက်ပွဲများသည် ၁၃း၁-၄ အတွင်း ဖိလိတ္တိလူတို့ကို ဣသရေလတို့က ကနဦးတိုက်ခိုက်ခဲ့ခြင်းဖြင့် အစပြုသည်။ ရှောလု၏ အတွင်းစိတ်နှလုံးနှင့် ဘုရားသခင့်လူတို့အပေါ် မမှန်မကန် ဆက်ဆံသည့် သဘောကို အရိပ်အခြည်မျှ ကျွန်ုပ်တို့ ရုတ်ခြည်း သိကြရသည်။ အကြောင်းမှာ သူ့လူတို့ကို စစ်ပွဲထဲစေလွှတ်ခဲ့သော်လည်း သူကိုယ်တိုင်ကမူ လုံခြုံသည့် နေရာမှာသာ နေခဲ့၍ ဖြစ်သည်။ ထိုမျှမက ရှောလု၏ သား ယောနသန်က ဖိလိတ္တိလူတို့အပေါ် အောင်ပွဲရစေခဲ့ရာတွင် ရှောလုက သူ့အောင်ပွဲဟုသာ ကြွေးကြော်ခဲ့သည်။

ဣသရေလ၏ ကနဦး တိုက်ပွဲ ပြီးသည့်နောက် ၁၃း၅-၁၅ အတွင်း ဖိလိတ္တိလူတို့၏ တန်ပြန်စစ်အတွက် ဣသရေလတို့၏ ပြင်ဆင်မှုများဆီ ဇာတ်ကြောင်းက ဦးလှည့်သွားသည်။ တိုက်ပွဲအတွက် အသင့်ရှိကြရန် လူတို့အား ရှောလု ဆင့်ဆိုခဲ့သော်လည်း လူတို့သည် အကြောက်လွန်ကာ လိုဏ်ဂူများ၊ ကျောက်ကြိုကျောက်ကြားများအတွင်း ပုန်းကွယ်နေခဲ့ကြသည်။ စစ်သူရဲများ ပြန့်ကျဲကုန်သည်နှင့် ရှောလုသည်လည်း ကြောက်စိတ်မွန်ကာ ရှမွေလ၏ ညွှန်ကြားချက်တို့ကို ပြောင် အာခံသည့်အနေဖြင့် မီးရှို့ရာယဇ်နှင့် မိတ်သဟာယယဇ်များကို ပူဇော်ခဲ့သည်။ စစ်ပွဲမစမီ ယဇ်ပူဇော်ရန်အတွက် သူရောက်အလာကို စောင့်ဆိုင်းရန် ရှောလုကို ရှမွေလ မိန့်မှာထားခဲ့ပြီး ဖြစ်သည်။ သို့သော် သူ့စစ်တပ်အား ဘုရားကို ကြောက်ရွံ့ရန်နှင့် အကွယ်အကာအတွက် ဘုရားအပေါ်မှာသာ ကိုးစားရန် ဦးဆောင်မည့်အစား ယဇ်များကို မိမိကိုယ်တိုင် စီစဉ်ရန် ရှောလု ရွေးချယ်ခဲ့သည်။ နောက်ဆုံး ရှမွေလ ရောက်လာသည့်အခါ ရှောလုသည် ဘုရားဝတ်ကို ချိုးဖောက်ခဲ့ပြီး ဖြစ်သောကြောင့် ပြစ်ဒဏ်စီရင်ချက် ဘုရား အမိန့်ကိုသာ ကြေညာခဲ့ရတော့သည်။ ၁၃း၁၄ တွင် ရှမွေလက ရှောလုကို ပြောသည်မှာ

> ယခုတွင် သင်၏ နိုင်ငံတော်သည် မတည်ရ။ ထာဝရ ဘုရားသည် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူကို ရှာတော်မူ၏။ ထိုသူသည် လူမျိုးတော်အပေါ်မှာ မင်းဖြစ်စေခြင်းငှာ ထာဝရ ဘုရား မိန့်တော်မူပြီ (၁ ဓမ္မ ၁၃း၁၄)။

ရှောလုကို အစောပိုင်း ငြင်းပယ်မှုအကြောင်း ကျွန်ုပ်တို့ စာရေးသူ၏ မှတ်တမ်းသည် ၁၃း၁၆-၁၄း၄၆ အတွင်း နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ဖိလိတ္တိလူတို့ကို တိုက်ခိုက်ရခြင်း နှင့် ဆက်သွားသည်။ အစပြုရမည် ဆိုပါက သူ၏ တော်ဝင် အခွင့်အာဏာကို ရှောလု အလွဲသုံးခဲ့ပုံ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ထပ်ပုံစံကို ကျွန်ုပ်တို့ လေ့လာနိုင်ပါသေးသည်။ အဆင်အခြင်မဲ့စွာပင် သူ့လူတို့အား သံ ဓားနှင့် လှံများထောက်ပံ့ရန် သူ ဥပေက္ခာပြုခဲ့သည်။ ထိုအစား သူ့အတွက်နှင့် သူ့သား ယောနသန်တို့အတွက်သာ လက်နက်ရှိခဲ့သည်။

ကျွန်ုပ်တို့၏ စာရေးသူက ရှောလုသည် ပထမတွင် စစ်ပွဲနှင့် ဝေးရာမှာ နေခဲ့ကြောင်းကိုလည်း ညွှန်ပြခဲ့သည်။ ဘုရားသခင်၌ ယုံကြည်ခြင်း ကြီးစွာဖြင့် ယောနသန်က ရုတ်တရက် တိုက်ပွဲဝင်၍ ဖိလိတ္တိတို့ ပျာယာခတ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်ပြီးနောက်မှ ရှောလု တိုက်ပွဲထဲ ဝင်လာခြင်း ဖြစ်သည်။ သို့သော် ဤသို့ ဖြစ်ပြီးနောက်မှာပင် ရှောလုသည် ဘုရားသခင့် ဝတ်ကို ဖောက်ဖျက်ခဲ့သည်။ ယဇ်ပုရောဟိတ် အဟိယကို ဆင့်ခေါ်၍ ပဋိညာဉ်သေတ္တာကို သူ့ထံ ဆောင်ယူလာစေပြီး စစ်ပွဲအတွက် သူတို့ပြင်ဆင်နိုင်ရန် လုပ်ခဲ့ပြန်သည်။ သို့သော် ဖိလိတ္တိလူတို့၏ တိုက်ခိုက်မှုသည် အလျင်အမြန် ရောက်လာတော့မည့် ပုံပေါ်သဖြင့် ရှောလုသည် ယဇ်ပုရောဟိတ်ကို တားမြစ်ကာ အသေအချာ မပြင်ဆင်ဘဲ စစ်ပွဲထဲသို့ အလျင်စလို ဝင်သွားခဲ့သည်။

ရှောလုသည် သူ့စစ်သူရဲများကို သာ၍ပင် အလွဲသုံးခဲ့သည်။ ဖိလိတ္တိလူတို့နောက်လိုက်ရန် အလွန်ပင် စိတ်အားကြီးနေခဲ့ရကား အစာစားရန် ရပ်တန့်သည့် စစ်သူရဲမှန်သမျှအပေါ် အကျိန်တိုက်ခဲ့သည်။ မထင်မှတ်ဖွယ်ပင် ယောနသန်သည် ဤ အကျိန်ကို မသိဘဲ ပျားရည် အနည်းငယ်ကို စားခဲ့သည်။ ရှောလု၏ စစ်သူရဲတို့က သူ့အား ပြစ်တင်ပြောဆိုသည့်အခါမှ သူ့ဖခင် မည်မျှမိုက်မဲကြောင်း သူသတိထားမိခဲ့သည်။ ၁၄း၂၉ နှင့် ၃၀ တို့တွင် "ယောနသန်ကလည်း ငါ့အဘသည် ပြည်သားတို့ကို နှောင့်ယှက်လေပြီ။ ..... လူများတို့သည် ယနေ့ တွေ့မိသော ရန်သူ၏ ဥစ္စာကို စားချင်တိုင်း စားလျှင် အဘယ်မျှလောက် အကျိုးကြီးလိမ့်မည်တကား။ ဖိလိတ္တိလူတို့ကို သာ၍ လုပ်ကြံကြလိမ့်မည်တကား" ဟုဆိုခဲ့သည်။

သူ့စစ်သူရဲများကို အစာမစားဖို့ အတင်းအကြပ်ပြုခဲ့ခြင်းသည် တိုက်ပွဲပြီးသည့်နောက် ဘုရားဝတ်ကို နောက်ထပ် ဆိုးဆိုးရွားရွား ဖောက်ဖျက်မှုကြီးတစ်ခုဆီ ရောက်စေခဲ့ပြန်သည်။ ရှောလု၏ လူတို့သည် အလွန်ပင် ဆာငတ်နေခဲ့ကြရကား လုယူရမိသည့် တိရစ္ဆာန်များကို အလျင်စလို အသွေးနှင့်တကွ သတ်စားခဲ့ကြသည်။ ၎င်းသည် တရားဟောရာ ၁၇း၁၀ တွင် တင်းကြပ်စွာ တားမြစ်ထားသော အပြုအမူတစ်ခု ဖြစ်သည်။ ဤအပြုအမူသည် ဘုရားသခင့် ပညတ်တရားကို ချိုးဖောက်ချက် ဖြစ်ကြောင်း ရှောလုကို သတိပေးခဲ့ပြီးနောက်မှသာလျှင် ဘုရားသခင့် အမိန့်တော်အတိုင်း သူ့လူတို့အတွက် တိရစ္ဆာန်ယဇ်ပူဇော်ရန် ယဇ်ပလ္လင်ကို သူ ဆောက်ခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့၏ စာရေးသူကလည်း ၁၄း၃၅တွင် "ထိုပလ္လင်ကား ထာဝရ ဘုရားအဖို့ တည်သော ပထမ ပလ္လင်ဖြစ်သတည်း" ဟု သုံးသပ်ချက် ပေးခြင်းဖြင့် ရှောလု၏ အားထုတ်မှုကို ထပ်မံ မှေးမှိန်စေခဲ့သည်။

ဤနေရာ၌ ရှောလုသည် ဘုရားရှင်ထံမှ အဆုံးသတ် လမ်းညွှန်မှုကို တောင်းခံခဲ့သည်။ သို့သော် ၁၄း၃၇ အရ ဘုရားသခင်သည် သူ့အား ထိုနေ့တွင် အဖြေမပေးခဲ့ပေ။ သူ့စစ်သူရဲများကို တောင်းဆိုခဲ့သည့် မိုက်မဲသော သစ္စာပေးမှုကို ယောနသန် ဖောက်ဖျက်သောကြောင့် ဘုရားရှင်ထံမှ အဖြေမရခြင်း ဖြစ်ကြောင်း ယဇ်ပုရောဟိတ်တို့၏ အကူအညီဖြင့် ရှောလု သိရှိခဲ့သည်။ ယခု အကြိမ်တွင်လည်း စစ်ပွဲအောင်မြင်ရန် ဦးဆောင်ခဲ့သည့် ယောနသန် မုချသေရမည့်အကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အမိန့်ပေးခြင်းဖြင့် သူ၏ ဖိနှိပ်ညှင်းဆဲသည့် အုပ်စိုးမှုကို ရှောလု ပြသခဲ့ပြန်သည်။ စစ်သူရဲတို့က ယောနသန်အတွက် အသက်စွန့်ပြီး အာမခံသောကြောင့်သာလျှင် ရှောလုက သူ့ကို မကွပ်မျက်ခဲ့ခြင်း ဖြစ်သည်။

အဆုံးတွင် ၁၄း၄၇-၅၂ အတွင်း ရှောလု အုပ်စိုးချိန်အတောအတွင်း စစ်ပွဲများနှင့် သူ့စစ်တပ်ကို ဦးဆောင်ခဲ့သည့် တပ်မှူးများအကြောင်း အကျဉ်းချုပ်ဖော်ပြခြင်းဖြင့် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် အစောပိုင်း ကာလ ရှောလုအား ငြင်းပယ်ခဲ့ခြင်း မှတ်တမ်းကို အဆုံးသတ်ခဲ့သည်။ သို့သော် အခန်းငယ် ၅၂ တွင် ဤအလားအလာမကောင်းသော မှတ်ချက်ကို ထပ်ပေးခဲ့သည်။ "ရှောလုလက်ထက် ကာလပတ်လုံး ဖိလိတ္တိလူတို့ကို ကျပ်ကျပ်စစ်တိုက်ကြရ၏" ရှမွေလသို့ ဘုရားရှင် ပေးသော အောင်ပွဲများနှင့် ဆန့်ကျင်ကွဲလွဲစွာပင် ရှောလုကို ဘုရားရှင်က အကြီးအကျယ် ငြင်းပယ်ခဲ့ရကား ရှောလုသည် ဖိလိတ္တိတို့ကို မည်သည့်အခါတွင်မျှ ပြတ်ပြတ်သားသား နိုင်ခဲ့သည်ဟူ၍ မရှိခဲ့ပေ။ ထို့မျှမက အခန်းငယ် ၅၂ တွင် "ခွန်အားကြီးသောသူ၊ ရဲရင့်သောသူတွေ့သမျှတို့ကို ရှောလုသည် ရွေးကောက်ခန့်ထားလေ့ရှိ" ကြောင်းကိုလည်း ကျွန်ုပ်တို့ ဖတ်ရသည်။ ရှမွေလ သတိပေးခဲ့သလိုပင် ရှောလုသည် သူ၏ အဆုံးမဲ့ စစ်ပွဲများအတွက် လူများနိုင်သမျှ များများကို အတင်းအကြပ် ဆင့်ခေါ်ခြင်းဖြင့် ဘုရားသခင့် လူတို့ကို ဆက်လက် ဖိနှိပ်ညှင်းဆဲခဲ့သည်။

ရှောလုကို ဘုရားသခင် ငြင်းပယ်မှု အစောပိုင်း အကြောင်း အစီရင်ခံပြီးသည့်နောက် ကျွန်ုပ်တို့၏ စာရေးသူသည် ၁၅း၁-၃၅ အတွင်း အာမလက်လူတို့နှင့် ရှောလု စစ်ပြိုင်မှုတို့အကြောင်း အစီရင်ခံထားရာ ရှောလုကို အပြီးသတ် ငြင်းပယ်ခြင်းဆီသို့ လှည့်ခဲ့သည်။ ထွက်မြောက်ရာ ၁၇း၁၄-၁၆ နှင့် တောလည် ၂၄း၂၀ တို့တွင် အာမလက်လူတို့ကို ရှင်းရှင်း ဖျက်ဆီးရန် ဘုရားသခင် မိန့်တော်မူခဲ့သည်။ အကြောင်းမှာ မောရှေကာလ ဣသရေလ လူတို့ကို ၎င်းတို့က ဒုက္ခ အကြီးအကျယ် ပေးခဲ့သောကြောင့် ဖြစ်သည်။ ရှောလုကို စစ်ပွဲထဲ မစေလွှတ်မီ ရှမွေလက မောရှေတရားထဲ ပြဋ္ဌာန်းထားသည့် ဘုရားသခင်၏ အဆိုပါ အမိန့် စီရင်ချက်ကို ရှောလုအား ရှင်းလင်းပြတ်သားစွာ သတိပေးခဲ့ပြီး ဖြစ်သည်။

သို့သော် အာမလက်တို့အပေါ် အကြီးအကျယ် အောင်ပွဲ ရပြီးသည့်နောက် ရှောလုသည် ဘုရားသခင့် မိန့်မှာချက်ကို လိုက်နာခြင်း မရှိခဲ့တော့ပေ။ ၁၅း၉ အရ ဆိုပါက ရှောလုနှင့် သူ့လူတို့သည် တိုက်ပွဲရ ပစ္စည်းများထဲမှ အကောင်းဆုံးသော အရာတို့ကို ဖျက်ဆီးလိုစိတ် မရှိခဲ့ကြပေ။ ထိုအစား "အသုံးမဝင် ယုတ်မာသော ဥစ္စာရှိသမျှတို့ကိုသာ ရှင်းရှင်း ဖျက်ဆီး" ခဲ့ကြသည်။ အခြားသော စာစဉ်များအတွင်း ကျွန်ုပ်တို့ ရှင်းပြထားသလိုပင် "ဖျက်ဆီးရန် ရည်စူးထားသော" ဟူသည့် စကားစုသည် ဟေဗြဲ ကြိယာ (ခါရမ်)အား ပြန်ဆိုထားခြင်း ဖြစ်သည်။ ဤဝေါဟာရ အသုံးအနှုန်းက ဣသရေလတို့၏ စစ်ပွဲများအတွင်း ဘုရားရှင်က ဖျက်ဆီးရန် တောင်းဆိုသည့် အရာမှန်သမျှသည် ဘုရားသခင်ကို ချီးမွမ်းခြင်းအတွက် ဝတ်ပြုကိုးကွယ်သည့်သဘောဆောင်သည့် ယဇ်ပူဇော်မှု တစ်ခု ဖြစ်ခဲ့ကြောင်း ညွှန်ပြခဲ့သည်။ သို့သော် ရှောလုသည် သူ့ဘဝ၏ ဤနေရာတွင် ဘုရားသခင်ကို ဝတ်ပြုခြင်းမှ အလွန်ပင် လမ်းလွဲဝေးကွာခဲ့ရကား အကောင်းဆုံး တိုက်ရာပါ ပစ္စည်းတို့ကို ဘုရားသခင်ကို မပေးဘဲ ထိန်ချန်ခဲ့ရုံမက အခန်းငယ် ၁၂တွင်လည်း သူ့ဂုဏ်အတွက် အောင်တိုင်ထူခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာရသည်။ ထို့ပြင် ရှမွေလက ရှောလုကို ထိပ်တိုက်တွေ့သည့်အခါ ရှောလုက



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့စစ်သည်များအပေါ် တလွဲအပြစ်ပုံချခဲ့သည်။ ထို့ကြောင့် ၁၅း၂၈ တွင် ထာဝရ ဘုရား မိန့်မှာခဲ့သည့်အတိုင်း ရှမွေလသည် ရှောလုအား ဤ ကြမ္မာငင်သော စကားတို့ကို ဆင့်ဆိုခဲ့သည်။

> ရှမွေလကလည်း "ယနေ့ ထာဝရ ဘုရားသည် ဣသရေလနိုင်ငံကို သင်မှ ဆုတ်ယူ၍ သင့်ထက်ကောင်းသော သင်၏ အိမ်နီးချင်းအား ပေးတော်မူပြီ။

ထို့အပြင် အခန်းငယ် ၂၉ တွင် ရှမွေလက ဘုရားသခင့် စီရင်တော်မူချက်သည် နောက်ပြန်လှည့်မရတော့ကြောင်း ဤသို့ ထပ်ပြောခဲ့သည်။

> ထိုမှတပါး ဣသရေလအမျိုး၏ အစွမ်းသတ္တိ ဖြစ်သော ဘုရားသည် မုသာသုံးခြင်း၊ နောင်တရခြင်းနှင့် ကင်းလွတ်တော်မူ၏။ နောင်တရအံ့သောငှာ လူဖြစ်တော်မမူ (၁ ဓမ္မ ၁၅း၂၈-၂၉)။ ရှောလုသည် ရှင်ဘုရင်အဖြစ် အုပ်စိုးမှု၌ ကျရှုံးခဲ့ပြီး သူ့နိုင်ငံတော်သည်လည်း ကျရှုံးခဲ့ရသည်။ အကြောင်းမှာ လိုအပ်သော ဝိညာဉ်ရေး စရိုက်လက္ခဏာနှင့် အရည်အချင်း ကိုက်ညီပြည့်ဝမှု မရှိခဲ့သောကြောင့် ဖြစ်သည်။ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များနှင့် စပ်လျဉ်း၍ သူ၌ အပေါ် ရံ အရည်အချင်း ကိုက်ညီမှု အချို့ ရှိခဲ့ပါသည်။ သို့တစေ ထာဝရ ဘုရားထံ စိတ်နှလုံး ကိုးစား အပ်နှံခြင်း မရှိခဲ့သလို ထာဝရ ဘုရား၏ နှုတ်ထွက်စကားတော်ကိုလည်း နာခံခြင်း မရှိခဲ့ပါ။ ဥပမာအားဖြင့် အာမလက်လူတို့ကို သွားတိုက်ခိုက်ရန် နှင့် အာမလက်တို့အား ရှင်းရှင်း ဖျက်ဆီးရန် သူ့အား ဘုရားရှင် စေလွှတ်ရာ၌ ထူးခြားလေးနက်ပြီး အရေးပါသော အဖြစ်အပျက်တစ်ခု ရှိသည်။ ထိုအချိန်က အာမလက်လူတို့ကို ဖျက်ဆီးခြင်းသည် မည်သည့်အဓိပ္ပာယ်ကို ဆိုလိုကြောင်း သိနားလည်ထားပြီး ဖြစ်သည်။ ထိုအရာကို ရှောလု မလုပ်ခဲ့ပါ။ ထိုအစား ရှင်ဘုရင်နှင့် အကောင်းဆုံးသော သိုးနွားတို့ကို အသက်မှ သူလွှတ်ပေးခဲ့သည်။ ရှမွေလ သူ့ထံလာရောက်ပြီး အကြောင်းရင်းကို မေးသည့်အခါ အဓိပ္ပာယ်ကင်းမဲ့ပြီး မခိုင်လုံသည့် ဆင်ခြေများဖြင့် သူ၏ မနာခံမှုကို ကာကွယ်ပြောဆိုခဲ့သည်။ သို့ဖြစ်၍ ဘုရားသခင်က "သူသည် ငါ၏ ပညတ်တို့ကို မကျင့်၊ ငါ့နောက်သို့ မလိုက်၊ လမ်းလွှဲပြီ" ဟု မိန့်တော်မူခဲ့သည်။ ၎င်းတို့သည် ထာဝရ ဘုရား မိန့်တော်မူသော စကားများ ဖြစ်ကြသည်။ "သူသည် ငါ့ကို ငြင်းပယ်သောကြောင့် ငါသည်လည်း သူ့အားငြင်းပယ်ပြီ" ဟု ဘုရားသခင် မိန့်ဆိုတော်မူနေခဲ့သကဲ့သို့ ဖြစ်သည်။ ရှောလုသည် ဆန့်ကျင်ပုန်ကန်သူ ဖြစ်ခဲ့ပြီး ထိုပုန်ကန်မှုကို ရှမွေလက ရှင်းရှင်း သိရှိခဲ့သည်။ "ခိုင်မာသော သဘောသည် ဗေဒင်တန်ဆာကို သုံးခြင်းကဲ့သို့၎င်း အပြစ်ကြီး၏" ဟု သူပြောဆိုခဲ့သည်။ ရှောလုသည် ဆန့်ကျင် ပုန်ကန်ပြီး ငါတကောကောသော လူမျိုး ဖြစ်သည်။ ဘုရားသခင့် မိန့်တော်မူချက်များကို နာခံအပ်နှံခြင်း မရှိခဲ့ဘဲ ဘုရားသခင့် အလိုတော်ကိုလည်း

> မဖြည့်ဆည်းခဲ့ရကား ရှင်ဘုရင် အရာမှ သူ့ကို ဘုရားသခင် ငြင်းပယ်တော်မူခဲ့သည်။
>
> **— Rev. Dr. Emad A. Mikhail**

ရှောလုသည် နောင်တရဟန်ပြုကာ ခွင့်လွှတ်မှုကို တောင်းခံခဲ့သော်လည်း ဘုရားသခင့် ငြင်းဆန်မှုသည် မပြောင်းလဲခဲ့ပေ။ အာမလက်လူတို့၏ ရှင်ဘုရင်ကို ရှမွေလက ဓားဖြင့် သုတ်သင်ပြီးနောက် ရှမွေလသည် ရှောလုကို ထားပစ်ခဲ့ပြီး နောက်တဖန် သူ့အား မည်သည့်အခါမျှ မတွေ့ခဲ့ရတော့ပေ။ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဘုရားသခင်သည် ရှောလုအား ကောင်းကျိုးစေတနာပြခဲ့သော်ငြား ရှောလုသည် ဘုရားအပေါ် အလွန်ပင် သစ္စာမဲ့ခဲ့ရကား ရှင်ဘုရင် ဖြစ်ရန် အခွင့် မရှိတော့ပေ။

ရှောလုကို ဘုရားသခင် မည်သို့ထူထောင်ခဲ့ပြီး ရှင်ဘုရင် အဖြစ်မှ ငြင်းပယ်ခဲ့ကြောင်း သူ၏ အုပ်စိုးမှု အစောပိုင်းနှစ်များအတွင်း ကျွန်ုပ်တို့တွေ့ခဲ့ရပြီး ဖြစ်သည်။ ယခု ၁ ဓမ္မ ၁၆း၁-၂ ဓမ္မ ၁း၂၇ အတွင်း ရှောလုထံမှ ဒါဝိဒ်ထံသို့ တော်ဝင် ခေါင်းဆောင်မှု အကူးအပြောင်းဆီ လှည့်ကြပါစို့။

## ခေါင်းဆောင်မှု ကူးပြောင်းခြင်း ( ၁ဓမ္မ ၁၆- ၂ဓမ္မ ၁)

ကျွန်ုပ်တို့ စာစောင် ပထမပိုင်းအတွင်း ဧလိ မိသားစုထံမှ ရှမွေလထံသို့ အကူးအပြောင်းနှင့် များစွာ အလားတူပင် ရှောလုနေရာ၌ ဒါဝိဒ် ဘုရင် ဖြစ်လာရခြင်း၏ အကြောင်းရင်းကို ရှင်းပြသည့် ရှောလုနှင့် ဒါဝိဒ်တို့အကြား ဆန့်ကျင် ခြားနားမှု များစွာကို အဆိုပါ အခန်းကြီးများက တင်ဆက်ပေးနေသည်။

အဆိုပါ အခန်းကြီးများ၏ အလေးဂရုပြုချက်များကို သိနားလည်ရန် အတွက် ပိုငယ်ရွယ်ပြီး အောင်မြင်သော စစ်ခေါင်းဆောင်တို့က သူတို့၏ ရှင်ဘုရင်တို့အား ဆန့်ကျင်ပုန်ကန်ခြင်းအမှုသည် ရှေးခေတ် ကမ္ဘာလောကတွင် ပုံမှန် ဖြစ်လေ့ရှိကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားဖို့ လိုပါသည်။ ထို့ကြောင့် ဒါဝိဒ်သည် ရှောလုကို ပုန်ကန်ရာ၌ ဦးဆောင်သူ ဖြစ်ကြောင်း ဣသရေလအမျိုးသား အများစုက ယူဆကြသည်မှာ သဘာဝကျသည်။ သို့သော် အဆိုပါ အခန်းကြီးများအတွင်း ကျွန်ုပ်တို့၏ စာရေးသူသည် မှတ်တမ်းကို အရှိအတိုင်းဟုတ်တိုင်း မှန်ရာကိုသာ ရေးခဲ့သည်။ ဒါဝိဒ်သည် ရှောလုကို ဆန့်ကျင်ပုန်ကန်ခဲ့ခြင်း မရှိပါ။ ၎င်းနှင့် ဆန့်ကျင်ခြားနားစွာပင် ဒါဝိဒ်သည် ရှောလုက သူ့အပေါ် ရန်လိုမုန်းတီးမှုများ ဆက်လက်တိုးပွားလာခဲ့စဉ်မှာပင်လျှင် ရှောလု၏ ကျိုးနွံနှိမ့်ချသော အစေအပါးအဖြစ် ဆက်ရှိနေခဲ့သည်။ ထို့သို့ဖြစ်လျှင် ဒါဝိဒ်သည် ဣသရေလ ရှင်ဘုရင်အဖြစ် ရှောလုနေရာကို အဘယ်သို့ အစားထိုး ဝင်ရောက်လာခဲ့ပါသနည်း။ ကျွန်ုပ်တို့၏ စာရေးသူက ဘုရားသခင် အလုပ်လုပ်နေခြင်း ဖြစ်ကြောင်း ရှင်းပြထားသည်။ ပုန်ကန်ဆန့်ကျင်မှုအတွက် ရှောလုအပေါ် ကျိန်ခြင်း အမင်္ဂလာများကို သွန်းလောင်းပြီး ကျိုးနွံနှိမ့်ချသော

အလုပ်အကြွေးပြုမှုအတွက် ဒါဝိဒ်အပေါ် ကောင်းချီးများ သွန်းလောင်းခြင်းဖြင့် အဆိုပါ ပုဂ္ဂိုလ်တို့၏ အခြေအနေတို့ကို ဘုရားသခင် ကိုယ်တော်တိုင် ပြောင်းပြန် ဖြစ်စေခဲ့သည်။

ခေါင်းဆောင်မှု ကဏ္ဍ အကူးအပြောင်း ကာလအတွင်း ကျိန်ခြင်းနှင့် ကောင်းချီးများကို ဘုရားသခင် ပြောင်းပြန်လှည့်စေသည့်အကြောင်း ကျွန်ုပ်တို့ စာရေးသူ၏ တင်ပြချက်ကို အဓိက အဆင့်လေးဆင့် ခွဲနိုင်သည်။ ၎င်းတို့မှာ ၁၆း၁-၂၃ အတွင်း ဒါဝိဒ်အပေါ် ရှောလု ရန်လိုခြင်း၏ သမိုင်းနောက်ခံ၊ ၁၇း၁-၂၃း၂၈ အတွင်း ဒါဝိဒ် အပေါ် ရှောလု၏ ရန်လိုမှု တိုးပွားမြင့်တက်လာခြင်း၊ ၂၃း၂၉-၂၇း၁၂ အတွင်း ရှောလု၏ ရန်လိုမှု လျော့ပါးခြင်း နှင့် ၁ ဓမ္မ ၂၈း၁-၂ ဓမ္မ ၁း၂၇ အတွင်း ရှောလု ရန်လိုမှု၏ အကျိုးဆက်တို့ ဖြစ်ကြသည်

**ရန်လိုမှု၏ သမိုင်းနောက်ခံ (၁ ဓမ္မ ၁၆း၁-၂၃)** ပထမဆုံး အဆင့်— ရှောလု၏ ရန်လိုမှု သမိုင်းနောက်ခံက အဆိုပါ အခန်းကြီးများအတွင်း ဖြစ်ပျက်သမျှ အရာရာတို့၏ နောက်ကွယ်၌ ဝိညာဉ် အဖွဲ့အစည်းများ အလုပ်လုပ်နေကြောင်း ဖော်ပြသည်။ ဇာတ်ကွက် နှစ်ခုထဲမှ ပထမဇာတ်ကွက်တွင် ၁၆း၁-၁၃ က ဒါဝိဒ်နှင့် ဘုရားသခင့် ဝိညာဉ်တော်တို့အကြောင်းကို ကိုင်တွယ်ထားသည်။ ဤဇာတ်ကွက်ထဲ၌ ဘုရားသခင်သည် ရှမွေလအား သူ့ဇာတိ ရာမမြို့မှ ဒါဝိဒ်ကို ဘုရင်သစ်ဖြစ်စေသည့် ဖြစ်စဉ် စတင်ခဲ့ရာ ဗက်လင်မြို့သို့ သွားရန် တောင်းဆိုခဲ့သည်။

သီးသန့် အခမ်းအနားတစ်ခု၌ ဒါဝိဒ်အား ဘိသိတ်ပေးရန် ရှမွေလကို မိန့်မှာခြင်းဖြင့် ဘုရားသခင်သည် ဒါဝိဒ်ကို ကောင်းချီးပေးခဲ့သည်။ ထို့ကြောင့် ဒါဝိဒ် ဘိသိတ်ပေးခံရချိန်တွင် နောက်ထပ်ကောင်းချီးတစ်ခု သူ့အပေါ် ကျရောက်ခဲ့သည်။ ၁၆း၁၃တွင် "ဘုရားသခင်၏ ဝိညာဉ်တော်" – ဟေဗြဲလို(*ရူအာ့ခ် ရာဝေး*) သည် ထိုနေ့မှစ၍ ဒါဝိဒ် အပေါ်မှာ သက်ရောက်လေ၏" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ဘုရားသခင့် ဝိညာဉ်တော်သည် ထိုနေ့မှစ၍ ဒါဝိဒ် ပြုသမျှ အမှုကောင်းတို့၏ အရင်းအမြစ် ဖြစ်ခဲ့ကြောင်း ရှမွေလ ဓမ္မရာဇဝင် ရေးသူက ရှင်းရှင်း ပြဆိုထားခဲ့သည်။ ထာဝရ ဘုရားသည် သီးသန့် အရေးကြီးသော အချိန်အခါတို့၌ ဒါဝိဒ်နှင့် အတူရှိကြောင်း ၁၆း၁၈ နှင့် ၁၈း၁၂၊ ၁၄ နှင့် ၂၈ တို့တွင် မီးမောင်းထိုးပြခြင်းဖြင့် အဆိုပါ အမြင်ကို ကျွန်ုပ်တို့ စာရေးသူက အားဖြည့်ခိုင်ခံ့စေခဲ့သည်။

ရှောလု၏ ရန်လိုမှုအကြောင်း သမိုင်းနောက်ခံကို ကိုင်တွယ်ထားသည့် ဒုတိယဇာတ်ကွက် သည် ၁၆း၁၄-၂၃ အတွင်း ရှောလုနှင့် ဆိုးသော ဝိညာဉ်အကြောင်း အစီရင်ခံခြင်းဖြင့် ပြတ်သားသော ဆန့်ကျင် ခြားနားမှုကို ထူထောင်ထားသည်။ အဆိုပါ အခန်းကြီးတို့သည် ရှောလု၏ မင်းနေပြည်တော်ဖြစ်သော ဂိဗာမြို့၌ ရှောလုထံ ပုံမှန် အစေခံရန် ဒါဝိဒ် လာရောက်ချိန်အပေါ် စူးစိုက်ထားသည်။ အဆိုပါ အဖြစ်အပျက်တို့ မည်သည့်အချိန် ဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့ အတိအကျ မသိရပါ။ အကြောင်းမှာ နောက်ပိုင်း လာမည့် ထိုဇာတ်ကွက်အတွင်း ရှောလုသည် ဒါဝိဒ်ကို မမှတ်မိခဲ့သောကြောင့် ဖြစ်သည်။

၁၆း၁၄ ပါ အဖွင့်ပိုင်းက ထိုအချိန်တွင် ရှောလုအပေါ် ကျရောက်ခဲ့သည့် ကျိန်ခြင်း အမင်္ဂလာ နှစ်ခုအကြောင်းကို ပြောပြသည်။ "ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် ရှောလုမှ ထွက်သွား၍ ထာဝရ ဘုရားထံတော်က အန္တရာယ်ပေးတတ်သော ဝိညာဉ် (ဟေဗြဲလို ဆိုးသော ဝိညာဉ်ဟုလည်း ပြန်ဆိုနိုင်) သည် နှောင့်ယှက်တတ်၏" နောက်ပိုင်း အဆိုပါ အခန်းကြီးများထဲတွင် ကျွန်ုပ်တို့၏ စာရေးသူသည် အဆိုပါ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျိန်ခြင်း အမင်္ဂလာတို့၏ အကျိုးဆက်များအကြောင်းကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခဲ့သည်။ ၁၈း၁၂ တွင် ရှောလုထံမှ သန့်ရှင်းသော ဝိညာဉ်တော် ထွက်ခွာသွားမှုသည် သူ့အား ကြောက်ရွံ့မှုကို ဖြစ်စေခဲ့ပြီး ၁၈း၁၀ နှင့် ၁၉း၉ တို့အရ ဆိုးသော ဝိညာဉ်သည် ရှောလုကို ရှုံးသွပ်စေခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင် ဆရာကလည်း ရှောလုကို ဆိုးသောဝိညာဉ် နှိပ်စက်ချိန်၌ ကူညီရန် ရှောလု၏ လူတို့က ဒါဝိဒ်ကို ရှောလုထံ ခေါ်ဆောင်လာခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဒါဝိဒ်သည် ကျွမ်းကျင်သော ဂီတသမား ဖြစ်ကြောင်း၊ ရဲရင့်သော စစ်သူရဲလည်း ဖြစ်ပြီး အလိမ္မာဖြင့် ပြောဆိုတတ်သူ တစ်ဦး ဖြစ်ကြောင်း ရှောလု၏ လူတို့က ဖော်ပြကြသည်။ သို့သော် အရေးအပါဆုံးမှာ ရှောလုနှင့် မတူဘဲ ထာဝရ ဘုရားသည် ဒါဝိဒ် *နှင့်* အတူ ရှိကြောင်း သူတို့ဆိုကြခြင်း ဖြစ်သည်။ ဒါဝိဒ်စောင်းတီးသည့်အခါ ရှောလုကို ညှင်းဆဲသော ဝိညာဉ်ဆိုး ထွက်ရကြောင်း အစီရင်ခံချက်ပါသည့် ဤဇာတ်ကွက် အဆုံးတွင် ကျွန်ုပ်တို့၏ စာရေးသူသည် ရှောလုနှင့် ဒါဝိဒ်တို့အကြား အဆိုပါ ဆန့်ကျင်ခြားနားမှုအား အတည်ပြုခဲ့သည်။

**ရှောလု၏ ရန်လိုမှု တိုးပွားမြင့်တက်လာခြင်း (၁၈မှ ၁၇း၁-၂၃း၂၈)** ရှောလုမှ ဒါဝိဒ်ထံသို့ ကူးပြောင်းခြင်း ဒုတိယမြောက် အဆင့်သည် ၁၇း၁-၂၃း၂၈ အတွင်း ရှောလု၏ ရန်လိုမှု တိုးပွားမြင့်တက်လာသည့် အတောအတွင်း ဘုရားသခင့် ကောင်းချီးများနှင့် ကျိန်ခြင်းအမင်္ဂလာတို့အပေါ် စူးစိုက်ထားသည်။ အဆိုပါ အခန်းကြီးများသည် ၁၇း၁-၁၈း၉ အတွင်း ရှောလု၏ ကနဦး ရန်လိုမှု အကြောင်း ရှင်းပြသည့် ဖြစ်စဉ်နှင့် အစပြုသည်။ ဤနေရာတွင် ရှမွေလ ဓမ္မရာဇဝင် စာစောင်အတွင်း ဒါဝိဒ်နှင့် ဂေါလျတ် ဇာတ်လမ်းဟု လူသိများသည့် တစ်ခုတည်းသော အရှည်လျားဆုံး ဇာတ်ကြောင်းကို တွေ့ရသည်။ ကျွန်ုပ်တို့စာရေးသူက ရှောလုနှင့် သူ့စစ်သူရဲတို့သည် ဂိဗာမြို့မှ ခွာ၍ အဇေကာမြို့နှင့် ရှောခေါမြို့ အနီးတဝိုက်တွင် ဖိလိတ္တိလူတို့ကို တိုက်ရန် တပ်ချခဲ့ကြောင်း အစီရင်ထားခဲ့သည်။ ဤနေရာသည် လူကောင်ကြီးမားလှသည့် စစ်သူရဲ ဂေါလျတ်က သူနှင့် တိုက်ရန် ဣသရေလကို စိမ်ခေါ် ခဲ့သည့် နေရာပင် ဖြစ်ခဲ့သည်။ ၁၇း၅၈ တွင် ရှောလုက ဒါဝိဒ်မည်သူနည်း ဆိုသည်ကို မေးခဲ့သဖြင့် အဖြစ်နိုင်ဆုံးမှာ ဤဇာတ်ကွက်သည် ရှောလု၏ နန်းတော်တွင် ဒါဝိဒ် မင်းမှုမထမ်းမီ ဖြစ်ပျက်ခဲ့သည်။

ဤ ထင်ရှားသော ဇာတ်လမ်းအတွင်း ရှောလုနှင့် ဒါဝိဒ်တို့အကြောင်း ပြတ်သားသော ဆန့်ကျင်ခြားနားမှုတို့ကို တွေ့နိုင်သည်။ ဥပမာအားဖြင့် ၁၇း၁၁ တွင် ရှောလုနှင့် သူ့စစ်သူရဲတို့သည် ဂေါလျတ်၏ ခြိမ်းခြောက်မှုတို့ကို ကြားသည့်အခါ "စိတ်ပျက်၍ အလွန်ကြောက်ရွံ့ခဲ့ကြသည်"။ သို့သော် ဘုရားသခင့် ဝိညာဉ်တော်သည် ငယ်ရွယ်ပြီး သိုးထိန်းမျှသာဖြစ်သည့် လူငယ်လေး ဒါဝိဒ်ကို သတ္တိ၊ ယုံကြည်ခြင်းတို့ဖြင့် ကောင်းချီးပေးခဲ့သည်။ ၁၇း၄၅-၄၇တွင် ဒါဝိဒ်က ဂေါလျတ်အား "ငါသည် ဣသရေလဗိုလ်ခြေတို့၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရ ဘုရား၏ နာမတော်ပါလျက် သင်ရှိရာသို့ လာ၏......။ ထာဝရ ဘုရားသည် စစ်မှုကို ပိုင်တော်မူ၏" ဟု တုန့်ပြန်ပြောဆိုခဲ့သည်။ ဂေါလျတ်အပေါ် ဒါဝိဒ်၏ အောင်မြင်မှုသည် အခြားသူတို့ထံမှ ထောက်ခံအားပေးမှု ရရှိခြင်း ကောင်းချီးကိုလည်း ယူဆောင်လာခဲ့သည်။ အစပြုရမည် ဆိုပါက ရှောလု၏ သားဖြစ်သူ ယောနသန်သည် ဒါဝိဒ်ကို အလွန်ပင် ချစ်ခင်ခဲ့သည်။ ထို့ပြင် တိုက်ပွဲပြီးဆုံး၍ ရှောလုနှင့် ဒါဝိဒ်တို့ ဂိဗာမြို့သို့ ပြန်ရောက်သည့်အခါ ဒါဝိဒ်၏ ကြီးကျယ်သောအောင်ပွဲကို ချီးမွမ်းသည့်အနေဖြင့် မိန်းမများက သီချင်းသီဆိုခဲ့ကြသည်။ ဒါဝိဒ်အပေါ်

ဤထောက်ခံအားပေးမှု အလုံးစုံတို့သည် ရှောလုအား ဒေါသအမျက်ခြောင်းခြောင်း ထွက်စေခဲ့သည်။ ၁၈း၈ နှင့် ၉ တို့က "ရှောလု အလွန် အမျက်ထွက်၍ ထိုစကားကြောင့် စိတ်ပျက်လေ၏။ ထိုနေ့မှ စ၍ ဒါဝိဒ်ကို အစဉ်ချောင်းမြောင်းလျက် နေ၏" ဟု ကျွန်ုပ်တို့ကို ပြောပြသည်။

> မကြာခဏ ဆိုသလိုပင် ဒါဝိဒ်နှင့် ဂေါလျတ် ဇာတ်လမ်းအား ဒါဝိဒ်၏ အောင်ပွဲအဖြစ် အမြဲလို ပြောကြလင့်ကစား အမှန်မှာ ၎င်းသည် ရှောလု၏ ရှုံးပွဲသာ ဖြစ်ပေသည်။ ထို့ကြောင့် ဣသရေလ လူတို့ ရှောလုကို ရှင်ဘုရင်အဖြစ် ရွေးချယ်ကြခြင်း အကြောင်းရင်းကို ကျွန်ုပ်တို့ တွေ့ရသည့်အခါ သူ၏ အရပ်အမောင်းနှင့် ပတ်သက်ပြီး အပေးအယူကြီးကြီး ပြုထားတာ ရှိသည်။ အနည်းဆုံး သူသည် မည်သူ့ထက်မဆို ခေါင်းတလုံး ပိုမြင့်သည်။ ထို့ကြောင့် ဧလာချိုင့်တွင် ဘုရားသခင့် ဗိုလ်ခြေတို့ကို ရင်ဆိုင်ရန် ဤမျှကြီးမားသည့် လူ့ဘီလူးကြီး ထွက်လာသည့်အခါ သူ့ကို သွားတိုက်ဖို့ သဘာဝကျပြီး ကျိုးကြောင်းသင့်သူမှာ လူတိုင်းထက် ခေါင်းတလုံး ပိုမြင့်သည့် ရှောလုသာလျှင် ဖြစ်သင့်ပေသည်။ သို့သော် ထိုသို့လုပ်ဆောင်ရန် ရှောလု ငြင်းပယ်လိုက်သည်။ သို့ဖြစ်၍ ဒါဝိဒ် ပေါ်လာရသည်။ ရှောလုသည် သူ့သံချပ်ဝတ်တန်ဆာအား ဒါဝိဒ်ဝတ်ဆင် ကြိုးစားခွင့်ကိုပင် ပေးခဲ့သည်။ သို့သော် ဒါဝိဒ် ဝတ်ကြည့်ပြီးနောက် ကြီးလွန်းနေကြောင်း တွေ့ရသဖြင့် ရှောလုသည် စင်စစ် သူ့သံချပ်အင်္ကျီကို စေတနာစိတ်ဖြင့် ပေးသည့် လူကောင်းမျိုး မဟုတ်သည့်ပုံ ရသည်။ "အိုကေ၊ မင်းငါ့သံချပ်အင်္ကျီဝတ်ပြီး ဂေါလျတ်ကို ထွက်တိုက်မယ်ဆိုရင် တိုက်တဲ့သူက ငါဘဲလို့ လူတွေ ထင်ကောင်းထင်ကြမယ်" ဆိုသည်ကို ပြရန် သူ ကြိုးစားခဲ့သည်။ သို့သော် ဒါဝိဒ်သည် မည်သူမည်ဝါဆိုသည်ကို ပြသည့် ထိုသက်သေလက္ခဏာကို ချွတ်ခွာချခဲ့ဟန် ရှိခဲ့ကြောင်း သင်ပြောလိုက ပြောနိုင်ပါသည်။ ရှမွေလ ဓမ္မရာဇဝင် တလျှောက်လုံးကို သဘောတူညီချက်ကြီးကြီးတစ်ခုက လွှမ်းခြုံထားသည်။ ၎င်းသည် မည်သူမည်ဝါ ဆိုသည့် သက်သေလက္ခဏာနှင့် အမြဲတစေ ချိတ်ဆက်နေသည်။ သို့ဖြစ်၍ ဒါဝိဒ်သည် ရှောလု၏ သံချပ်အင်္ကျီကိုသာမက ရှောလု အဖြစ် ထပ်မှတ်စေမည့် သက်သေလက္ခဏာကိုပါ ငြင်းပယ်ခဲ့ပြီး သိုးထိန်းတစ်ယောက်၏ လက်နက်ကိုသာ ယူဆောင်ခဲ့သည်။ သို့ဖြစ်၍ ဘုရားသခင်ကို ကဲ့ရဲ့သော၊ အရေဖျားလှီးခြင်း မခံသည့် ဖိလိတ္တိလူကို ရင်ဆိုင်တိုက်ခိုက်မည့် ဣသရေလ ဘုရင်တပါးအဖို့ ဘုရားသခင် အတူပါရှိသော သိုးထိန်းလက်နက်သည် အရပ်အမောင်းမြင့်မားသန်စွမ်းပြီး သံချပ်အင်္ကျီ ဝတ်ဆင်ထားသည့် ရှင်ဘုရင်ထက် သာ၍ ထူးမြတ်သည်။ သို့ဖြစ်၍ ထိုဇာတ်ကြောင်း၏ လေးနက်ထူးခြားမှုသည် အမှန်စင်စစ် လောကအမြင်တွင် ခေါင်းဆောင်ကောင်း တစ်ယောက်၌ ရှိထိုက်သမျှ အရည်အချင်းအားလုံး ရှိပုံရသူထက်

ကိုယ်တော်အပေါ်မှာသာ လုံးလုံးကိုးစားအပ်နှံသည့် ရှင်ဘုရင်ကိုသာ ဘုရားသခင် ပိုမို နှစ်သက်လိုလားသည်ဆိုသည့်အချက်ပင် ဖြစ်သည်။

**— Prof. Jeffrey A. Volkmer**

၁၈း၁၀-၁၉း၁၇ အတွင်း ရှောလု၏ ကနဦး ရန်လိုမှုမှသည် သူ၏ သွယ်ဝိုက် ရန်လိုမှုဆီသို့ ကျွန်ုပ်တို့ ရွေ့ပြောင်း သွားသည်နှင့်အမျှ ဤဇာတ်လမ်း၏ ဇာတ်ရှိန်သည်လည်း မြင့်တက်လာသည်။ အဆိုပါ ဇာတ်ကွက်များအတွင်း ပြုမူလုပ်ရှားမှု မှန်သမျှတို့သည် အခြေခံအားဖြင့် ဒါဝိဒ်ကို သတ်ဖြတ်ရန် အခြားသူတို့ကို ရှောလုက ကြိုးစားခိုင်းရာ ဂိဗာမြို့တွင် ဖြစ်ပွားခြင်း ဖြစ်သည်။ အဆိုပါ အခန်းငယ်များကို ဇာတ်ကွက် လေးကွက်အဖြစ် ရိုးစင်းစွာ ပိုင်းခြားနိုင်သည်။ ပထမဦးစွာ ၁၈း၁၀-၁၆ အတွင်း ရှောလုသည် ဒါဝိဒ်အား ရန်သူ့စခန်းများသို့ သွားရောက် တိုက်ခိုက်သိမ်းပိုက်စေခြင်းဖြင့် ဒါဝိဒ် အသက်ကို ရန်ရှာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများအတွင်း ဒါဝိဒ် သေဆုံးသွားခဲ့ဖို့ ရှောလု မျှော်လင့်ထားခဲ့သည်မှာ အထင်းသား ဖြစ်သည်။ ယင်းအခိုက်အတန့်ကာလ အတွင်း ရှောလုသည် ဒါဝိဒ်အား လှံဖြင့် ထိုးခဲ့သည်။ သို့သော် ဒါဝိဒ်ကို ရှောလုက မည်မျှပင် သတ်ရန် ကြိုးစားခဲ့ပါစေ၊ ဘုရားသခင်က ဒါဝိဒ်ကို ကောင်းချီးပေးခဲ့သည်။ အခန်းကြီး ၁၈း၁၄ က "ဒါဝိဒ်သည် အရာရာ၌ သတိပညာနှင့် ပြုမူ၍ သူနှင့်အတူ ထာဝရ ဘုရား ရှိတော်မူ၏" ဟု ဆိုထားသည်။ သို့ဖြစ်၍ ဒါဝိဒ်၏ အောင်မြင်မှုများကြောင့် ရှောလုသည် မနာလိုဝန်တိုခြင်း နှင့် ကြောက်ရွံ့ထိတ်လန့်မှု တို့အောက်သို့ ကျရောက်ခဲ့သည်။ သို့ရာတွင် လူအများထံမှ ချီးကျူးဂုဏ်ပြုမှုများ တိုးတက်ရရှိစေခြင်းဖြင့် ဒါဝိဒ်ကို ဘုရားသခင် ကောင်းချီးပေးတော်မူခဲ့သည်။

ဒုတိယမြောက် ဇာတ်ကွက်အတွင်း ၁၈း၁၇-၃၀ တွင် ရှောလုသည် ဖိလိတ္တိလူတို့အားဖြင့် ဒါဝိဒ် အသက်ကို ရန်ရှာခဲ့သည်။ ဂိဗာမြို့တွင် ရှိနေစဉ် သူ့သမီးကြီး မေရပ်ကို ပေးစားမည်ဟု ကတိပေးခြင်းဖြင့် ဖိလိတ္တိလူတို့အပေါ် ပိုမို ရန်လိုလာအောင် ဒါဝိဒ်ကို ရှောလု ဆွဲဆောင်ခဲ့သည်။ ဒါဝိဒ်ကို ဖိလိတ္တိလူတို့ သတ်ကြလိမ့်မည် ရှောလု မျှော်လင့်ထားခဲ့သည်။ သို့ဖြစ်၍ တိုက်ပွဲမှ ဒါဝိဒ် အောင်အောင်မြင်မြင်နှင့် ပြန်လာသည့်အခါ ရှောလုသည် သူ့သမီးကြီး မေရပ်ကို တပါးသူထံ ပေးစားပစ်ခဲ့သည်။ ထို့နောက် ရှောလု နောက်တစ်ကြိမ် ကြိုးစားခဲ့ပြန်သည်။ ဖိလိတ္တိများကို တိုက်ခိုက်ပြီး လူတစ်ရာ၏ အရေဖျားတို့နှင့် ပြန်လာနိုင်ခဲ့မည် ဆိုလျှင် သူ့သမီးငယ် မိခါလကို ဒါဝိဒ်နှင့် ပေးစားမည်ဟု သူ ကတိပြုခဲ့သည်။ ဒါဝိဒ်သည် လွန်စွာမှ အောင်မြင်ခဲ့ရကား ဖိလိတ္တိလူ နှစ်ရာ၏ အရေဖျားတို့ကို ပြန်လည် ယူဆောင်လာခဲ့သည်။ ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်သလို ဘုရားသခင်သည် ရှောလုကို နောက်တဖန် ကြောက်ရွံ့ခြင်း အမင်္ဂလာ အကျိန် ကျရောက်စေပြီး ဒါဝိဒ်အပေါ် သူ၏ ကြောက်ရွံ့ထိတ်လန့်မှုသည်လည်း သာ၍ အရှိန်မြင့်လာခဲ့သည်။ ဒါဝိဒ်ကို မိခါလ ချစ်နှစ်သက်ကြောင်း ရှောလု တွေ့မြင်ခဲ့သည်။ အခန်းငယ် ၃၀ တွင်လည်း ကျွန်ုပ်တို့၏ စာရေးသူက "ဒါဝိဒ်သည် ရှောလု၏ ကျွန်အပေါင်းတို့ထက် သာ၍ သတိပညာနှင့် ပြုမူသဖြင့် အလွန် ဂုဏ်အသရေနှင့် ပြည့်စုံ၏" ဟု ထပ်ဖြည့်ခဲ့သည်။

၁၉း၁-၈ အတွင်း တတိယမြောက် ဇာတ်ကွက်အတွင်းတွင် ရှောလုသည် ယောနသန်နှင့် သူ့နန်းတော် အမှုထမ်းများအားဖြင့် ဒါဝိဒ်ကို သတ်ဖြတ်ရန် လူသိရှင်ကြား အမိန့်ပေးထားခဲ့သည်။ သို့သော် ယောနသန်က ငြင်းပယ်သည့် အခါ ဘုရားသခင်သည် ဒါဝိဒ်ကို ကောင်းချီးပေးခဲ့သည်။ စင်စစ်အားဖြင့် ဒါဝိဒ် ၏ အပြစ်ကင်းမှုကို ကြေညာပေးခြင်း၊ ဒါဝိဒ် ပြုသမျှသည် အဘယ်ပုံစံဖြင့် ရှောလုကို အကျိုးကျေးဇူး ဖြစ်စေသည်ကို ညွှန်ပြပေးခြင်းတို့အားဖြင့် ယောနသန်သည် သူ့ဖခင်ကိုပင်လျှင် အပြစ်ဖော်ပြ ဆုံးမခဲ့သည်။ ရှောလုသည်လည်း သူ၏ အမှားကို ဝန်ခံပြီး နောက်နောင် ဒါဝိဒ်ကို ရန်မရှာတော့ပါဟု ဟန်ဆောင် ကျိန်ဆိုခဲ့သည်။ ၁၉း၈ တွင် ကျွန်ုပ်တို့၏ စာရေးသူက "ဒါဝိဒ် ထွက်လျက် ဖိလိတ္တိလူတို့ကို တိုက်လျက် ကြီးစွာသော လုပ်ကြံခြင်းအားဖြင့် သတ်၍ သူတို့သည် ပြေးကြ၏" ဟု သတိပြု မှတ်သားခဲ့သည်။

၁၉း၉-၁၇ အတွင်း ဒါဝိဒ်အပေါ် ရှောလု၏ သွယ်ဝိုက်ရန်လိုခြင်း အကြောင်း စတုတ္ထမြောက်နှင့် နောက်ဆုံး ဇာတ်ကွက်အတွင်း၌ ရှောလုသည် တမန်များ သို့မဟုတ် လူသတ်များ စေလွှတ်ခြင်းဖြင့် ဒါဝိဒ်၏ အသက်ကို ရန်ရှာခဲ့သည်။ "ထာဝရ ဘုရားထံတော်မှ ဆိုးသော ဝိညာဉ်သည် ရှောလုအပေါ်သို့ သက်ရောက်လာခဲ့"သည့်အတိုင်း ဘုရားသခင်သည် ရှောလုအပေါ် ကျိန်ခြင်းအမင်္ဂလာ တဖန်ကျရောက်စေခဲ့ကြောင်း၊ ရှောလုသည်လည်း တဖန် ဒါဝိဒ်ကို လှံတိုဖြင့် သတ်ရန် အားထုတ်ခဲ့ကြောင်း အခန်းငယ် ၉ က ကျွန်ုပ်တို့ကို ပြောပြသည်။ သို့နှင့် ဒါဝိဒ်သည် မိမိအိမ်သို့ ထွက်ပြေးခဲ့ရတော့သည်။ ဒါဝိဒ်ကို သတ်ရန် ရှောလုက လူသတ်များကို ဒါဝိဒ်အိမ်သို့ စေလွှတ်ခဲ့သည်။ သို့သော် ဘုရားသခင်သည်လည်း ဒါဝိဒ်ကို နောက်တဖန် ကောင်းချီးပေးခဲ့ပြီး ယခု ဒါဝိဒ် ၏ မယား ဖြစ်နေသူ မိခေလက ညအချိန် လွတ်မြောက်နိုင်ရန် ကူညီပေးခဲ့သည်။

အခြားသူတို့အားဖြင့် ဒါဝိဒ်ကို သတ်ရန် ရှောလု၏ ကြိုးစားအားထုတ်မှုများ အပေါ် စူးစိုက်ပြီးသည့်နောက် ကျွန်ုပ်တို့၏ စာရေးသူသည် ၁၉း၁၈-၂၃း၂၈ အတွင်း ဒါဝိဒ်အပေါ် ရှောလု၏ တိုက်ရိုက် ရန်လိုမှုအားဖြင့် ဖြစ်လာခဲ့သည့် တိုးပွားမြင့်တက်လာမှုဆီ လှည့်သွားသည်။ အဆိုပါ အခန်းကြီးများသည် နည်းလမ်းအဖုံဖုံဖြင့် ဒါဝိဒ်နောက်သို့ ရှောလုလိုက်လံနေစဉ် ဒါဝိဒ်အပေါ် ဘုရားသခင်ချပေးသည့် ကောင်းချီးများနှင့် ရှောလုအပေါ် ကျရောက်စေသည့် ကျိန်ခြင်းအမင်္ဂလာတို့၏ အကြောင်းရင်းဇာစ်မြစ်ကို ရှာပေးသည်။

ပထမဦးစွာ ၁၉း၁၈-၂၄ တွင် ရာမမြို့ရှိ ဒါဝိဒ်နှင့် ရှမွေလတို့၏ တဖက်တွင် ဆန့်ကျင်ပြီး ရှောလု ပေါ်လာခဲ့သည်။ ဂိဗာမြို့တွင် ရှောလု၏ လုပ်ကြံသတ်ဖြတ်မှုများမှ လွတ်မြောက်ခဲ့သည့်နောက် ပရောဖက်အပေါင်းအဖော်များကို ရှမွေလ အုပ်ချုပ် သွန်သင်ရင်း နေထိုင်သည့် ရှမွေလ၏ မွေးရပ်မြေသို့ ဒါဝိဒ်ထွက်ပြေးသွားခဲ့သည်။ ဘာဖြစ်ခဲ့သည်ကို ရှမွေလအား ဒါဝိဒ် ပြောပြပြီးသည့်နောက် နှစ်ဦးလုံးသည် အနီးအနားရှိ နာယုတ်ရွာတွင် ခိုလှုံရာကို ရှာခဲ့ကြသည်။ ယခင်ကကဲ့သို့ပင် ရှောလုသည် ဒါဝိဒ်ကိုသတ်ရန် သူသတ်များကို စေလွှတ်ခဲ့သည်။ သို့သော် ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် ဒါဝိဒ်အား အံ့သြဖွယ် ကောင်းချီးပေး ကွယ်ကာခဲ့သည်။ ရှောလုသည် သုံးကြိမ်တိုင် သူသတ်များကို စေလွှတ်ခဲ့လင့်ကစား အကြိမ်တိုင်းတွင် ဝိညာဉ်တော်က သူတို့အပေါ် အကြီးအကျယ်စီးမိုးခဲ့ရကား ထိုသူတို့သည် မိမိတို့၏ လုပ်ငန်းတာဝန်ကို ပြီးမြောက်အောင် မစွမ်းနိုင်ခဲ့ကြပေ။ သို့ဖြစ်၍ ရှောလုသည် စိတ်ပျက်လက်ပျက်ဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရာမမြို့နယ် နာယုတ်ရွာသို့ ကိုယ်တိုင်သွားရောက်ခဲ့သည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် ရှောလုအား အရှက်တကွဲဖြစ်စေခြင်းဖြင့် သူ့အပေါ် ကျိန်ခြင်း ကျရောက်စေခဲ့သည်။ ဘုရားသခင့် ဝိညာဉ်တော်၏ စီးမိုးခံရခြင်းကြောင့် ရှောလုသည် သူ၏ အဝတ်အစားတို့ကို ဆွဲချွတ်ပြီး ဒါဝိဒ်ကို သတ်ဖြတ်မည့်အစား ပရောဖက်သာ ပြုနေခဲ့တော့သည်။

ဒုတိယအားဖြင့် ၂၀း၁-၄၂ အတွင်း ဂိဗာမြို့တွင် ဒါဝိဒ်နှင့် ယောနသန်တို့အပေါ် ရှောလု၏ တိုက်ရိုက် ရန်လိုမှုကို ကျွန်ုပ်တို့ တွေ့ရသည်။ ဒါဝိဒ်သည် ရှမွေလကို ရာမတွင် ထားခဲ့ပြီး ဂိဗာမြို့သို့ ပြန်လာကာ သူ့အပြစ်ကင်းကြောင်း ယောနသန်သို့ နှိမ့်ချစွာ ကန့်ကွက်ပြောဆိုခဲ့သည်။ သို့နှင့် ဘုရားရှင်သည် ဒါဝိဒ်အား ယောနသန်၏ ထောက်မမှုဖြင့် တဖန် ကောင်းချီးပေးခဲ့ပြန်သည်။ ရှောလု၌ ဒါဝိဒ်ကို သတ်ရန် ကြံစည်နေဆဲ ဟုတ်မဟုတ် ဆုံးဖြတ်ရန် နည်းလမ်းတစ်ခုကို သူတို့ အတူတကွ ဖန်တီးခဲ့ကြသည်။ ဒါဝိဒ်အပေါ် သစ္စာရှိမှုကြောင့် ယောနသန်အား ရှောလုက ရက်ရက်စက်စက် ဝေဖန်ပြောဆိုသည့်အခါ သူ့ဖခင်သည် ဒါဝိဒ်ကို သေစေလိုနေဆဲ ဖြစ်ကြောင်း ယောနသန် သိခဲ့သည်။ ထို့ကြောင့် ယောနသန်က သူသည် ဒါဝိဒ်ဖက်မှာ အစဉ်အမြဲ ထောက်မမည့် အကြောင်း အခန်းငယ် ၄၂ ပါ "ထာဝရ ဘုရားသည် သင်နှင့် ကျွန်ုပ်အကြား၊ သင့် အမျိုးအနွယ်နှင့် ကျွန်ုပ်အမျိုးအနွယ် စပ်ကြားမှာ အစဉ်အမြဲ ရှိတော်မူစေသတည်း" ဟူသော ကောင်းချီးစကားနှင့်အတူ လွှတ်ပေးခဲ့သည်။

တတိယအားဖြင့် ဇာတ်ကွက် အတော်များများသည် ၂၁း၁-၂၃း၁၃ အတွင်း ဒါဝိဒ်နှင့် တဲတော်တွင် အမှုထမ်းသော ယဇ်ပုရောဟိတ်တို့အပေါ် ရှောလု၏ ရန်လိုမှုအား စူးစိုက်ထားသည်။ ဤကဏ္ဍသည် ဂိဗာမြို့မှ နောဗမြို့သို့ ခရီးဆက်သော ဒါဝိဒ်နှင့် အစပြုသည်။ နောဗတွင် တဲတော်နှင့် ၎င်းတွင် အမှုထမ်းသည့် ယဇ်ပုရောဟိတ်များ ရှိခဲ့ကြသည်။ ခက်ခဲ ရှုပ်ထွေးသော ဆက်ဆံမှုများအားဖြင့် ဒါဝိဒ်သည်လည်း ဖိလိတ္တိလူတို့နေရာ ဂါသမြို့သို့ ခဏတာ သွားရောက်ခဲ့ပြီး ထို့နောက်မှ အဒုလံ ဥမင်သို့၊ ထိုမှတဆင့် မောဘပြည် မိဇပါ မြို့သို့ ရောက်ခဲ့သည်။ နောက်ဆုံးတွင် ယုဒပြည် ကိလမြို့တွင် ဘုရားသခင့် ယဇ်ပုရောဟိတ် နှင့်အတူ ခေတ္တ ရှိနေခဲ့သည်။

နောဗမြို့ တဲတော်သို့ ဒါဝိဒ် ရောက်သောအခါ သူကိုယ်တိုင်နှင့် သူ့လူတို့အတွက် မုန့်ကို ယဇ်ပုရောဟိတ်မင်း အဟိမလက်ထံမှ တောင်းဆိုခဲ့သည်။ တဲတော်၌ ထာဝရ ဘုရားရှေ့ တင်လှူထားသည့် သန့်ရှင်းသော ရှေ့တော်မုန့်မှတပါး အခြားမုန့် မရှိကြောင်း အဟိမလက်က ရှင်းပြခဲ့သည်။ အဟိမလက်ထံ ဒါဝိဒ်၏ တုန့်ပြန်ချက်က ထိုအချိန်တွင် ဒါဝိဒ်အပေါ် ဘုရားသခင့် ကောင်းချီးသက်ရောက်နေကြောင်းကို ပြသခဲ့သည်။ အခန်းငယ် ၅ တွင် ဒါဝိဒ်က "လုလင် တန်ဆာတို့သည် သန့်ရှင်းပါ၏။ ထိုမုန့်လည်း လူတိုင်းစားရသော မုန့်ကဲ့သို့ ဖြစ်ပါ၏ အကြောင်းမူကား ယနေ့ သန့်ရှင်းသော မုန့်သစ်ကို တင်ထားလျက် ရှိပါ၏" ဟူ၍ ဆိုထားခဲ့သည်။ အဟိမလက်သည် ဒါဝိဒ်အား ထိုနေ့အတွက် နှုတ်ပယ်ထားသော သန့်ရှင်းသော မုန့်ကို ပေးခဲ့သည်။ ထို့ပြင် ဒါဝိဒ်က ဓားလှံလက်နက်ရှိသေးသလောဟု မေးလျှင် အဟိမလက်သည် ဒါဝိဒ်ကို ဘုရားသခင် အတည်ပြုကြောင်း သင့်တော်လိုက်ဖက်သော လက္ခဏာဖြစ်သည့် ဂေါလျတ်၏ ဓားကို ထုတ်ပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဆိုပါ ဇာတ်ကြောင်းများ တလျှောက် ဒါဝိဒ်လုပ်ဆောင်ချက်ကို သူ့ပရိသတ်တို့ အကဲဖြတ်ရာ၌ သူတို့ကို လမ်းညွှန်ရန် သိမ်မွေ့သော သဲလွန်စများအား ရှမွေလ ဓမ္မရာဇဝင်ဆရာက မကြာခဏ ပေးခဲ့ကြောင်းကို တွေ့မြင်ရန် ကျွန်ုပ်တို့ ဂရုစိုက်ကြရမှာ ဖြစ်သည်။ အပေါ် ရှိ ဆိုရလျှင် သန့်ရှင်းသောမုန့်ကို ဒါဝိဒ် စားသောက်ခြင်းသည် မေးခွန်းများပေါ်လာစေခဲ့သည်။ အကြောင်းမှာ ဝတ်ပြုရာ ၂၄း၅-၉ အရ သန့်ရှင်းသော မုန့်ကို လေဝိအမျိုးသားများသာ စားခွင့် ရှိသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဒါဝိဒ်လူတို့၏ သန့်ရှင်းကြောင်း၊ ဂေါလျတ်၏ဓားအား ဒါဝိဒ် လက်ခံရရှိကြောင်းတို့ကို စာရေးသူက ဖော်ပြခြင်းသည် သာမန် ကိစ္စတစ်ခု မဟုတ်ခဲ့ပါပေ။ အဆိုပါ အသေးစိတ် အချက်အလက်များသည် ရှောလု၏ သစ္စာမဲ့မှု နှင့် ဆန့်ကျင်ခြားနားလျက် ဒါဝိဒ်၏ သစ္စာရှိမှုအပေါ် မီးမောင်းထိုးပြခဲ့သည်။ ဘုရားသခင်သည် ထိုအချိန်က ဒါဝိဒ်အပေါ် အတည်ပြုသည်ဆိုသည်ကို သက်သေပြခြင်းလည်း ဖြစ်သည်း သို့ဆိုပါက ဥပုဒ်နေ့တွင် ဂျုံစပါး အနှံများကို ဆွတ်သိမ်းခြင်းဖြင့် ဥပုဒ်နေ့ကို လွန်ကျူးသည်ဟု စွဲချက်အမှားတင်ခံရသည့် မိမိ၏ တပည့်တော်များကို ကာကွယ်ရာ၌ ဤအဖြစ်အပျက်ကို လုကာ ၆း၃ တွင် ယေရှုညွှန်းဆိုခဲ့သည်မှာ အံ့သြဖွယ် မရှိပါ။ ၎င်းတို့ကဲ့သို့ သိမ်မွေ့သော သဲလွန်စတို့သည် ဒါဝိဒ်၏ အပြုအမူတို့အား မူလပရိသတ်တို့ မည်သို့ အကဲဖြတ်သင့်သည်ကို သိနားလည်ရေး အကူအညီပေးရန်အတွက် အဆိုပါ အခန်းကြီးများထဲ တလျှောက် ပါရှိနေကြသည်။

ယခုတွင် ဒေါဂ ဟုခေါ်သည့် ဧဒုံ အမျိုးသားတစ်ဦးရှိပြီး ၎င်းသည် ထိုစဉ်အခါက နောဗမြို့ရှိ ရှောလု၏ သိုးနွားတို့ကို ကြီးကြပ်ရသူ ဖြစ်သည်။ ဒါဝိဒ်၏ အသွားအလာတို့ကို ရှောလုထံ ဒေါဂ သွား၍ သတင်းပို့နိုင်ချေရှိကြောင်း သိမှတ်သဖြင့် ဒါဝိဒ် ထွက်ပြေးခဲ့ရသည်။ ဖိလိတ္တိလူတို့ရှိရာ ဂါသမြို့သို့ သူ ခေတ္တသွားနေခဲ့ပြီး ထိုနေရာ၌ သူရူးတစ်ယောက်ကဲ့သို့ ပြုမူခြင်းဖြင့် ရှင်ဘုရင်ကို လှည့်စားရန်၊ သူ့ကိုယ်ကို ကာကွယ်ရန် ဘုရားသခင်သည် သူ့အား ဉာဏ်ပညာကို ပေးခဲ့သည်။ ထို့နောက် အဒုလံ ဥမင်သို့ သူသွားနေပြီး တိုက်ခိုက်နိုင်သောလူ ၄၀၀ အုပ်စု တစ်စုဖြင့် ထိုနေရာတွင် သူ့ကို ဘုရားရှင် ကောင်းချီးပေးခဲ့သည်။ သို့သော် တတ်နိုင်သမျှ လူတိုင်းကို စစ်ထဲ အဓမ္မဝင်စေသော ရှောလုနှင့် မတူပဲ ဒါဝိဒ်သည် အဆိုပါ စစ်သူရဲတို့ကို အဓမ္မ ဆင့်ခေါ် ခြင်း မပြုခဲ့ပေ။ ထိုသူအပေါင်းတို့သည် သူ့ထံ စိတ်လိုလက်ရ လာခဲ့သူများ ဖြစ်ကြသည်။ လုံခြုံစိတ်ချရာ မောဘပြည် မိဇပေါမြို့သို့ မိမိ၏ မိဘနှစ်ပါးကို ဆောင်ယူသွားခြင်းဖြင့် ဘုရားသခင့် ဝိညာဉ်တော်၏ ကောင်းချီးကို ဒါဝိဒ် ထင်ရှားပြခဲ့သည်။ ပရောဖက် ဂဒ်က ယုဒပြည်သို့ သွားပါဟု မပြောမချင်း ထိုနေရာတွင် သူနေခဲ့ပြီး ဘုရားသခင့် အမိန့်တော်အတိုင်း ကျိုးနွံစွာ လိုက်နာခဲ့သည်။

ဤအရာ အလုံးစုံ ဖြစ်ပေါ်နေစဉ်အတွင်း ရှောလုအပေါ် ဆိုးသော ဝိညာဉ်၏ ကျိန်ခြင်း အမင်္ဂလာ ကျရောက်ပုံမှာ သိသာထင်ရှားခဲ့သည်။ ဂိဗာမြို့တွင်မူ သူ့ကို မထောက်ခံ၍ သူ့လူတို့အပေါ် ရှောလု ပေါက်ကွဲနေခဲ့သည်။ ထို့ကြောင့် နောဗမြို့တွင် ဒါဝိဒ် ရှိနေကြောင်း ဧဒုံလူ ဒေါဂ က ရှမွေလဆီသို့ အကြောင်းကြားပေးခဲ့သည်။ သို့သော် ဒါဝိဒ် ထွက်သွားနှင့်ပြီး ဖြစ်ကြောင်း၊ အဟိမလက်က သူ့ကို ထောက်မခဲ့ကြောင်း ရှောလုသိသောအခါ ဒေါသူပုန်ထကာ ယဇ်ပုရောဟိတ် ရှိသမျှကို သတ်ရန် ဒေါဂ ကို ခိုင်းစေခဲ့သည်။ ၂၂း၁၈ တွင် "ဧဒုံ အမျိုးသား ဒေါဂသည် လှည့်၍ ပိတ်သင်တိုင်းကို ဝတ်သော

ယဇ်ပုရောဟိတ် ရှစ်ဆယ့်ငါးပါးတို့ကို လုပ်ကြံသဖြင့် ထိုနေ့၌ သတ်လေ၏"ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။ ထို့နောက် ရှောလုသည် နောဗ မြို့ရှိ မိန်းမနှင့် ကလေးများ အပါအဝင် လူမှန်သမျှ၊ တိရစ္ဆာန်မှန်သမျှတို့ကို ဖျက်ဆီးခဲ့သည်။ အဟိမလက်၏ သားတစ်ဦးဖြစ်သည့် ယဇ်ပုရောဟိတ် အဗျာသာ တစ်ဦးတည်းသာလျှင် လွတ်မြောက်ခဲ့ပြီး ဒါဝိဒ်နှင့် သူ့လူများထံ ပူးပေါင်းခဲ့သည်။

ဖိလိတ္တိလူတို့ ကိလမြို့ကို ရန်ရှာလာနေကြောင်း သတင်းမကြားရသေးမီတိုင်အောင် ဒါဝိဒ်နှင့် အဗျာသာတို့ ယုဒပြည်ထဲ၌ အတူတကွ သွားလာနေခဲ့ကြသည်။ ရှောလုနှင့် ဆန့်ကျင် ကွဲလွဲစွာပင် ဒါဝိဒ်သည် သူဘာလုပ်သင့်သည်ကို ထာဝရ ဘုရားအား မေးလျှောက်ခဲ့သည်။ ကိလမြို့အား ဖိလိတ္တိလူတို့လက်မှ ကာကွယ်ရန် ဒါဝိဒ်အား ဘုရားသခင် အဖြေ ပေးခဲ့သည်။ သို့နှင့် ဒါဝိဒ်အား ဘုရားသခင် အောင်ခြင်းအခွင့် ပေးခဲ့သည်။ ထိုစဉ်အတွင်း ရှောလုသည် ကိလမြို့သို့လာလိမ့်မည် ဖြစ်ကြောင်း အဗျာသာအားဖြင့် ဒါဝိဒ်ကို ဘုရားရှင် ကောင်းချီးပေး ဖွင့်ပြခဲ့သည်။ သို့ဖြစ်၍ ယဇ်ပုရောဟိတ်ကို ဆင့်ခေါ် ပြီး လမ်းပြမှု ရရန် တဖန် ပဌနာပြုခဲ့သည်။ ဒါဝိဒ် ထွက်ခွာသွားဖို့ ဘုရားသခင် ဖော်ပြခဲ့ပြီးနောက် ရှောလုနှင့် သူ့စစ်သူရဲများလည်း ပြန်လာခဲ့ကြသည်။

၂၃း၁၄-၂၈ အတွင်း ရှောလု၏ တိုက်ရိုက် ရန်လိုမှုအကြောင်း ဖော်ပြသည့် စတုတ္ထနှင့် နောက်ဆုံး အပိုင်းငယ်ထဲ၌ တောကန္တာရ အတွင်း ဒါဝိဒ်အပေါ် ပြုမူခဲ့သည့် ရန်လိုမှု အတော်များများ တစ်ခုနှင့်တစ်ခု ဆက်စပ် ပါဝင်လျက် ရှိနေသည်။ ကိလမြို့ကို စွန့်ခွာပြီးနောက် ဇိဖတောသို့ ဒါဝိဒ် ခရီးဆက်ခဲ့ပြီး နောက်ပိုင်းတွင် မောနတော၏ တောင်ဘက်ပိုကျသော ဒေသသို့ သွားခဲ့သည်။ ထိုနေရာတွင် ရှောလုက ဒါဝိဒ်နောက်သို့ ထပ်မံ လိုက်လံခဲ့ပြန်သည်။

ဤကဏ္ဍ၏ အဖွင့်ပိုင်းသည် ရှောလုအပေါ် သက်ရောက်သော ဆိုးသောစိရင်ဉ်နှင့် ဒါဝိဒ်အပေါ် ဘုရားသခင်ချပေးသော ကောင်းချီး နှစ်ခုလုံးကို သတိပြုမှတ်သားထားသည်။ ရှောလုသည် ဒါဝိဒ်နောက်သို့ သဲကြီးမဲကြီး လိုက်ခဲ့ကြောင်း၊ သို့သော် ဒါဝိဒ်ကို ဖမ်းဆီးနိုင်သည့်အခွင့်အား ဘုရားသခင် သူ့ကို မည်သည့်အခါမျှ မပေးခဲ့ကြောင်း ကျွန်ုပ်တို့ သိရသည်။ ထို့ပြင် ၂၃း၁၇ အရ ယောနသန်သည် ဒါဝိဒ်ထံလာ၍ "မစိုးရိမ်နှင့်။ သင်သည် ကျွန်ုပ် အဘ ရှောလု၏ လက်မှ လွတ်၍ ဣသရေလ ရှင်ဘုရင် ဖြစ်လိမ့်မည်" ဟု ပြောဆိုပြီး သူ့အား စိတ်ချမှုပေးခဲ့သည်။

ထိုစဉ်အတွင်း ဇိဖတောမှ လူအချို့တို့သည် ဒါဝိဒ်ထံ ရှောလုအား ခေါ်သွားပေးမည့်အကြောင်း ကမ်းလှမ်းခဲ့ကြသည်။ သို့ဖြစ်၍ ဒါဝိဒ်နှင့် သူ့လူတို့သည် မောနတောသို့ ဦးတည်ပြီး တောင်ဘက်သို့ သွားခဲ့ကြသည်။ ဒါဝိဒ်ကို ရှောလု ဖမ်းမိလုနီးနီး အခြေသို့ ရောက်ခဲ့သည်။ သို့သော် ဒါဝိဒ်ထံ ရှောလုဝိုင်းပတ်လာစဉ်မှာပင် ဘုရားရှင်သည် ဒါဝိဒ်အား ကောင်းချီးပေးခဲ့ပြန်သည်။ ဣသရေလတိုင်းပြည်အား နေရာအနှံ့ ဖိလိတ္တိလူတို့ တိုက်လာနေကြောင်း ရှောလု သတင်းပို့ချက် ရသဖြင့် လိုက်နေရာမှ မဖြစ်မနေ ပြန်ခေါက်ခဲ့ရပြီး ရန်သူတို့ကို တိုက်ခိုက်ခဲ့ရသည်။

**ရန်လိုမှုတို့ လျော့ပါး ကျဆင်းလာခြင်း (၂၃း၂၉-၂၇း၁၂)** ဒါဝိဒ်အပေါ် ရှောလု၏ ရန်လိုမှု အစပြုခြင်းနှင့် တိုးတက်မြင့်မားလာခြင်းတို့ကို တွေ့မြင်ပြီးသည့်နောက် ၂၃း၂၉-၂၇း၁၂ အတွင်း ရှောလု၏ ရန်လိုမှု လျော့ပါးကျဆင်းခြင်း အကြောင်းကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ အဆိုပါ

အကြောင်းအရာတို့သည် ဒါဝိဒ်၏ သမာဓိ တည်ကြည်မှုကြောင့် ရှောလုက ဒါဝိဒ်အား မည်သို့ အေးအေးချမ်းချမ်း နေထိုင်ခွင့်ပေးခဲ့သည် ဆိုသည့်အပေါ် မီးမောင်းထိုးပြသည်။

ပထမဆုံး ကဏ္ဍသည် ၂၃း၂၉-၂၄း၂၂ အတွင်း အင်္ဂဒိ တောင်၌ ဖြစ်ပျက်ခဲ့သည့် ထင်ရှားသော ဇာတ်ကွက် ဖြစ်သည်။ ဖိလိတ္တိလူတို့ကို တိုက်ခိုက်ရန် ရှောလုထွက်ခွာသွားခဲ့ပြီးသည့်နောက် ဒါဝိဒ်သည် အင်္ဂဒိဟု ခေါ်သည့် အရှေ့ဖက်ဒေသဆီသို့ ရွှေ့သွားသည်။ သို့သော် ရှောလုတိုက်ပွဲပြီးသည့်အခါ ဒါဝိဒ်နောက်သို့ တဖန် ရှောလု လိုက်လံခဲ့ပြန်သည်။ လမ်းတလျှောက်တွင် ရှောလုသည် ဥမင်လိုဏ်ဂူ တစ်ခုအတွင်း အိမ်သာတက်ရန် ရပ်နားခဲ့သည်။ ဘုရားသခင် ပြင်ဆင်တော်မူသောအားဖြင့် အဆိုပါ လိုဏ်ဂူသည် ဒါဝိဒ် ပုန်းအောင်းနေသော လိုဏ်ဂူ ဖြစ်နေခဲ့သည်။ ဒါဝိဒ်သည် ရှောလုကို အလွယ်တကူ သတ်ပစ်နိုင်ခဲ့သော်ငြား ထိုအစား ရှောလု၏ ဝတ်ရုံ အစွန်းကိုသာ ဓားဖြင့် လှီးဖြတ်ခဲ့သည်။ အပြစ်နှင့် ပတ်သက်လျှင် ဒါဝိဒ် မည်မျှလောက် ခံစားထိခိုက်လွယ်ကြောင်း မီးမောင်းထိုးပြရန်အတွက် ကျွန်ုပ်တို့၏ စာရေးသူသည် ဤမျှသေးငယ်သော အပြစ်ကလေးကိုပင် ထာဝရ ဘုရား ဘိသိတ်ပေးသော ရှင်ဘုရင်ကို ပြစ်မှာမိခြင်း အပြစ်အဖြစ် ဒါဝိဒ် ခံစားနားလည်ကြောင်း ညွှန်ပြခဲ့သည်။ သို့ဖြစ်၍ နောက်တနေ့တွင် ဒါဝိဒ်သည် ရှောလုအား အဝေးမှ အော်ဟစ်ခေါ် ခဲ့သည်။ ရှောလု၏ အသက်ကို ၎င်းက လွှတ်ပေးခဲ့ကြောင်း၊ သူ့ကို ၎င်းအနေဖြင့် ရန်ရှာမည် မဟုတ်ကြောင်း ရှင်းရှင်းပြောဆိုခဲ့သည်။ ထို့နောက်တွင် အံ့သြဖွယ်ရှင်းလင်းပြတ်သားသည့် ခဏတာ အချိန်ကလေးအတွင်း ၂၄း၁၇ ၌ ရှောလုက ဒါဝိဒ်အား "သင်သည် ငါ့ထက် သာ၍ တရားစောင့်၏။ သင့်အကျိုးကို ငါဖျက်သော်လည်း သင်သည် ငါ၌ အကျိုးကျေးဇူးပြုပြီ" ဟုလည်းကောင်း၊ ထို့ပြင် ၂၄း၂၀ အရ ရှောလုကိုယ်တိုင်ကလည်း "ယခုမှာ သင်သည် စင်စစ် ရှင်ဘုရင် ဖြစ်လိမ့်မည်ဟူ၍၎င်း၊ ဣသရေလ နိုင်ငံသည် သင့်လက်၌ တည်လိမ့်မည် ဟူ၍၎င်း ငါအမှန်သိ၏" ဟုလည်းကောင်း ဝန်ခံခဲ့သည်။

ဒုတိယမြောက် ကဏ္ဍတွင် ကျွန်ုပ်တို့၏ စာရေးသူသည် ၂၅း၁-၄၄ အတွင်း ပါရန်တော၌ ဒါဝိဒ်နှင့် အဘိဂဲလတို့ ဘာဖြစ်ခဲ့ကြသည်ကို ဖော်ပြခဲ့သည်။ ဤကဏ္ဍထဲတွင် ရှောလုကို မဖော်ပြထားသော်လည်း ကျွန်ုပ်တို့၏ စာရေးသူသည် ရှမွေလ အနိစ္စရောက်ကြောင်း၊ သူ့အတွက် ဣသရေလ အမျိုးသား ရှိသမျှတို့ ငိုကြွေးမြည်တမ်းခြင်းငှာ လာကြကြောင်း မှတ်သားချက်ဖြင့် အစပြုထားခဲ့သည်။ ဖြစ်ဖွယ်ရှိသည်ထက် သေချာပေါက်ဖြစ်နိုင်သည်မှာ ဒါဝိဒ်နှင့် ရှောလု နှစ်ဦးလုံး ယာယီ ငြေငြိမ်းမှု ရယူပြီး ရှမွေလ ဈာပနသို့ တက်ခဲ့ကြကြောင်း ညွှန်ပြလို၍ စာရေးသူက ဖော်ပြခြင်း ဖြစ်သည်။ ဤအချက်ကိုယ်နှိုက်က ရှောလု၏ ရန်လိုမှုများ လျော့ပါးလာခဲ့ကြောင်း ဖော်ပြနေသည်။ သို့ရာတွင် ဒါဝိဒ်က အခွင့်အရေးမယူခဲ့ဘဲ ယုဒပြည်တောင်ပိုင်း ပါရန် တောကန္တာရနယ်များ ဆီသို့ ဝေးဝေးလံလံ ထွက်ပြေးသွားခဲ့သည်။ ထိုနေရာတွင် ဒါဝိဒ်၏ အပြုအမူများက သူအပြစ်ကင်းကြောင်း ထပ်မံ အတည်ပြုခဲ့ပြန်သည်။

အဘိဂဲလ ဟု ခေါ်သည့် လှပတင့်တယ်ပြီး ဉာဏ်အလိမ္မာရှိသော မိန်းမတစ်ဦးနှင့် သူမ၏ ရက်စက် ဆိုးညစ်သော လင်ယောကျ်ား နာဗလတို့ အကြောင်းကို ကျွန်ုပ်တို့ လေ့လာသိရှိရသည်။ နာဗလ ဆိုသည်မှာ "လူမိုက်" ဟု အဓိပ္ပာယ်ရသည်။ တောကန္တာရထဲတွင် နာဗလ၏ သိုးထိန်းများကို ဒါဝိဒ်၏လူတို့က ကောင်းစွာ ဆက်ဆံ၊ ကာကွယ်စောင့်ရှောက်ခဲ့ပြီးနောက် ဒါဝိဒ်သည် သူ့လူများအတွက်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစာအာဟာရ လှူဒါန်းပေးဖို့ နာဗလအား မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဒါဝိဒ်၏ မေတ္တာရပ်ခံချက်ကို နာဗလက မိုက်မိုက်မဲမဲ ငြင်းလွှတ်ပြီး သူ့လွှတ်လိုက်သော တမန်များအားလည်း စော်ကားမော်ကား ပြုခဲ့ချိန်တွင်မူ နာဗလ၏ အိမ်ထောင်ကို တိုက်ရန် သူ့လူများကို ဒါဝိဒ် အသင့်ပြင်ခဲ့သည်။ သူမ ယောက်ျား ကိုယ်စား အဘိဂဲလ က ကြားဝင် တောင်းပန်ပေးခဲ့ပြီး သူမ ယောက်ျား ပြုခဲ့သမျှအတွက် ခွင့်လွှတ်မှုကို တောင်းခံရင်း ဒါဝိဒ်အား စားဖွယ်ရာများ လက်ဆောင်ပေးခဲ့သည်။ ဒါဝိဒ်၏ စိတ်ကောင်းရှိပုံကိုလည်း သူမ နှိမ့်ချစွာ ဝန်ခံသိမှတ်ခဲ့သည်။ ဒါဝိဒ်သည်လည်း လက်တုန့်မပြန်မိလေအောင် ထိမ်းသိမ်းဖေးမခံခဲ့ရသည့်အပေါ် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။ ဆယ်ရက်ခန့်ကြာပြီးနောက် နာဗလကို ထာဝရ ဘုရားဒဏ်ခတ်တော်မူသဖြင့် ထိုသူ သေဆုံးသွားခဲ့သည်။ နာဗလ သေကြောင်း ဒါဝိဒ် ကြားသောအခါ အခန်းငယ် ၃၉ တွင် "ကိုယ်တော်ကျွန်ကို ဒုစရိုက်နှင့် ကင်းလွတ်စေတော်မူသော ထာဝရ ဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း" ဟု တုန့်ပြန်ခဲ့သည်။ ထို့နောက် များမကြာမီ ဘုရားသခင်သည် ဒါဝိဒ်အား ထပ်မံကောင်းချီးပေးခဲ့ပြီး အဘိဂဲလသည်လည်း ဒါဝိဒ်၏ ဇနီးမယား ဖြစ်လာခဲ့သည်။

> ယခုတွင် ဒါဝိဒ်သည် အဘိဂဲလ၏ ခင်ပွန်း ဖြစ်ခဲ့သော နာဗလ အိမ်ထောင်အတွက် ကောင်းသောအမှုများစွာကို ပြုခဲ့သည်။ ဒါဝိဒ်နှင့် သူ့လူများသို့ အစာအာဟာရ ထောက်ပံ့ပေးခြင်းဖြင့် သူ၏ ရက်ရောမှုကို ပြန်လှန် တုန့်ပြန်ရန် နာဗလထံမှ ဒါဝိဒ် မျှော်လင့်ခဲ့သည်။ သို့သော်လည်း နာဗလထံ တမန်များကို ဒါဝိဒ် စေလွှတ်သည့်အခါ ဒါဝိဒ်အား အစားအသောက် ထောက်ပံ့ပေးရန် နာဗလ ငြင်းဆန်ခဲ့သည်။ သို့နှင့် ဒါဝိဒ်သည်လည်း လက်စားသွားချေပြီး နာဗလ နှင့် တကွ သူ့အိမ်သားအချို့ကို သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့သည်။ ယခုတွင် ဤသဘော ဖြစ်ပျက်ခဲ့ကြောင်းကို အဘိဂဲလ က အနေအထားတစ်ခုထိ သိသွားခဲ့သဖြင့် စားဖွယ် အချို့နှင့်အတူ ဒါဝိဒ်ကို အလျင်အမြန်သွားတွေ့ရန် သူမ စီစဉ်ခဲ့သည်။ ယခုတွင် ဒါဝိဒ်ကို အဘိဂဲလ တွေ့ချိန်၌ သူသည် လုပ်ငန်းတာဝန် တစ်ခုအတွက် လာခဲ့ပြီ ဖြစ်သည်။ လက်စားချေရေး မစ်ရှင်ဟု ကျွန်ုပ်ပြောပါမည်။ အဘိဂဲလသည် လုပ်ရည်ကိုင်ရည် ရှိသူဖြစ်ပါသည်။ ထို့ကြောင့် လက်စားမချေရေးအတွက် ဒါဝိဒ်ကို နှိမ့်ချစွာဖြင့် နားချနိုင်ခဲ့သည်။ ဤအခိုက်တွင် သူမစကားကို ဒါဝိဒ် နားထောင်လိုက်နာခဲ့သည်။ ရလာဒ်အားဖြင့် သူမယူဆောင်လာခဲ့သော လက်ဆောင်တို့ကို ဒါဝိဒ် လက်ခံခဲ့ပြီး အဘိဂဲလသည်လည်း ပြန်သွားခဲ့သည်။ သို့ဖြစ်၍ ရက်အနည်းငယ်ကြာသောအခါ ထာဝရ ဘုရား ဒဏ်ခတ်တော်မူသဖြင့် နာဗလ သေဆုံးသွားခဲ့သည်။ ယခု အဘိဂဲလ မုဆိုးမ ဖြစ်ပြီဟု ဒါဝိဒ် ကြားသိသောအခါ သူနှင့် လက်ထပ်ပါမည့်အကြောင်း တမန်တို့ကို သူမထံ စေလွှတ်ခဲ့ရာ အဘိဂဲလ ကလည်း ဒါဝိဒ်ကို လက်ထပ်ရန် သဘောတူ လက်ခံခဲ့သည်။ ၎င်းကား ဒါဝိဒ်နှင့် အဘိဂဲလတို့ မည်သို့ အကြင်လင်မယား ဖြစ်လာခဲ့သည် ဆိုသည့် အကြောင်းပင် ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် သင်ခန်းစာ

ယူရမည်ဆိုလျှင် လက်စားချေခြင်းသည် ကျွန်ုပ်တို့၏ အငန်းအတာ မဟုတ်။
လက်စားချေခြင်း ဟူသည် ဘုရားသခင်၏ အငန်းအတာသာ ဖြစ်တော့သည်။

**— Rev. Dr. Humphrey Akogyeram**

ထို့နောက် ကျွန်ုပ်တို့ စာရေးသူသည် ၂၆း၁-၂၅ အတွင်း ဇိဖတောကန္တာရအတွင်း ဒုတိယအကြိမ်မြောက် ပြန်ရောက်သွားသော ဒါဝိဒ်ဆီသို ပြန်လှည့်သွားသည်။ ရှောလုသည် ဒါဝိဒ်နောက်သို့ ထပ်မံ လိုက်လံခဲ့ပြန်သည်။ သို့သော် ဒါဝိဒ်သည်လည်း ပြစ်မှားခြင်းမရှိ၊ အပြစ်ကင်းစွာ ဆက်လက်နေထိုင်ခဲ့သည်။ တညတွင် ဒါဝိဒ်သည် ရှောလု၏ တပ်အတွင်းသို့ ဝင်ရောက်ပြီး ရှောလုအား ၎င်း၏ လှံကို ခေါင်းအနီးချထားလျက် အိပ်ပျော်နေသည်ကို တွေ့ခဲ့ရသည်။ ယခင်ကလိုပင် ရှောလုကို ဒါဝိဒ် ရန်မရှာခဲ့ဘဲ ရှောလု၏ လှံနှင့် ရေဗူးကိုသာ ယူသွားခဲ့သည်။ နောက်တနေ့တွင် ဒါဝိဒ်၏ ထိမ်းသိမ်းနိုင်မှုအတွက် ထာဝရ ဘုရားက ကောင်းချီးပေးခဲ့သည်။ ဒါဝိဒ်နှင့် ရှောလုတို့ အဝေးမှနေ၍ တစ်ဦးကိုတစ်ဦး စကားပြောကြသည့်အခါ ဒါဝိဒ်၏ အပြစ်ကင်းစင်မှုကို ရှောလု ဝန်ခံခဲ့ပြီး အခန်းငယ် ၂၅ တွင် "ငါ့သား ဒါဝိဒ်၊ သင်သည် မင်္ဂလာ ရှိပါစေသော။ ပြုလေရာရာ၌ အောင်မြင်ပါစေသော" ဟု ကောင်းချီးစကား မြွက်ကြားပေးခဲ့သည်။

ဒါဝိဒ်အပေါ် ရှောလု၏ ရန်လိုမှု လျော့ပါးကျဆင်းလာသည့် ၁ ဓမ္မ ၂၇း၁-၁၂ အတွင်း နောက်ဆုံး အပိုင်းကဏ္ဍသည် ဖိလိတ္တိနယ်ထဲရောက်နေသည့် ဒါဝိဒ်အကြောင်း ပြောပြထားသည်။ ရှောလုရန်မှ ဒါဝိဒ် နောက်တဖန် ထွက်ပြေးရပြန်သည်။ ဤတစ်ကြိမ်တွင် ဖိလိတ္တိနယ်ဆီ ဖြစ်သည်။ ဒါဝိဒ်၏ ဆုံးဖြတ်ချက်အပေါ် ဘုရားသခင့် ကောင်းချီးပေးခဲ့သည်မှာ သိသာထင်ရှားသည်။ အကြောင်းမှာ ဂါသမြို့သို့ ဒါဝိဒ်ပြေးသွားကြောင်း ရှောလုသိသည့်နောက် ဒါဝိဒ်နောက်သို့ ဆက်မလိုက်ခဲ့တော့ပေ။ ဒါဝိဒ်အား အခြားနည်း အမျိုးမျိုးနှင့်လည်း ဘုရားရှင် ကောင်းချီး ပေးခဲ့သည်။ ဖိလိတ္တိမင်းကြီး အာခိတ်သည် ဒါဝိဒ်နေထိုင်ရန် ဇိကလတ်မြို့ကို သူ့အား ပေးခဲ့သည်။ တနှစ်နှင့် လေးလ ခန့် ဇိကလတ်မြို့မှာ ဒါဝိဒ် နေထိုင်ခဲ့ပြီးနောက် ထိုနေရာမှ နေ၍ တိုက်ခိုက်စီးနင်းမှု အတော်များများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ယခုတွင် ဒါဝိဒ်သည် ဘုရားသခင့်လူ မည်သူ့ကိုမဆို မည်သည့်အခါကမျှ ရန်မရှာခဲ့ကြောင်း ကျွန်ုပ်တို့၏ စာရေးသူက ဂရုတစိုက် ညွှန်ပြခဲ့သည်။ ထိုအစား ဘုရားသခင့်ရန်သူတို့အား ဖိလိတ္တိတို့ တိုက်ခိုက်ရာတွင်သာ အထောက်အကူ ပေးခဲ့သည်။ သို့တိုင်အောင် အာခိတ်သည် ဒါဝိဒ်ကို ယုံကြည်ကိုးစားဆဲ ဖြစ်ပြီး သူ့အား ဣသရေလလူတို့ မုန်းတီးကြသဖြင့် ကျန်သည့် သူ့ဘဝတလျှောက် မိမိအပေါ် သစ္စာရှိရှိ နေထိုင်သွားရန်မှတပါး ဒါဝိဒ်၌ အခြားရွေးချယ်စရာရှိလိမ့်မည် မဟုတ်ဟု ယူဆထားခဲ့သည်။

**ရန်လိုမှု၏ နောက်ဆက်တွဲ အကျိုးရလာဒ် (၁ ဓမ္မ ၂၈း၁-၂ ဓမ္မ ၁း၂၇)** သမိုင်းနောက်ခံ၊ ဒါဝိဒ်အပေါ် ရှောလု၏ ရန်လိုမှုများ တိုးပွားမြင့်တက်မှု၊ လျော့ပါးနိမ့်ကျမှုတို့အကြောင်း ဖြေရှင်းကိုင်တွယ်ပြီးသည့်နောက် ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ၁ ဓမ္မ ၂၈း၁-၂ ဓမ္မ ၁း၂၇ အတွင်း ရှောလု ရန်လိုခဲ့မှု၏ နောက်ဆက်တွဲ အကျိုးရလာဒ်များဆီ လှည့်သွားသည်။ အဆိုပါ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခန်းကြီးများထဲတွင် ဣသရေလတို့ကို ဖိလိတ္တိလူတို့ စစ်ပြိုင်တိုက်ခိုက်ခဲ့ကြပြီး ဤအချိန်တွင်မူ ဘုရားသခင်သည် ဒါဝိဒ်ကို မည်သို့ကောင်းချီးပေးပြီး ရှောလုအပေါ်သို့ မည်သို့ အကျိန်များကျရောက်စေခဲ့သည် ဆိုသည့်အပေါ် ကျွန်ုပ်တို့၏ စာရေးသူကိုယ်တိုင် စူးစိုက်ထားခဲ့သည်

ရှောလု ရန်လိုမှုကြောင့် ဖြစ်ရသော နောက်ဆက်တွဲ အကျိုးဆက်များ၏ ပထမ အပိုင်းကဏ္ဍသည် ၂၈း၁-၂၅ အတွင်း ဖိလိတ္တိလူတို့နှင့် စစ်ပြိုင်ရန် ပြင်ဆင်မှုများအပေါ် စူးစိုက်ထားသည်။ ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် သူ၏ ပုံမှန် ပြနေကျ အနေအထားမှ သွေဖည်၍ ဒါဝိဒ်နှင့် ရှောလုတို့ ပါဝင်သော ဇာတ်ကွက် နှစ်ကွက်ကို အနုစိတ် ချိတ်ဆက်ကာ အဆိုပါ အဖြစ်အပျက်တို့ တစ်ချိန်တည်းတွင် ဖြစ်ပျက်ခဲ့ကြောင်း ညွှန်ပြခဲ့သည်။

ပထမဦးစွာ ၂၈း၁ နှင့် ၂ တို့တွင် စစ်ပွဲအတွက် ဒါဝိဒ်၏ ပြင်ဆင်မှုများ အကြောင်း ဇာတ်ကွက် အတိုချုပ်ကို ကျွန်ုပ်တို့ တွေ့ရသည်။ အဆိုပါ အဖြစ်အပျက်တို့သည် ဖိလိတ္တိလူတို့၏ မြို့ဖြစ်သည့် ဂါသမြို့၌ ဖြစ်ပျက်ခဲ့ကြသည်။ ဖိလိတ္တိ ရှင်ဘုရင်က ဒါဝိဒ်နှင့် သူလူတို့အား ဣသရေလကို တိုက်ခိုက်ရန် သူ၏ ဖိလိတ္တိစစ်တပ်နှင့် ပူးပေါင်းဖို့ တောင်းဆိုခဲ့သည်။ ထိုအစီအမံအတိုင်း သူသဘောတူသည်ဟု ယူဆဖွယ်ဖြစ်အောင် အာခိတ်ကို ဒါဝိဒ် လှည့်စားခဲ့သည်။ အာခိတ်သည်လည်း အားရ ဝမ်းမြောက်လျက် သူ့အား ရှင်ဘုရင်၏ ကိုယ်ရံတော်တပ်မှူးအဖြစ် ခန့်မည့်အကြောင်း ဒါဝိဒ်ကို ပြောခဲ့သည်။ ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် ဖိလိတ္တိလူတို့ဘက်၌ ဒါဝိဒ် ပါဝင်ပူးပေါင်းရခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာကို ဖြေရှင်းရန် နောက်ဇာတ်ကွက် အထိ စောင့်ဆိုင်းခဲ့ရသည်။

ဒုတိယအနေဖြင့်၂၈း၃-၂၅ အတွင်း စစ်ပွဲအတွက် ရှောလု ပြင်ဆင်မှုများဆီသို့ ကျွန်ုပ်တို့၏ စာရေးသူ ဦးလှည့်သွားခဲ့သည်။ ရှမွေလ လက်ထက်ကာလက ရှောလုသည် ဣသရေလတိုင်းပြည်အတွင်းရှိ နတ်ဝင်သည်များ၊ စုန်းများ အစရှိသည်တို့ကို ပယ်ရှားရှင်းလင်းထားခဲ့ပြီး ဖြစ်သည်။ သို့သော် ဖိလိတ္တိ စစ်တပ်ကို မြင်ရုံမျှဖြင့် ရှောလုသည် ကြောက်စိတ်ဖြင့် လွှမ်းနေခဲ့သည်။ ထာဝရ ဘုရားကို မေးလျှောက်သော်လည်း ထာဝရ ဘုရား ထူးတော်မူခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ မထင်မှတ်ထားသည့် အလုပ်တစ်ခုကို ရှောလု လုပ်ခဲ့သည်။ နတ်ဝင်သည် တစ်ယောက်ကို သူတိုင်ပင် မေးစမ်းခဲ့ခြင်းဖြစ်သည်။ ယခု ဝတ်ပြုရာ ၂ဝး၂၇ က ညွှန်ပြနေသည့်အတိုင်း သေသောသူတို့နှင့် တိုင်ပင်မေးမြန်းခြင်းသည် မောရှေ၏ တရားတော်အရ သေဒဏ်ထိုက်သော ရာဇဝတ်မှုကြီး ဖြစ်သည်။ သို့သော် အဒေါ်ရ မြို့မှ နတ်ဝင်သည်အား ရှမွေလကို ဆင့်ခေါ်ပေးရန် ရှောလု အမိန့် ပေးခဲ့သည်။ ပေါ်လာသော ဝိညာဉ်သည် ဧကန် စင်စစ် ရှမွေလ ဖြစ်စေ၊ နတ်ဆိုး၏ လှည့်ဖျားမှု ဖြစ်စေ၊ ရှောလု ကြားသိလိုသော နောက်ဆုံး ဖြစ်ပျက်မည့်အရာကို ထိုဝိညာဉ်က ဖော်ပြခဲ့သည်။ အခန်းငယ် ၁၇ တွင် ထိုဝိညာဉ်သည် ရှမွေလ အစောပိုင်းက ပြောခဲ့သည့်စကားများကို ထပ်ပြောသည့်အနေဖြင့် "ထာဝရ ဘုရားသည် ဤနိုင်ငံကို သင့်လက်မှ နှုတ်၍ သင့်အိမ်နီးချင်း ဒါဝိဒ်အား ပေးတော်မူပြီ" ဟုဆိုခဲ့သည်။ ထို့ပြင် အခန်းငယ် ၁၉ တွင်လည်း ထိုဝိညာဉ်က ဆက်လက်၍ "ထိုမှတပါး သင်နှင့် ဣသရေလ အမျိုးကို ဖိလိတ္တိလူတို့ လက်၌ အပ်တော်မူမည်။ နက်ဖြန်နေ့ သင်နှင့် သင်၏သားတို့သည် ငါနှင့်အတူ ရှိလိမ့်မည်"



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟု ဆိုခဲ့သည်။ ဘုရားသခင်သည် ရှောလုနှင့် သူ့သားများကို ဖိလိတ္တိလူတို့နှင့် တိုက်ပွဲအတွင်း သေဒဏ် စီရင်ခဲ့သည်။

ဤကဏ္ဍ၏ နောက်အစိတ်အပိုင်းသည် ၂၉း၁-၃၁း၁၃ အတွင်း ဖိလိတ္တိလူတို့နှင့် ဒါဝိဒ်၊ ရှောလုတို့ ထိတွေ့တိုက်ပွဲဝင်သည့် အကြောင်းများအပေါ် စူးစိုက်ထားသည်။ ၂၉း၁-၃၀း၃၁ အတွင်း ဇာတ်ကြောင်းသည် ဒါဝိဒ်၏ အောင်ပွဲများကို တင်ဆက်ထားသည်။ ၂၈း၁ ၌ ဖိလိတ္တိဘုရင် အာခိတ်သည် ဣသရေလတို့နှင့် စစ်ပြိုင်ရာတွင် ဒါဝိဒ် မဖြစ်မနေလိုက်ပါခဲ့ဖို့ တောင်းဆိုခဲ့ကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ သို့သော် အဆိုပါ အခန်းကြီးများထဲတွင် ဖိလိတ္တိ တပ်မှူးများက သူတို့နှင့် ဒါဝိဒ် ပူးပေါင်းမည့်ကိစ္စကို ငြင်းဆိုခဲ့ကြသည်။ သို့ဖြစ်၍ ဒါဝိဒ်သည် ဇိကလတ်မြို့သို့ ပြန်လာခဲ့ပြီး ရှောလုကို တိုက်သည့်စစ်ပွဲ၌ မည်သည့်အခါမျှ မပါဝင်ခဲ့တော့ပေ။ ဇိကလတ်မြို့သို့ ဒါဝိဒ် ပြန်ရောက်ချိန်တွင် အာမလက်လူတို့ မြို့ကို မီးရှို့ပြီးနောက် သူ့ဇနီး သားမယားတို့အား ဖမ်းဆီးယူဆောင်သွားကြောင်း သိခဲ့ရတော့သည်။ ဒါဝိဒ်သည် အာမလက်လူတို့ကို တိုက်ခိုက်ပြီး တစ်ဦးမကျန် ဖျက်ဆီးပစ်ခဲ့သည်။ ၎င်းသည် ရှောလု မလုပ်ဘဲ ငြင်းဆန်ခဲ့သည့် အရာပင် ဖြစ်သည်။ ထို့ပြင် ဘုရားသခင့် လူတို့၏ လေးစားအပ်သော ခေါင်းဆောင်တစ်ဦးအဖြစ် ပြုမူရင်း သူ့နောက်လိုက်သူ ရှိသမျှအား တိုက်ပွဲရ ပစ္စည်းများကို မျှဝေပေးကမ်းခဲ့သည်။

၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် ကျွန်ုပ်တို့၏ စာရေးသူသည် ၃၁း၁-၁၃ အတွင်း ဖိလိတ္တိလူတို့နှင့် တိုက်သည့် စစ်ပွဲ၌ ရှောလု ကျဆုံးရမှုဆီသို့ လှည့်သွားသည်။ ရောက်လာမည့်အကြောင်း သတိပေးခဲ့ပြီး ဖြစ်သည့် ကျိန်ခြင်း အမင်္ဂလာများကို ဂိလဗော တောင်၌ ဘုရားသခင် သွန်းလောင်းခဲ့သည်။ ယောနသန် အပါအဝင် ရှောလု၏ သားသုံးယောက်တို့ စစ်ပွဲ၌ ကျဆုံးသွားခဲ့ကြသည်။ ထို့နောက် ရှောလုသည် လေးစစ်သည်တို့ ပစ်သော မြားကြောင့် သေကောင်ပေါင်းလဲ ဒဏ်ရာရပြီးနောက် အခန်းငယ် ၄ တွင် "ရှောလုသည် ထိုဓားကို ယူ၍ ထောင်ပြီးလျှင် ဓားဖျားပေါ်မှာ လှဲ၍ သေ၏" ဟု ကျွန်ုပ်တို့ ဖတ်ရသည်။ ဖိလိတ္တိလူတို့သည် ရှောလုနှင့် သူ့သားတို့၏ ခန္ဓာများကို ဗက်ရှန် မြို့ရိုးတွင် ချိတ်ဆွဲထားခြင်းဖြင့် မရိုမသေပြုခဲ့ကြသည်။ သို့သော် ရဲစွမ်းသတ္တိရှိသော ယာဗက် ဂိလာဒ် လူတို့သည် ညအခါ သွား၍ ခန္ဓာကိုယ်တို့ကို ယူဆောင်ပြီး မီးရှို့ကာ သူတို့၏ အရိုးများကို သင်္ဂြိုလ်ပေးခဲ့ကြသည်။

ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ၂ ဓမ္မ ၁း၁-၂၇ အတွင်း စစ်ပွဲပြီးသည့်နောက် ဒါဝိဒ်၏ တုန့်ပြန်ချက်အပေါ် ပြန်လှည့်ခြင်းဖြင့် ရှောလု၏ ရန်လိုမှုကြောင့် ဖြစ်ရသော နောက်ဆက်တွဲ အကျိုးဆက်များအကြောင်းကို အဆုံးသတ်ခဲ့သည်။ ဤ အစိတ်အပိုင်းငယ်သည် ဇိကလတ်မြို့ နေရပ်သို့ ဒါဝိဒ် ပြန်လာပြီးသည့်နောက် ရှောလုနှင့် သူ့သားများ ကျဆုံးရမှုနှင့် စပ်လျဉ်း၍ ဒါဝိဒ်၏ ဖြောင့်မတ် မှန်ကန်စွာ တုန့်ပြန်ချက်အပေါ် စူးစိုက်ထားသည်။

ပထမဦးစွာ ၁း၁-၁၆ အတွင်း ရှောလုကို လုပ်ကြံခဲ့သည်ဟု ပြောဆိုသည့် အာမလက် တမန်ကို ဆုလာဒ်ချီးမြှင့်ရမည့်အစား ကွပ်မျက်ခဲ့သည်။ ထို့နောက် ၁း၁၇-၂၇ အတွင်း ယောနသန်နှင့် ရှောလုတို့ ကျဆုံးရမှု အပေါ် လူသိရှင်ကြား ငိုကြွေးမြည်တမ်းခဲ့သည်။ အခန်းငယ် ၁၉ တွင် "အို ဣသရေလ ဂုဏ်အသရေ၊ သင်၏ မြင့်သော အရပ်တို့၌ သင်သည် အသေခံလေပြီ"ဟု အော်ဟစ်ခဲ့သည်။ အခန်းငယ် ၁၉၊ ၂၅ နှင့် ၂၇ တို့တွင်လည်း ရှောလုနှင့် ယောနသန်တို့ကို သူ ဂုဏ်ပြုချီးကျူးထားပြီး "သူရဲတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လဲသေကြပြီတကား" ဟူသည့် ထင်ရှားသည့် ထပ်ကျော့ပိုဒ်ကိုလည်း ထပ်ခါထပ်ခါ ဆိုထားသည်။ ရှောလုသည် မှုတသော အကြောင်းမရှိဘဲ သူ့အား ညှင်းဆဲခဲ့သော်လည်း ဒါဝိဒ်သည် နောက်ဆုံးအချိန်ရောက်သည့်တိုင်အောင် ရှောလု၏ နှိမ့်ချသော အစေအပါးအဖြစ် သူ၏ သမာဓိ သိက္ခာကို စောင့်ထိန်းခဲ့သည်။

ယခုတွင် ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုအကြောင်း ဖွဲ့စည်းမှုနှင့် ပါဝင် အကြောင်းအရာတို့ကို စဉ်းစားခဲ့ပြီး ဖြစ်၍ ကျွန်ုပ်တို့ အသက်တာနှင့် မည်သို့ ပတ်သက် အကျုံးဝင်သည် ဆိုသည်ကို မေးရန် အခြေအနေသို့ ရောက်ရှိကြပြီ ဖြစ်ပါသည်။ ရှမွေလ ဓမ္မရာဇဝင်၏ ဤ အပိုင်းကို ခရစ်ယာန် ရှုထောင့်မှ နေ၍ ကျွန်ုပ်တို့ မည်သို့ အသုံးပြုကြဖို့ ရှိပါသနည်း။

# ခရစ်ယာန် ရှုထောင့်မှ လက်တွေ့ အသုံးပြုခြင်း

ရှမွေလ ဓမ္မရာဇဝင်၏ ဒုတိယပိုင်း ရှုထောင့်များစွာသည် ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်များ၏ ဘဝနှင့် အဆက်အစပ်မရှိသည့်ပုံ ပေါ်သည်။ ဖိလိတ္တိလူတို့ အပါအဝင် ရှေး လူတို့နှင့် ကျွန်ုပ်တို့ စစ်တိုက်နေခြင်း မရှိပါ။ ရှောလုနှင့် ဒါဝိဒ်တို့ အကြားထဲက ဆိုင်ပြိုင်မှုမျိုးထဲမှာလည်း ကျွန်ုပ်တို့ ပါဝင်နေခြင်း မရှိပါ။ အဆိုပါ အဖြစ်အပျက်တို့သည် ကျွန်ုပ်တို့နှင့် မည်သို့ သက်ဆိုင်မှု ရှိပါသနည်း။ အတိအကျ ဆိုရလျှင် ဓမ္မပညာနှင့် ကျင့်ဝတ်ပိုင်း ဆိုင်ရာ စည်းမျဉ်းအချို့ကို နေရာအနှံ့မှာ ကျွန်ုပ်တို့ အများစု ရှာဖွေနိုင်ကြပါသည်။ သို့သော် ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုကို ပထမ ရေးသားချိန် ရှမွေလ ဓမ္မရာဇဝင် ရေးသူက ထားရှိခဲ့သည့် ပဓာန ရည်ရွယ်ချက်များနှင့် အညီ ကျွန်ုပ်တို့၏ ခရစ်ယာန် ရှုထောင့် လက်တွေ့အသုံးပြုချက်များကို တန်းညှိပေးပါက သာ၍ အကျိုးဖြစ်ထွန်း ထိရောက်မှု ရှိပါသည်။

ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုက ပေးသည့် ခရစ်ယာန်ရှုထောင့် လက်တွေ့ အသုံးပြုချက်များကို လေ့လာဖော်ထုတ်ရန် နည်းလမ်း များစွာ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့၏ လတ်တလော ရည်ရွယ်ချက်များအရ ဘုရားသခင့် ပဋိညာဉ်များနှင့် ဘုရားသခင့် နိုင်ငံတော် ဟူသော အာဘော်များကိုသာ ကျွန်ုပ်တို့ တဖန်ပြန်လေ့လာကြပါမည်။ ရှမွေလ ဓမ္မရာဇဝင်၏ ဤအပိုင်းသို့ ဘုရားသခင့် ပဋိညာဉ်များက မည်သို့ အရေးပါ အရာရောက်စွာ ဖောင်းပေးထားသည် ဆိုသည်နှင့် စတင်ကြပါစို့။

## ဘုရားသခင့် ပဋိညာဉ်များ

ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု ဆိုင်ရာ အဖြစ်အပျက်များသည် ဣသရေလနှင့် ဘုရားသခင်တို့ကြား အပြန်အလှန် ဆက်ဆံမှုများအား မောရှေနှင့် ဘုရားသခင် ပြုခဲ့သော ပဋိညာဉ်က အခြေခံအားဖြင့် ထိန်းကျောင်းနေခဲ့ချိန်အတွင်း ဖြစ်ပျက်ခဲ့သည်။ ဘုရားသခင့် ကောင်းကျိုးစေတနာ၊ ကျေးဇူးသိစွာ သစ္စာစောင့်သိရန် စံနှုန်းများ၊ အထူးသဖြင့် ဝတ်ပြုကိုးကွယ်ရန်နှင့် ရှင်ဘုရင်အဖြစ် အုပ်စိုးရန်တို့နှင့် စပ်လျဉ်းသော ပညတ်များ၊ ကျိန်ခြင်းနှင့် ကောင်းချီးဆိုင်ရာ အကျိုးဆက်များ

အကြောင်း ရှမွေလ ဓမ္မရာဇဝင် ဆရာ ရေးသားသမျှကို မောရှေ၏ ပညတ်တရားက ထိန်းကျောင်းခဲ့သည်။ သို့သော် ဤ သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သလို ရှမွေလ ဓမ္မရာဇဝင်သည် ဒါဝိဒ်နှင့် ဘုရားသခင် ပဋိညာဉ် ထူထောင်ပြီးနောက်ပိုင်း ရေးခဲ့သော စာစောင်ဖြစ်သည်။ သို့ဖြစ်၍ ဒါဝိဒ် မင်းမျိုး၏ ဗဟိုအချက်အချာကျပုံကို ဘုရားသခင် ဖွင့်လှစ်ဖော်ပြပြီးခဲ့သမျှအောက်တွင် မူလ ပရိသတ်သည် သူတို့၏ အသက်တာများအတွက် အဆိုပါ အခန်းကြီးတို့ကို လက်တွေ့အသုံးပြုရန် လိုအပ်ခဲ့သည်။

များစွာ အလားတူပင် ခရစ်တော်၏ နောက်လိုက်များအနေဖြင့်လည်း ယနေ့ ကျွန်ုပ်တို့ခေတ်ကာလ အရ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု ဇာတ်ကြောင်းကို အသုံးပြုကြရမည် ဖြစ်သည်။ ခရစ်တော်၌ ပဋိညာဉ် တရားသစ်ကို ဘုရားသခင် ထူထောင်ပြီးသည့်နောက်ပိုင်းကာလတွင် ကျွန်ုပ်တို့ ရှင်သန်နေကြရသည်။ ဘုရားသခင့် အစောပိုင်း ပဋိညာဉ်များ၏ လှုပ်ရှားမောင်းနှင်အားတို့ကို ဒါဝိဒ်၏ ကြီးမြတ်သော သားတော်ဖြစ်သော ယေရှု၏ အချက်အချာကျမှုဆီ ဤ ပဋိညာဉ်သစ်က ဦးတည်ချက် ပြောင်းပေးထားသည်။ ဤအကြောင်းကြောင့်ပင် အဆိုပါ အခန်းကြီးများအား ကျွန်ုပ်တို့ လက်တွေ့အသုံးချသည့်အချိန် လမ်းညွှန်မှု ရရှိဖို့ ဘုရားသခင်၏ ဓမ္မသစ် ဖွင့်ပြချက်အပေါ် ကျွန်ုပ်တို့ ကိုးစားယုံကြည်ရန် လိုပါသည်။

> ကျမ်းစာကို ဖတ်ရှုရင်း ၎င်းသည် ကျွန်ုပ်တို့ထံ တစ်ကြိမ်တည်းနှင့် ရှိသမျှအားလုံး ရောက်လာခြင်း မဟုတ်ကြောင်း သဘောပေါက်ရန် လိုပါသည်။ ၎င်းသည် တရွေ့ရွေ့ တိုးတက်ပြည့်စုံလာသော ဗျာဒိတ်ဖွင့်လှစ်ဖော်ပြချက်မျိုး ဖြစ်ပါသည်။ ဘုရားသခင်သည် သမ္မာကျမ်းလာ ပဋိညာဉ်များအားဖြင့် အချိန်သမိုင်းတလျှောက် သူ၏ အကြံအစည်တော်ကို ဖွင့်ပြသည့်နည်းကို ရွေးချယ်ခဲ့ပြီး ၎င်းသည် ကျွန်ုပ်တို့၏ အရှင်သခင် ယေရှုခရစ်တော်၌ အထွတ်အထိပ်သို့ ရောက်ရှိသည်။ ထိုအရာကို ထည့်စဉ်းစားရင်း ကျွန်ုပ်တို့ အသက်တာအတွက် သမ္မာကျမ်းစာကို လက်တွေ့အသုံးပြုရာ၌ ကျမ်းစာ၏ ရှုထောင့်အမြင်ရှိသမျှသည် ဓမ္မဟောင်း ခေတ်ကာလ သို့မဟုတ် ပဋိညာဉ် တရားဟောင်း၏ လက်အောက်တွင် ရောက်ရှိလာခဲ့သည့် ပုံစံအတိအကျအတိုင်း ကျွန်ုပ်တို့ထံ၊ အထူးသဖြင့် ယနေ့ ခရစ်ယာန်များဆီသို့ လက်တွေ့အသုံးပြုချက်အဖြစ် ရောက်လာခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ဖို့ လိုပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် ဘာတွေ အသုံးချ၍ ရကြောင်း ကျွန်ုပ်တို့ စဉ်းစားသည်နှင့်အမျှ ဓမ္မဟောင်းသည် ခရစ်တော်ယေရှု၌ မည်သို့ တိကျစွာ ပြည့်စုံလာသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရန် လိုအပ်သည်။ "ဤအချက်သည် အကျုံးဝင်ပြီး ဤအချက်သည် အကျုံးမဝင်ပါ" ဟု ကျွန်ုပ်တို့ တိုက်ဆိုင် ပြောဆိုနိုင်သည့် မှန်ဘီလူးနှင့် မူဘောင်သည် ကိုယ်တော်သာလျှင် ဖြစ်သည်။ အရာရာရှိသမျှသည် ခရစ်တော်၌ ပြည့်စုံခြင်းသို့ ရောက်ရှိသည်။ ခရစ်တော်၌၊ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ ၎င်းအား လက်တွေ့ အသုံးပြုနိုင်သည်။ ကျမ်းစာ၏ မည်သည့်အပိုင်းကိုဖြစ်စေ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖတ်သည့်အခါ ထိုအပိုင်းကို ရွေးနုတ်ခြင်း ဆိုင်ရာသမိုင်းကြောင်းအတွင်း သူ့နေရာနှင့် သူထားရှိပြီး ၎င်းသည် ယေရှုခရစ်၌ မည်သို့ ပြည့်စုံခြင်းသို့ ရောက်လာခဲ့သည်၊ ယေရှု လုပ်ဆောင်ပေးမှုအရ အသက်ရှင်နေသော ဘုရားသခင့်လူများဖြစ်သော ကျွန်ုပ်တို့ဆီ မည်သို့ ရောက်ရှိလာသည်ကို ကြည့်ရှုရန်သည် ကျွန်ုပ်တို့ လိုက်နာရမည့် အခြေခံစည်းမျဉ်းပင် ဖြစ်ပေသည်။

**ဒေါက်တာ Stephen J. Wellum**

ပထမအနေဖြင့် ပြီးခဲ့သည့် အပိုင်းကဲ့သို့ပင် ရှမွေလ ရာဇဝင်၏ ဤအပိုင်းသည်လည်း ဘုရားသခင်၏ ကောင်းကျိုးစေတနာ အပေါ် အလေးဂရု ပြုသည့်အခါ ခရစ်တော်၌ သာ၍ ကြီးမားသော ဘုရားသခင့် ကောင်းကျိုး စေတနာကို ကျွန်ုပ်တို့ အသိအမှတ်ပြုကြရပါသည်။ ရှောလုကို ဘုရားသခင်က ရှင်ဘုရင်အုပ်စိုးခွင့် ပေးသနားသည့်အမှုတွင် ဘုရားသခင့် ကောင်းကျိုးစေတနာကို ကျွန်ုပ်တို့တွေ့ကြရသည့်နောက် ရှောလုနေရာ၌ ဒါဝိဒ်ဖြင့် အစားထိုးသည့် အမှုတွင်မူ သာ၍ ကြီးမားများပြားသော ဘုရား သခင့် ကောင်းကျိုးစေတနာကို တွေ့ကြရသည်။ သို့သော် ဘုရားသခင်သည် ခရစ်တော်၌ သာ၍ ကြီးမြတ်သော ကောင်းကျိုးစေတနာကို ပြသခဲ့ကြောင်း ဓမ္မသစ်က သွန်သင်ထားသည်။ ယနေ့ ဤ သာမန်ထက် ထူးခြားသာလွန်သော ကောင်းကျိုးစေတနာကို ဝန်ခံသိမှတ်ရန် ကျွန်ုပ်တို့၌ အခွင့်အရေး များစွာ ရှိနေသည်။ ထိုကောင်းကျိုးစေတနာတို့သည် ခရစ်တော်ကိုယ်တိုင်၌ ဘုရားသခင် ပြတော်မူသော ကောင်းကျိုးစေတနာသာမက ခရစ်တော်နောက်သို့ လိုက်သောသူ ရှိသမျှသို့ နေ့စဉ်နေ့တိုင်း ကိုယ်တော်ပြသသော ကောင်းကျိုးစေတနာလည်း ဖြစ်သည်။

ဒုတိယအားဖြင့် ရှောလု ခေတ်ကာလ လူသားတို့ဖက်မှ သစ္စာစောင့်သိရန် လိုအပ်ချက်အပေါ် ကျွန်ုပ်တို့ ဆင်ခြင်သည့်အခါ အလားတူ မှန်ကန်ကြောင်း တွေ့ရသည်။ အဆိုပါ အခန်းကြီးတို့သည် ဘုရားသခင့်အပေါ် သစ္စာစောင့်သိရန် ရှောလု၏ ပျက်ကွက်ခဲ့မှုကို ဖော်ထုတ်ပြနေကြသည်။ ဘုရားဝတ်ပြုခြင်းကို အကြိမ်ကြိမ် သူ ဥပေက္ခာပြုပြီး ခြစားသွားစေခဲ့သည်။ တစ်ခါတစ်ရံ တော်ဝင် အခွင့်အာဏာအတွက် မောရှေ ပြဋ္ဌာန်းခဲ့သည့် ပြဋ္ဌာန်းချက်များကို သူ ချိုးဖောက်ခဲ့သည်။ ရှောလု၏ ကျရှုံးမှုတို့သည် ဘုရားသခင့် ဝတ်ပြုကိုးကွယ်ခြင်း အပေါ် ယေရှု၏ အပြစ်အနာအဆာကင်းသည့် ရည်စူး မြုပ်နှံမှု၊ ဒါဝိဒ်၏ ပြည့်ဝစုံလင်သောသား အဖြစ် အပြစ်ကင်းသော အုပ်စိုးမှုတို့နှင့် ပြတ်သားစွာ ဆန့်ကျင်ခြားနားနေသည်။ နံဝိဉာဉ်နှင့်၊ သစ္စာနှင့်၊ ဘုရားသခင်အား ကိုးကွယ်ဝတ်ပြုရန်၊ ကျွန်ုပ်တို့ အသက်တာ၌ ယေရှု၏ ပြီးပြည့်စုံသော ဖြောင့်မတ်သည့် အုပ်စိုးမှုကို အတုယူလိုက်နာရန် ကျွန်ုပ်တို့၌ တာဝန်ရှိကြောင်းကိုလည်း ၎င်းတို့က ပြည္သွန်လျက် ရှိသည်။

သို့သော် ကျွန်ုပ်တို့ စာစောင်၏ ဤအပိုင်းသည် ဒါဝိဒ်၏ သစ္စာရှိသော ဝတ်ပြုကိုးကွယ်ခြင်းဆီသို့လည်း အာရုံရောက်စေသည်။ ခရစ်ယာန်များအနေဖြင့် ခမည်းတော်သို့ ယေရှု ပြုတော်မူသော ကိုးကွယ်ခြင်းသည် ဒါဝိဒ်၏ ဝတ်ပြုကိုးကွယ်ခြင်းထက် မယှဉ်သာအောင် သာလွန်ကြောင်း ကျွန်ုပ်တို့ သတိထားမိကြပါသည်။ ထို့ပြင် ခရစ်တော်၌ ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းသည် ဒါဝိဒ်၏ ဝတ်ပြုခြင်းထက် ထူးခြားသာလွန်ရမည်လည်း ဖြစ်သည်။ ထပ်၍ ဆိုရလျှင် တော်ဝင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခွင့်အာဏာကို ဂုဏ်ယူလေးစားဖွယ် ဒါဝိဒ် ကျင့်သုံးကြောင်း ကျွန်ုပ်တို့စာရေးသူ ထောက်ပြသည့် အခါတိုင်း ခရစ်တော်၏ ပြည့်ဝစုံလင်သော ရှင်ဘုရင်အုပ်စိုးမှု၌ ကျွန်ုပ်တို့ ဝမ်းမြောက်ကြပြီး သူ၏ ပုံသက်သေကို မည်သို့ လိုက်ရမည် ဆိုသည်ကိုလည်း သင်ယူလေ့လာကြပါသည်။

> ရှမွေလ ဓမ္မပညာစာစောင်ထဲတွင် မိမိကိုယ်မိမိ ကြီးကျယ်သော ရှင်ဘုရင်အဖြစ် ခံစားပြီး နိုင်လိုမင်းထက်ရှိလှသော ရှောလုထံမှ ရာဇပလ္လင်ကို ထာဝရ ဘုရား ပြန်သိမ်းယူ၍ သိုးများကို အုပ်ထိန်းနေသူအဖြစ်မှ ရှင်ဘုရင်အဖြစ် ကိုယ်တော်ရွေးနှုတ်ခဲ့သည့် ဒါဝိဒ်ထံ ပေးအပ်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ၁ ဓမ္မရာဇဝင် စာစောင်သည် ဒါဝိဒ်၏ ရှင်ဘုရင်အဖြစ်အုပ်စိုးမှု၊ ဘုန်းကြီးမှု၊ ဘုရားသခင်ထံ နာခံမှုတို့ အပေါ် စူးစိုက်ထားလင့်ကစား ၂ ဓမ္မ ရာဇဝင် စာစောင်ထဲတွင် ဒါဝိဒ်သည် စံပြုရလောက်သည့် ရှင်ဘုရင် မဟုတ်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ကြရသည်။ သူ၏ ဒုစရိုက်များနှင့် အားနည်းချက်များကို ကျွန်ုပ်တို့ တွေ့ကြရသည်။ ဤလသရေလလူတို့သည် ကျွန်ုပ်တို့ အသရေပျက်မည့်ဘေးကို အကုန်အစင်ဖယ်ရှားပေးမည့် ကယ်တင်ရှင်အစစ်အမှန်ကို လိုအပ်နေဆဲဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်သည်လည်း ယေရှုခရစ်တော် ဖြစ်ကြောင်း ဤ အရာက ကျွန်ုပ်တို့အား ပြောပြသည်။
>
> **Mr. Sherif Atef Fahim, Translation**

တတိယအားဖြင့် အဆိုပါ အခန်းကြီးတို့သည် ကျိန်ခြင်းနှင့် ကောင်းချီးတို့၏ နောက်ဆက်တွဲ အကျိုးဆက်များဆီသို့ အာရုံရောက်စေသည်။ ရှောလု၏ မနာခံခြင်းကြောင့် ဖြစ်ရသော ကျိန်ခြင်း အမင်္ဂလာတို့သည် ခရစ်တော်၌ ယုံကြည်ကိုးစားသောသူ ရှိသမျှအတွက် ထာဝရ ကျိန်ခြင်းများကို ခံယူပေးသော ခရစ်တော်ဆီသို့ ပို့ဆောင်ပေးသည်။ ထို့ပြင် ကိုယ်တော်ထံမှ ကျွန်ုပ်တို့ လမ်းလွဲသွားသည့်အခါ ယခုပင်လျှင် ဘုရားသခင်သည် ကိုယ်တော်၏ အသင်းတော်အား ယာယီကျိန်ခြင်းအမင်္ဂလာများဖြင့် ဆုံးမပဲ့ပြင်လျက် ရှိကြောင်းကိုလည်း ၎င်းတို့က ကျွန်ုပ်တို့ကို သတိပေးနေသည်။ ထိုနည်းတူစွာ ဘုရားသခင့် အပေါ် သစ္စာရှိမှုကြောင့် ဒါဝိဒ် ခံယူရရှိသည့် ကောင်းချီးများကို ကျွန်ုပ်တို့ တွေ့သည့်အခါ ဘုရားသခင်ကို နာခံမှုကြောင့် အတိုင်းအဆမဲ့ ကောင်းချီးများကို ခံယူရရှိသည့် ခရစ်တော်ကို ကျွန်ုပ်တို့ ရိုသေလေးမြတ်ကြသည်။ ထိုနည်းတူ ယနေ့ ဘုရားသခင်ထံမှ ယာယီကောင်းချီးများသာမက နောင်လာမည့် ကမ္ဘာနှင့်ဆိုင်သည့် ကိုယ်တော်၏ ထာဝရ ကောင်းချီးများကိုပါ ရှာဖွေကြဖို့ ကျွန်ုပ်တို့ကို အားပေးထားသည်။

ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုကို ကျွန်ုပ်တို့၏ ခရစ်ယာန် ရှုထောင့်မှ လက်တွေ့အသုံးပြုချက်များအား ဘုရားသခင့် ပဋိညာဉ်တို့၏ လှုပ်ရှားမောင်းနှင်အားများဆီ ဆောင်းပေးခြင်း အပြင် ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော် ဖွင့်လှစ်ဖော်ပြခြင်းအရလည်း အဆိုပါ အခန်းကြီးများကို ကျွန်ုပ်တို့ လက်တွေ့အသုံးပြုသင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဘုရားသခင့် နိုင်ငံတော်

ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သလို ရှမွေလ ဓမ္မရာဇဝင် စာရေးသူသည် ရှောလုမင်းမျိုးနှင့် ဆိုင်သော မျှော်လင့်ချက်ရှိသမျှကို သူ၏ မူလပရိသတ်တို့ စွန့်ပစ်ကာ ဘုရားသခင့် နိုင်ငံတော်အတွက် သူတို့၏ မျှော်လင့်ချက် ရှိသမျှကို ဒါဝိဒ်မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှု၌သာ ချထားကြမည့်အကြောင်း ရှောလု၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှုအကြောင်းကို ရေးခဲ့သည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည်လည်း ယေရှုတည်းဟူသော ဒါဝိဒ်၏ တပါးတည်းသော စုံလင်ဖြောင့်မတ်သည့် တော်ဝင်သားမြေး၌သာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို သီးသီးသန့်သန့် ချထားကြရမည် ဖြစ်ပါသည်။ ယေရှု တပါးတည်းသာလျှင် ဘုရားသခင့် နိုင်ငံတော်အတွက် မျှော်လင့်ချက်များကို ပြည့်စုံစေသူ ဖြစ်သောကြောင့် ကျွန်ုပ်တို့ စာရေးသူသည် ရှောလု၏ ကျရှုံးသော ရှင်ဘုရင်အုပ်စိုးမှု ဇာတ်ကြောင်းထဲတွင် ပြည့်နှက်ခဲ့ခြင်း ဖြစ်သည်။

သို့သော် စောစောပိုင်းက ကျွန်ုပ်တို့ ဖော်ပြခဲ့သလိုပင် ယေရှုသည် နိုင်ငံတော်ကို အဆင့် သုံးဆင့် ခွဲ၍ ဆောင်ယူလာခဲ့သည်။ သူ၏ ပထမ ကြွလာခြင်း၌ သူ့နိုင်ငံတော် အစပြုခြင်းဖြင့် သူ စခဲ့သည်။ အသင်းတော် သမိုင်းတလျှောက် ၎င်းသည် အမြဲတမ်း တည်နေသည့်အတိုင်း သူ၏ နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်မှု ကာလအတွင်း ကျွန်ုပ်တို့ ယနေ့ ရှင်သန်နေကြသည်။ ထို့ပြင် ဘုန်းတော်၌ ကိုယ်တော် ပြန်ကြွလာချိန် ကပ်ကာလ အဆုံးတွင် သူ၏ နိုင်ငံတော် ပြီးပြည့်စုံမှုကို ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်။

ပထမ အနေဖြင့် ရှမွေလ ဓမ္မရာဇဝင်၏ မူလ ပရိသတ်သည် ဒါဝိဒ်မင်းမျိုး၌သာလျှင် မျှော်လင့်ရာကို ရှာတွေ့နိုင်ကြောင်း ရှောလု၏ ကျရှုံးမှုများထဲမှ သင်ယူခဲ့သည်။ ထိုနည်းတူစွာပင် သူ၏ တန်ခိုးပြာဋိဟာများ၊ သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့ တက်ကြွခြင်းများအားဖြင့် သူသာလျှင် ဘုရားသခင်၏ ဘုန်းနှင့် ပြည့်ဝသော နိုင်ငံတော်ကို မြေကြီးပေါ်သို့ ဆောင်ယူလာမည့် တပါးတည်းသော ရှင်ဘုရင်ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိအောင် သက်သေပြခဲ့သော ခရစ်တော်၏ နိုင်ငံတော် အစပြုချိန်ကို ကျွန်ုပ်တို့ ပြန်လှည့်ကြည့်ကြသည်။

ဒုတိယအားဖြင့် ရှမွေလ ဓမ္မရာဇဝင် မူလပရိသတ်တို့ အချိန်ကာလ၌ ဘုရားသခင်သည် ဒါဝိဒ်နန်းဆက်အား ကျရှုံးမှုများ ရှိနေသည့်ကြားမှ ထောက်မတော်မူခဲ့သည်။ ထိုနည်းတူ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာ ဘုရားသခင့် နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေစဉ်အတွင်း ဘုရားသခင့် ကတိတော်များ ဖောက်ပြန်ကျရှုံးမှုများ မရှိခဲ့ကြောင်း သိနားလည်ရသောအခွင့် သည် ကျွန်ုပ်တို့၌ ရှိနေသည်။ ဘုရားသခင်သည် မြေကြီးစွန်းတိုင်အောင် နိုင်ငံတော်ကို တိုးချဲ့ရန် သူ့အား တာဝန် အပ်နှင်းခဲ့ကြောင်း ဒါဝိဒ် ၏ ဖြောင့်မတ်သော သားတော် ခရစ်တော်က ထပ်ကာထပ်ကာ သက်သေထူခဲ့ပြီး ဖြစ်သည်။ လူများစွာတို့က အခြားသောလမ်းများကို လိုက်ကြဆဲ ဖြစ်သော်ငြား ခရစ်တော်သည် ဘုရားသခင့် ရန်မာန်များကို ဆက်လက်အနိုင်ယူပြီး ကမ္ဘာတလွှား သူ၏ ဝိညာဉ်တော် တန်ခိုးနှင့် သတင်းကောင်း ဝေငှခြင်းတို့အားဖြင့် ဘုရားသခင့် ကောင်းချီးမင်္ဂလာများကို သွန်းလောင်းလျက် ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တတိယအနေဖြင့် ရှမွေလ ဓမ္မရာဇဝင် ရေးသူသည် အနာဂတ်အပေါ်၊ ဒါဝိဒ်၏ ရာဇပလ္လင် အပြည့်အဝ ပြန်လည် တည်မြဲခြင်းအပေါ် မမိုတ်မသုန် စူးစိုက်ရန် သူ့မူလပရိသတ်အား တောင်းဆို တိုက်တွန်းခဲ့သည်။ ထိုနည်းတူ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှု အကြောင်း ကျွန်ုပ်တို့ စာရေးသူ၏ မှတ်တမ်းသည် ခရစ်တော်ပြန်ကြွလာချိန် ကျွန်ုပ်တို့၏ ခေတ်ကာလ အဆုံးသတ် ပြီးပြည့်စုံမှုကို မျှော်လင့်ဖို့ ကျွန်ုပ်တို့ကို တောင်းဆိုတိုက်တွန်းလျက် ရှိသည်။ ထိုကာလတွင် ဖန်ဆင်းခြင်းရှိသမျှအပေါ် အုပ်စိုးရန် တစ်ပါးတည်းသော ရွေးကောက်ခံသူသည် ကေန် စင်စစ် ခရစ်တော်သာ ဖြစ်ကြောင်း ဖန်ဆင်းခံ သတ္တဝါတိုင်းသို့ သက်သေထင်ရှားလာမည် ဖြစ်ကြောင်း ဓမ္မသစ်က ကျွန်ုပ်တို့အား စိတ်ချမှု ပေးထားသည်။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်တွင် ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ နှုတ်နှင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း (ဖိလိပ္ပိ ၂း၁၀-၁၁)။

> သို့ဖြစ်၍ ဓမ္မသစ်ထဲတွင် ဘုရားသခင့် နိုင်ငံတော်သည် ခရစ်တော်၏ အုပ်စိုးမှုအားဖြင့် ကမ္ဘာတလွှား ပျံ့ကျဲနေသော လူမျိုးနွယ်ရှိသမျှ၊ တိုင်းနိုင်ငံ ရှိသမျှ၊ ဘာသာစကား ရှိသမျှ၊ တို့အပေါ် တည်ရှိနေသည်။ တသီးတသန့် နေရာတစ်ခုတွင် မဟုတ်၊ ပထဝီဆိုင်ရာ နေရာတစ်ခုမှာ မဟုတ်၊ ကောင်းကင်ဘုံတွင် တည်ရှိသော၊ ကျွန်ုပ်တို့၏ ဝိဉာဉ်အိမ်မှာသာ ဖြစ်တော့သည်။ သို့ဆိုသော်လည်း ယေရှုပြန်ကြွလာချိန် ဘုရားသခင့် နိုင်ငံတော်သည် မည်သည့်ပုံစံရှိလိမ့်မည်ဆိုသည်နှင့် စပ်လျဉ်း၍ ဓမ္မသစ်က ကျွန်ုပ်တို့အား ယေဘူယျ အမြင်တစ်ခုကို ပေးထားသည်။ အဆိုပါနိုင်ငံတော်သည် ပစ္စုပ္ပန်၌ လောကထဲ ကွယ်ဝှက်ထားသယောင်ရှိလင့်ကစား ခရစ်တော် ပြန်ကြွလာချိန်တွင် ၎င်းအား ရှင်းလင်းပြတ်သားစွာ မြင်တွေ့ရမည်ဖြစ်သည်။ လူတိုင်း ဒူးထောက်ကြရပါလိမ့်မည်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်း လူတိုင်းက နှုတ်ဖြင့် ဝန်ခံကြရပါလိမ့်မည်။ ဘုရားသခင်သည်လည်း ကောင်းကင် ယေရုရှလင်မြို့သစ်တွင် မိမိကို သိကျွမ်းပြီး အဖဟု ခေါ်ကြမည့် သူ၏ လူများအပေါ် ခရစ်တော်တည်းဟူသော သူ၏ ရှင်ဘုရင်အားဖြင့် စုံလင်ပြည့်ဝစွာ အုပ်စိုးတော်မူပါလိမ့်မည်။
>
> **ဒေါက်တာ Constantine Campbell**

အဆိုပါ အဖြစ်အပျက်တို့သည် ဒါဝိဒ် အုပ်စိုးမှုသို့ ပို့ဆောင်ပေးသည် ဖြစ်၍ ဣသရေလသည် လမ်းမှားမရောက်ခဲ့သေးကြောင်း ရှမွေလ ဓမ္မရာဇဝင် စာရေးသူက ဂရုတစိုက် ဖော်ပြခဲ့သည်။ ၎င်းနှင့် ခြားနား ဆန့်ကျင်စွာပင် ဘုရားသခင် ကိုယ်တော်တိုင်သည် လမ်းတလျှောက် ခြေလှမ်းတိုင်းကို ပဲ့ပြင်တော်မူခဲ့သည်။ ထို့ပြင် အဆိုပါ ရှမွေလ ဓမ္မရာဇဝင် အခန်းကြီးတို့က ဘုရားသခင်သည် အဆိုပါ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဖြစ်အပျက်ရှိသမျှကို ပဲ့ပြင်ခဲ့ကြောင်း၊ ဒါဝိဒ်ကို ဣသရေလ ရှင်ဘုရင်အဖြစ်သာမက လောကတခွင်လုံး၏ ရှင်ဘုရင်အဖြစ်ပါ ချီးမြှောက်ခဲ့ကြောင်း ကျွန်ုပ်တို့အား စိတ်ချမှုပေးနေသည်။

# နိဂုံး

ဤ ရှမွေလနှင့် ရှောလုတို့အကြောင်း သင်ခန်းစာထဲတွင် ဣသရေလ ရှင်ဘုရင်အဖြစ် ဒါဝိဒ်ကို ထူထောင်ရာရောက်စေသည့် အဖြစ်အပျက်များစွာကို ရှမွေလ ဓမ္မရာဇဝင် စာရေးသူက မည်သို့ ဇစ်မြစ်လိုက် ဖော်ထုတ်ထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ သူ့စာစောင် ပထမအပိုင်း၌ ရှင်ဘုရင် အုပ်စိုးမှု မတိုင်မီ ရှမွေလအကြောင်း ရှေ့ပြေးနိဒါန်းကို သူမည်သို့ တင်ပြထားခဲ့သည်ကိုငင်း၊ သူ့စာစောင် ဒုတိယအပိုင်း၌ ရှောလု၏ ကျရှုံးသော ရှင်ဘုရင် အုပ်စိုးမှုကို သူမည်သို့ တင်ဆက်ထားခဲ့သည်ကိုငင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီးလည်း ဖြစ်ပါသည်။

ရှမွေလ ဓမ္မရာဇဝင်ကို ဦးစွာ လက်ခံရရှိသူများနှင့် များစွာ အလားတူ ကျွန်ုပ်တို့သည်လည်း ဤလောက၌ ဆင်းရဲဒုက္ခများ ကြုံနေကြရသည်။ အဆိုပါ ဆင်းရဲဒုက္ခများကလည်း ခရစ်တော်၌ ဘုရားသခင့် နိုင်ငံတော် အောင်ပွဲအတွက် မျှော်လင့်ချက် ဆုံးရှုံးသွားစေဖို့ မကြာခဏ သွေးဆောင်လျက် ရှိနေသည်။ သို့သော် ရှမွေလ နှင့် ရှောလုတို့၏ အသက်တာများအားဖြင့် ဘုရားသခင်က ဒါဝိဒ်အုပ်စိုးမှုအတွက် မည်သို့ လမ်းပြင်ဆင်ပေးခဲ့သည်ကို ကျွန်ုပ်တို့ နှိမ့်ချစွာ ဆင်ခြင်ပါသော် ဒါဝိဒ် မင်းမျိုး၏ ဖြောင့်မတ်သော အုပ်စိုးမှု၌ ကျွန်ုပ်တို့၏ အနာဂတ်မျှော်လင့်ချက်များကို ချထားဖို့အတွက်လည်း သူ့စကားများက ကျွန်ုပ်တို့ကို ခွန်အားပေးနေပါသည်။ ဒါဝိဒ်၏ ဖြောင့်မတ်သော သားတော် ယေရှုသည် ကြွလာတော်မူခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ မည်သို့သော စုံစမ်းနှောင့်ယှက်ခြင်းများကို ကျွန်ုပ်တို့ တွေ့ကြုံရသည် ဖြစ်စေ၊ ကိုယ်တော်၌ ယုံကြည်သူရှိသမျှအား ဘုရားသခင့် နိုင်ငံတော်၏ ပြည့်ဝစုံလင်ခြင်း၌ ဆုံးစမဲ့ ကောင်းချီးမင်္ဂလာနှင့် ဆိုင်သော ထာဝရ အမွေတော်ကို ကိုယ်တော် ပေးသနားတော်မူမည့်အကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။